# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၃၆၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရခိုင်ပြည်နယ်တွင် ရေချိုပုစွန်သားဖောက်စခန်းဖွင့်မည် ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန်ရည်မှန်း

**စစ်တွေ စက်တင်ဘာ ၂၉**

အခြေခံစားသောက်ကုန်တွင် အဓိကပါဝင်လျက်ရှိသော ငါး၊ ပုစွန် ရေရှည် စားသုံးနိုင်ရန်နှင့် ပြည်ပပို့ကုန် နိုင်ငံခြားဝင်ငွေရရှိရန် နိုင်ငံတော်က သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် ရေချိုပုစွန်သားဖောက်စမ်းသပ်မှု အောင်မြင်သောကြောင့် ရေချိုပုစွန်သားဖောက်စခန်း ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

ရေချိုပုစွန်သားဖောက်ခြင်းသည် လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်ရှိသော်လည်း ရခိုင်ပြည်နယ် ကုလားတန်မြစ်နှင့် ဆက်စပ်လျက်ရှိသည့် ကျောက်တော်နှင့် ပုဏ္ဏားကျွန်းတစ်ဝိုက်မှ ထွက်ရှိသော ရေချိုပုစွန်မှာ အရောင်အသွေးလှပပြီး အကောင်ကြီးသည့်အပြင် အရသာကောင်းမွန်သောကြောင့် အဆိုပါမျိုးစိတ် ရေရှည်တည်တံ့နိုင်ရန်နှင့် ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ရည်မှန်း၍ ရေချိုပုစွန်သားဖောက်စခန်း ဖွင့်လှစ်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာ၌ ရေငန်ပုစွန်မွေးမြူရေးကန်ကို တွေ့ရစဉ်။

## လာမည့်နွေရာသီတွင် လှော်ကားရေလှောင်ကန်မှတစ်ဆင့် ရန်ကုန်မြို့နေပြည်သူများအား သောက်သုံးရေဖူလုံစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၉

လှိုင်မြစ်- လှော်ကား ရေအားဖြည့်စီမံကိန်းသည် ရန်ကုန်မြို့နေပြည်သူများသို့ အဓိက သောက်သုံးရေပေးဝေလျက်ရှိသည့် လှော်ကားရေလှောင်ကန်ကြီးကို ရေသိုလှောင်မှုပမာဏ မလျော့ကျစေရေးအတွက် မှော်ဘီမြို့နယ် ကန်ကလေး လျှပ်စစ်မြစ်ရေတင် PS1 နှင့် PS2 မှ လှိုင်မြစ်ရေကို ရယူပြီး ဖူးကြီးရေလှောင်ကန်မှ လှော်ကားရေလှောင်ကန်သို့ ရေဖြည့်တင်းလျက်ရှိသည့် အချင်း ၆၀ လက်မရှိ သံဖြူကွန်ကရစ်ရေပို့ပိုက်လိုင်းသို့ 1600mm HDPE ပိုက်ကို ချိတ်ဆက်၍ လှော်ကားရေလှောင်ကန်သို့တစ်နေ့လျှင် ရေဂါလန်သန်း ၆၀ ဖြည့်တင်းပေးမည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းအား ၂၀၂၁ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် မတ်လကုန်တွင်ပြီးစီးရန် လျာထားသော်လည်း မတ်လတွင် ရေအားစတင်ဖြည့်ပေးနိုင်ရေးအတွက် ဖေဖော်ဝါရီလအတွင်း လုပ်ငန်းများပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ ဆောင်ရွက်နေသော အကျယ်အဝန်း ၅၆၀၁၈၂ စတုရန်းပေနှင့် အနက် ၁၀ ပေရှိ မြေသားအကြိုအနည်ထိုင်ကန် တည်ဆောက်ခြင်း ၁၀၀ ရာခိုင်နှုန်း၊ 1600 mm HDPE ပိုက်လိုင်းအရှည် ၃ ဒသမ ၂ မိုင် ဆက်သွယ်ခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း၊ ရေတွန်းစက်ရုံနှင့် ရေယူအဆောက်အအုံ၊ ရေယူဂိတ်တံခါးများ

*စာမျက်နှာ ၁၂ ကော်လံ ၁* ❁

ယနေ့ ဖတ်စရာ

လူမှုဘဝဖွံ့ဖြိုးဖို့ ပန်းခင်းလမ်းအတိုင်း လျှောက်လှမ်းစို့
ဆောင်းပါး စာ - ၆

သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရှယ်မရွေးပါဝင်ကြ
ဆောင်းပါး စာ - ၁၀

သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ဆက်လက်ဆောင်ရွက်
ပြည်တွင်းသတင်း စာ - ၁၂

အမေရိကန်၏ အာဖဂန်ကယ်တင်ရေးလုပ်ငန်းစဉ် ဖရိုဖရဲဖြစ်မှု ဗိုလ်ချုပ်ကြီးများအား မေးခွန်းထုတ်စရာဖြစ်လာ
နိုင်ငံတကာရေးရာ စာ - ၁၄

မြန်မာ့အလင်း

# သက်ကြီးရွယ်အိုနှင့် ဒစ်ဂျစ်တယ်ကမ္ဘာ

မျက်မှောက်ခေတ်သည် အိုင်တီခေတ်ဖြစ်သည်။ သတင်းအချက်အလက်နည်းပညာသည် လူတိုင်းရှောင်လွှဲ၍ မရနိုင်အောင် နေ့စဉ်ဘဝများ၌ တစ်သားတည်းဖြစ်နေသောခေတ်ဟု ဆိုရမည်။ ကွန်ပျူတာ၊ အင်တာနက်၊ မိုဘိုင်းဖုန်းစသည့် နည်းပညာများနှင့် နည်းပညာဆိုင်ရာပစ္စည်းများကို လူတိုင်း သုံးစွဲနိုင်ရန်မှာ တစ်ခေတ်တစ်ခါက လူတိုင်းစာတတ်မြောက်ရေးကဲ့သို့ပင် အရေးကြီးလိုအပ်သည်။ လူတိုင်းစာတတ်မြောက်ရေး အရေးကြီးသကဲ့သို့ပင် ဒစ်ဂျစ်တယ်တတ်မြောက်ရန်၊ ကျွမ်းကျင်ရန်လည်း အရေးကြီးသည်။ အိုင်တီခေတ်တွင် ဒစ်ဂျစ်တယ်တတ်မြောက်ကျွမ်းကျင်မှသာ အများနှင့် ရင်ပေါင်တန်း၍ ရှင်သန်နိုင်မည်ဖြစ်သည်။

မိမိတို့၏ နေ့စဉ်ဘဝများတွင် လူမှုကွန်ရက်များက အပြန်အလှန်ဆက်သွယ်နိုင်သည့် လမ်းမများဖြစ်လာသည်။ လူမှုကွန်ရက်များမှပင် သတင်းအချက်အလက်များရယူ၊ ဖြန့်ဝေကြသည်။ အလုပ်တူသူ၊ ဝါသနာတူသူများအချင်းချင်း သင်းပင်းအုပ်စုဖွဲ့စည်းကာ အတွေ့အကြုံများ၊ ပညာရပ်များ အပြန်အလှန်ဖလှယ်ကြသည်။ အလုပ်အကိုင်ရှာဖွေသူများတွင်လည်း ဘွဲ့လက်မှတ်တစ်ခုအပြင် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားနှင့် လက်တွေ့ကျွမ်းကျင်မှုတို့လည်း မရှိမဖြစ်လိုအပ်လာသည်။ ဈေးဝယ်ရာ ဈေးရောင်းရာတွင်လည်းကောင်း၊ လေယာဉ်လက်မှတ်၊ ကားလက်မှတ်ဝယ်ယူရာတွင်လည်းကောင်း၊ အလုပ်အကိုင်ရှာဖွေရာတွင် လည်းကောင်း၊ အလုပ်သမား ရှာဖွေရာတွင် လည်းကောင်း၊ ပညာရပ်အမျိုးမျိုး သင်ကြားသင်ယူရာတွင် လည်းကောင်း၊ အနုပညာဖန်တီးမှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး အစရှိသမျှသော လူ့အရေးအရာဟူသမျှ အားလုံးတို့တွင် ဒစ်ဂျစ်တယ်က မပါမဖြစ်၊ မသိမတတ်၍ မရသောခေတ်ကို မိမိတို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

ဤတွင် ဒစ်ဂျစ်တယ်တတ်မြောက်မှု ကွာဟချက်က ပြဿနာတစ်ခုဖြစ်သည်။ လူငယ်လူရွယ်များအတွင်း ဒစ်ဂျစ်တယ်နားလည်တတ်ကျွမ်းမှုက ခေတ်နှင့်တစ်သားတည်းဖြစ်ပြီး မြင့်လည်းမြင့်မားကြသည်။ ကောင်းစွာတတ်မြောက်ကြသလို ထိထိရောက်ရောက်လည်း အသုံးချနိုင်စွမ်းရှိကြသည်။ ကောင်းစွာမတတ်မြောက်၍ အသုံးမချနိုင်ကြသူများမှာ လူကြီးများ၊ သက်ကြီးရွယ်အိုများဖြစ်သည်။ ၎င်းတို့၏ ငယ်စဉ်ဘဝ ပညာသင်ကြားခဲ့ရသည့်အချိန်တွင် အိုင်တီနည်းပညာများသည် ယခုခေတ်ကဲ့သို့ မမြင့်မားသေးသလို လူတိုင်း၏ နေ့စဉ်ဘဝများဆီသို့ ရောက်မလာသေးသည့် အချိန်ကာလဖြစ်သည်။ ငယ်စဉ်က မရင်းနှီးခဲ့သော နည်းပညာများက အသက်ကြီးရင့်သည့်အချိန်မှ မိမိတို့၏ပတ်ဝန်းကျင်သို့ ရောက်လာသောအခါ အလှမ်းဝေးသည့်ပညာရပ်များဖြစ်သွားပြီး အသုံးမချတတ်ခြင်း၊ စိတ်လည်း မဝင်စားတော့ခြင်းဖြင့် ဒစ်ဂျစ်တယ်ကမ္ဘာတွင် သက်ကြီးရွယ်အိုတို့ နောက်ကျကျန်နေခဲ့ရသည်။

မိမိတို့နိုင်ငံတွင် အသက် ၆၀ နှင့်အထက် လူဦးရေမှာ လေးသန်းခွဲကျော်ရှိကြောင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ သိရှိရသည်။ ယင်းလူဦးရေက နှစ်စဉ်ပျမ်းမျှ ၂ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်ဟုလည်း ခန့်မှန်းတွက်ချက်ထားသည်။ မြန်မာနိုင်ငံ၏ သက်ကြီးရွယ်အိုအများစုမှာ ကျေးလက်များမှာထက် မြို့ပြများတွင် ရှိနေသည်ဟုလည်း ဆိုသည်။ အသက်အရွယ်အရ ဝင်ငွေရှာဖွေသည့် လုပ်ငန်းခွင်များ၏ ပြင်ပသို့ ရောက်နေခြင်း၊ ကျန်းမာကြံ့ခိုင်မှုလျော့ပါးလာခြင်း၊ လူမှုရေးအရ အထီးကျန်ဆန်သည့် အခြေအနေသို့ ရောက်ရှိနေခြင်း၊ ဆင်းရဲမွဲတေခြင်းစသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် သက်ကြီးဘိုးဘွားတို့မှာ ဒစ်ဂျစ်တယ်နည်းပညာများနှင့် အလှမ်းဝေးနေကြရသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်မှာ "သာတူညီမျှ ဒစ်ဂျစ်တယ်ကမ္ဘာ သက်ရွယ်မရွေးပါဝင်ကြ" (Digital Equity For All Ages) ဟူ၍ဖြစ်ရာ ခေတ်ကာလအခြေအနေကို ထင်ဟပ်ပြီး သက်ကြီးဘိုးဘွားတို့၏ လိုအပ်ချက်ကို ဖော်ပြနေခြင်းလည်းဖြစ်သည်။ သက်ကြီးရွယ်အိုများသည် လူ့လောကကို ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများရှိသောသူ၊ လောကအတွက် တစ်နည်းနည်း အကျိုးပြုခဲ့သူများဖြစ်သော်လည်း လျင်မြန်စွာတိုးတက်နေသည့် ဒစ်ဂျစ်တယ်ကမ္ဘာတွင်မူ နောက်ကျနေရသူများဖြစ်ရာ အဘိုးအဘွားများ မျက်မှောက်ခေတ်နှင့် အံဝင်ခွင်ကျရှင်သန်နေထိုင်နိုင်ရေး၊ ဒစ်ဂျစ်တယ်ကမ္ဘာတွင် လူငယ်များနည်းတူ ပါဝင်နိုင်ရေးအတွက် လက်တွဲကူညီ ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ တင်တင်ကျော် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသိန်းလွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသ<br>ဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>သမဝါယမနှင့်<br>ကျေးလက်ဖွံ့ဖြိုးရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသ<br>ဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>သမဝါယမနှင့်<br>ကျေးလက်ဖွံ့ဖြိုးရေး<br>ဝန်ကြီးဌာန |
| (ခ) | ဦးဝင်းလှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်<br>မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်<br>မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

### ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၂၉ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီခြောက်ခုမှ Vitamin C Tablets ၅၂၆၉ ခု၊ Rapivast Tablet ၁၉၉၁ ခု၊ Cholecalciferol Chewable Tablet ၁၁၈ ခု၊ Urixokind Tablet ၃၄ ခု၊ Cardivas Tablet ၅၀၄၀၊ Mono-trate OD Tablet ၁၉၉၅ ခု၊ Delsia Tablets ၄၀၄၆ ခု၊ Dronis Tablet ၂၉၁၂ ခု၊ Zefopenam Powder For InJ: ၅၀၄၀။

### ရန်ကုန်ဆိပ်ကမ်းများ

ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Mask ၂၇၀၀၊ Oxygen Cylinder ၁၈၉၂ ခု၊ Nasal Cannula ၆၅၀၀၊ Oxygen Plant သုံးခု၊ Oxygen Regulator ၂၃၇၀၊ Oxygen Concentrator ၂၈၀ နှင့် ဆေးဝါးမျိုးစုံ ၁၁၁ မျိုး ၂၃၉၂၅၄.၁၆၇ Kg ။

နယ်စပ် (မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ကျိုင်းတုံ) တွင် ကုမ္ပဏီ ၁၀ ခုတို့မှ Oxygen Concentrator ၁၂၁ ခု၊ Mask ၃၄၅၁.၅ Kg၊ Liquid Oxygen ၁၄၅၄၀.၂၃ $m^3$၊ Oxygen Plant လေးခု၊ Isolation Gown ၁၀၇၅ Kg၊ Face Shield ၅၅၉ Kg၊ Goggle ၆၂၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



### ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၉-၉-၂၀၂၁)ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Supportive** | | | | |
| 1 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 2 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 3 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 4 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 5 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 6 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 7 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 8 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 9 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 10 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

## ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု ၊ သွင်းအားစုများ ရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီ အောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ် စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# နိုင်ငံခြားသုံးငွေ လဲလှယ်နှုန်း မြင့်တက်လျက်ရှိပြီး ဈေးနှုန်းအမျိုးမျိုးဖြစ်ပေါ်နေမှုကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်အစိုးရက ထိရောက်စွာကူညီဖြည့်တင်း ဖြေရှင်းဆောင်ရွက်ပေးမည့်နည်းလမ်းများကို ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။**

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အထူးဖိတ်ကြားထားသူများဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ပကုန်သွယ်မှုလုပ်ငန်း ဆိုင်ရာအခြေအနေများ၊ ဈေးကွက်အတွင်း နိုင်ငံခြားသုံးငွေ အဆင်ပြေစွာ စီးဆင်းလည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဘဏ်များသို့ နိုင်ငံခြားသုံးငွေ ရောင်းချပေးမှုအခြေအနေများ၊ ပြည်ပပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ထားရှိမှု ကိစ္စများ၊ ပြည်ပပို့ကုန်ရငွေများ လက်ဝယ်ကိုင်ဆောင်နိုင်မှု အချိန်ကာလသတ်မှတ်ချက်များ၊ ပြည်ပပို့ကုန်မြှင့်တင်ရေး နည်းလမ်းများနှင့် နိုင်ငံခြားသုံးငွေ ငွေလဲလှယ်နှုန်း လက်ရှိအချိန်တွင် မြင့်တက်လျက်ရှိပြီး ဈေးနှုန်းအမျိုးမျိုး ဖြစ်ပေါ်နေမှုကို ဖြေရှင်းနိုင်ရန်နှင့် ငွေကြေးတည်ငြိမ်မှုရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ထိရောက်စွာ ကူညီဖြည့်တင်းဖြေရှင်းဆောင်ရွက်ပေးမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

❑ *ရှေ့ဖုံးမှ*

"ကျောက်တော်၊ ပုဏ္ဏားကျွန်း တစ်ဝိုက်က ရေချိုပုစွန်ဟာ အရောင်လှသလို အကောင်လည်းလှတယ်၊ အရသာလည်းရှိတယ်။ ဒီမျိုးစိတ်ကို ဆက်ပြီး ထိန်းသိမ်းသွားဖို့ လိုတယ်။ စမ်းသပ်ဖောက်တဲ့အခါမှာ အောင်မြင်ပြီး ပြည်ပပို့ကုန်တန်းဝင်တာကြောင့် မြန်မာပြည်အောက်ပိုင်းက ပုစွန်နဲ့မတူတဲ့ မျိုးစိတ်ကို ပုစွန်သားဖောက်စခန်းတစ်ခု ဖွင့်လှစ်ဖို့ ကြိုးပမ်းနေတယ်။ ရခိုင်ပြည်နယ်မှာ ရေချိုပုစွန်သားဖောက်လုပ်ငန်း စမ်းသပ်သုတေသနပြုဖို့ တင်ပြတဲ့အခါမှာ ခွင့်ပြုတဲ့အတွက် ဇွန်လကနေ ဩဂုတ်လအထိ ပုဏ္ဏားကျွန်းက ရေချိုပုစွန်တုပ်မျိုးကို ယူပြီး ဖောက်တာ အောင်မြင်ခဲ့တယ်။ ပြည်နယ်ဝန်ကြီးက ရေချိုပုစွန်သားပေါက် အမြဲတမ်းရနိုင်ဖို့ ကျောက်တော်မှာ သားဖောက်စခန်းအသစ် တစ်ခုအတွက် ဆာဗေးလုပ်ဖို့ ညွှန်ကြားခဲ့တာကြောင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိစေမယ့် ရေချိုပုစွန် သားဖောက်စခန်းတစ်ခု ဖွင့်လှစ်နိုင်ဖို့ ကြိုးပမ်းနေပါတယ်"ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသက်ဦးက ပြောသည်။



**ရခိုင်ပြည်နယ်မှထွက်ရှိသော ပြည်ပဈေးကွက်ဝင် ရေချိုပုစွန်များအား အရည်အသွေး စစ်ဆေးနေစဉ်။**

ရခိုင်ပြည်နယ်တွင် ရေငန်ပုစွန်သားဖောက် ထုတ်လုပ်ရေးစခန်းအဖြစ် စစ်တွေ၊ ပေါက်တောနှင့် ကျောက်ဖြူတို့ ရှိပြီး နှစ်ကြာသည်နှင့်အမျှ ထုတ်လုပ်မှု ကျဆင်းလာရာ ကျောက်ဖြူ ရေငန်ပုစွန် ထုတ်လုပ်ရေးကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ပြန်လည်မြှင့်တင်ခဲ့သည်။ စစ်တွေမြို့ရှိ ရေငန်ပုစွန်ထုတ်လုပ်ရေးတွင် ထိုင်းနိုင်ငံ ကုမ္ပဏီတစ်ခုနှင့် MoU လက်မှတ်ထိုး ဆောင်ရွက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် လုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့၍ လုပ်ငန်းသက်တမ်းတိုးအတွက် MoU လက်မှတ်ထိုးခဲ့သည်။ ပေါက်တောမြို့ရှိ ရေငန်ပုစွန် ထုတ်လုပ်ရေးစခန်းသည် ပင်လယ်၏ လှိုင်းရိုက်ခတ်မှုများသော နေရာတွင် တည်ရှိပြီး သဘာဝဒဏ်ခံရသည့်အတွက် နှစ်စဉ်ထုတ်လုပ်မှု စရိတ်မြင့်မားကာ ထွက်ရှိမှုနည်းပါးသောကြောင့် လာမည့်ဘဏ္ဍာနှစ်တွင် စစ်တွေမြို့ အောင်တိုင်ကျေးရွာသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် စီမံထားကြောင်း သိရသည်။

နှစ်စဉ်ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုကြောင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများဖြစ်ကာ ပင်လယ်ပြင်ရေထွက်ကုန်ရရှိမှု လျော့နည်းလာသလို စိုက်ပျိုးရေးတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများ ပင်လယ်ပြင်နှင့် မြစ်ချောင်းအတွင်းရောက်ရှိပြီး သဘာဝပတ်ဝန်းကျင်နှင့် ရေသယံဇာတ ထိခိုက်မှုကြောင့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ပွားနှုန်းကို ထိခိုက်စေလျက်ရှိသည်။ ရေခံမြေခံကောင်းသော မြန်မာနိုင်ငံအတွင်း၌သာမှ ပညာရှင်များကိုယ်တိုင် ရေငန်ဒေသ၌ ရေချိုပုစွန်သားဖောက်ထုတ်လုပ် မွေးမြူနိုင်ခြင်းသည် လုံခြုံစိတ်ချရသော တန်ဖိုးမြင့် ရေထွက်ကုန် ထုတ်လုပ်နိုင်မှုကို နိုင်ငံအတွက် ပိုင်ဆိုင်နိုင်ခြင်းဖြစ်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ပုစွန်သားဖောက် စခန်းများစွာ ပေါ်ထွန်းလာရန် ကြိုးပမ်းလျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိနေ






ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း (၁၅) ကြိမ်မြောက် အာဆီယံ ဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး (15th AMMTC)သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

အာဆီယံ၏ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC) မဏ္ဍိုင်မှ (၁၅) ကြိမ်မြောက် အာဆီယံ ဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး ဆိုင်ရာ အစည်းအဝေး(15th AMMTC)နှင့် ဆက်စပ် အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အိမ်ရှင် နိုင်ငံအဖြစ် ဦးဆောင်ကျင်းပသည်။

အစည်းအဝေးတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dato Paduka Haji Awang Halbi bin Haji Mohd Yussof က သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားသည်။

### အမြင်ချင်းဖလှယ်

ထို့နောက် အာဆီယံအထွေထွေအတွင်းရေးမှူး ချုပ် H.E. Dato Lim Jock Hoi က အာဆီယံဒေသတွင်း လတ်တလောဖြစ်ပေါ်တိုးတက်မှုများနှင့် အာဆီယံ မူဘောင်များနှင့် ကိုက်ညီ၍ AMMTC လုပ်ငန်းစဉ် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ဝန်ကြီး များက နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဖြစ်ပေါ်လာသော ဒေသတွင်းမှုခင်းပြဿနာများနှင့် တားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

### အကြံပြုဆွေးနွေး

မြန်မာနိုင်ငံ AMMTC ခေါင်းဆောင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ် ကြီး စိုးထွန်းက နိုင်ငံဖြတ်ကျော်မှုခင်းများ နယ်ပယ် တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍ၌ အကြမ်း ဖက်မှု ကျူးလွန်နိုင်သည့် အခွင့်အရေးမရှိစေရေး၊ အကြမ်းဖက်ဝါဒ အမြစ်ပြတ်အောင် ရှင်းလင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှုများ၊ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုများနှင့် လူကုန်ကူးမှုခင်းများသည် ချိတ်ဆက်မှုများရှိနေသဖြင့် တားဆီးနှိမ်နင်းရေးတွင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း နယ်စပ်စီမံခန့်ခွဲမှုနှင့် သတင်းအချက် အလက်ဖလှယ်မှုများ ထိရောက်မှုရှိအောင် တိုးမြှင့် ဆောင်ရွက်နိုင်ရေး၊ ဆိုက်ဘာမှုခင်း တိုက်ဖျက်ရေး တွင် နည်းပညာတိုးတက်လာမှုကြောင့် သတင်းမှား များသည် သတင်းမှန်များထက် သိသိသာသာ လျင်မြန်စွာကျယ်ပြန့်နေသဖြင့် အစွန်းရောက်အတွေး အခေါ်များ တိုးတက်ဖြစ်ပေါ်နေကြောင်း၊ ဆိုက်ဘာ နယ်ပယ် Digital Platform တွင် အကြမ်းဖက်မှုကို လှုံ့ဆော်ရန် ပိုမိုလွယ်ကူလာသဖြင့် အာဆီယံဒေသ တွင်း ဆိုက်ဘာနယ်ပယ်လုံခြုံရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ် ချမှတ် အကောင်အထည်ဖော်ရေးတို့နှင့် စပ်လျဉ်း၍ လည်း ကောင်း၊ ဒေသတွင်း နိုင်ငံများအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေး နယ်ပယ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ များ၏ Share Responsibility ကို အခြေခံ၍ ဆောင်ရွက်ရေး၊ မှုခင်းဆိုင်ရာ သတင်းအချက်အလက် ဖလှယ်မှု ပိုမိုမြှင့်တင်နိုင်ရေးတို့နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အသိုက်အဝန်းထူထောင်မှုလုပ်ငန်းစဉ် အောင်မြင် ရေးတွင် ထမ်းဆောင်ရမည့်တာဝန်၊ ကျေပွန်ရမည့် ဝတ္တရားများကို အထူးအလေးထား မျှဝေထမ်းဆောင် သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိနေပါကြောင်း ပြောကြားသည်။

### ပူးတွဲကြေညာချက်တို့ကို အတည်ပြု

15th AMMTC စုံညီအစည်းအဝေးတွင် နယ်စပ် ဒေသစီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတရားစာတမ်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကြေညာချက်နှင့် (၁၅)ကြိမ်မြောက် အာဆီယံဝန်ကြီး အဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး ဆိုင်ရာ ပူးတွဲကြေညာချက်တို့ကို အတည်ပြုကြပြီး စက်တင်ဘာ ၃၀ ရက်တွင် AMMTC ၏ ဆက်စပ် အစည်းအဝေးများဖြစ်သည့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယား သုံးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး၊ တစ်နိုင်ငံချင်းစီနှင့် သီးခြားပြုလုပ်မည့် အစည်းအဝေးများနှင့် စပ်လျဉ်း၍အတည်ပြုကြကာ AMMTC စုံညီအစည်းအဝေး ပထမနေ့ကို ရုပ်သိမ်းခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ပတင်ပို့မည့် အေးခဲငါးထွက်ကုန်များတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ပါဝင်မှုမရှိစေရေးအတွက် RT-PCR စက်ဖြင့် စစ်ဆေးနိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ အနေဖြင့် အာဟာရပြည့်ဝရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေး ကို အလေးထား ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်ပပို့ကုန်များ အတွက် ဈေးကွက်က သတ်မှတ် ထားသော စံချိန်စံညွှန်းပြည့်မီရေး၊ FAO, WHO နှင့် GACC တို့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် သက်ဆိုင်သည့် ကန့်သတ်ချက်များ၊ ပို့ကုန်ပစ္စည်း များ ထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်လျှောက်၏ လုပ်ငန်းခွင် အတွင်း လိုက်နာကျင့်သုံးရမည့် လမ်းညွှန်ချက်များနှင့် အညီ တိကျစွာ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်း၏ အရည်အသွေး ကို အာမခံချက်ကောင်းပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ယနေ့ ညနေပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ် ဖြင့် ကျင်းပသည့် ရေထွက်ပစ္စည်း များ တင်ပို့သည့် လုပ်ငန်းရှင်များ နှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်း အနားတွင် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ဆွေးနွေး ပြောကြား သည်။ **(အပေါ်ပုံ)**



ဆွေးနွေးပွဲသို့ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိ သူများ လုပ်ငန်းရှင်များ တက် ရောက် ဆွေးနွေးကြသည်။

ပြည်ပတင်ပို့မည့် အေးခဲငါး ထွက်ကုန်များတွင် ကူးစက်ရောဂါ ပါဝင်မှုမရှိစေရေးအတွက် ငါးတင် ငါးချ ဆိပ်ကမ်းများ ၊ စက်ရုံများရှိ အလုပ်သမားများနှင့် ပစ္စည်း ထုပ်ပိုးသည့် ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအဖြစ် Rapid Test-kit ဖြင့် စစ်ဆေး၍ မှတ်တမ်းများ ထားရှိ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အကောက်ခွန် အထွေထွေ အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ၏ တောင်းဆိုချက်အရ ပိုမို တိကျသည့် RT-PCR စက်ဖြင့် စစ်ဆေးပေးနိုင်ရန် လိုအပ်လျက် ရှိရာ RT-PCR စက်ကို လုပ်ငန်းရှင် များ၏ ကူညီဆောင်ရွက်မှုဖြင့် ဝယ်ယူနိုင်ရေးနှင့် ရောဂါစစ်ဆေး ခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီး ဌာနက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် ယနေ့ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

---

# ဘူးသီးတောင်မြို့၌ (၅၇)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဘူးသီးတောင် စက်တင်ဘာ ၂၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၇)နှစ်မြောက် မြန်မာ နိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘူးသီးတောင် မြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၇ နာရီက လမ်းမဘုန်းတော် ကြီးကျောင်းဝင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်း သန့်ရှင်းရေး ပြုလုပ်ကြသည်။ **(အောက်ပုံ)**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝေဖြိုးဦး ဦးဆောင်၍ မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မြင့်သူနှင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၂ ဦးက လမ်းမဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များ ခုတ်ထွင်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ပြုလုပ် ခဲ့ကြကြောင်း သိရသည်။

**လှကျော်( ပြန် /ဆက်)**



# စည်းလုံးညီညွတ်ပြီး တုံ့ပြန်မှုအားကောင်းသော အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး၌ မြန်မာနိုင်ငံက ဆက်လက်ပါဝင်ကူညီသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၁ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံက ကြီးမှူးကျင်းပသည့် အာဆီယံ လူမှုရေး - ယဥ်ကျေးမှု အသိုက်အဝန်းဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

### ပါဝင်တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဥ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဝန်ကြီးဖြစ်သူ သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဥ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီး ဦးအောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်ရှိ သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ကြသည်။

### ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ယဥ်ကျေးမှု၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Dato Haji Aminuddin က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဥ် ၂၀၂၁ ခုနှစ်အတွင်း ချမှတ်ထားသော Theme ဖြစ်သည့် We Care, We Prepare, We Prosper ဟူသည့် ဆောင်ပုဒ်နှင့်အညီ အာဆီယံပြည်သူများအကြား ဒေသတွင်း ရင်ဆိုင်နေသည့် စိန်ခေါ်မှုများနှင့် ကွာဟချက်များကို အာဆီယံ လူမှုရေး-ယဥ်ကျေးမှုအသိုက်အဝန်းရှိ အစုအဖွဲ့များက အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ကြသကဲ့သို့ ဆက်လက်၍လည်း တားဆီးကာကွယ်ရေးဆိုင်ရာ ယဥ်ကျေးမှု(Culture of Prevention-CoP)နှင့် အာဆီယံဆိုင်ရာ အတွေးအမြင်များ၊ ကြံ့ကြံ့ခံနိုင်မှုရှိခြင်းနှင့် အပြန်အလှန်နားလည်မှုများကို မြှင့်တင်စေရေး အာဆီယံမဟာဗျူဟာမူဝါဒဆိုင်ရာမူဘောင်တို့ကို စဥ်ဆက်မပြတ် ဖွံ့ဖြိုးမှုအားကောင်းစေရေးနှင့် အောင်မြင်မှုရရှိနိုင်ရေး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပါကြောင်း အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေး၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ယဥ်ကျေးမှု၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန် H.E. Mrs. Hajah Nor Ashikin Binti Haji Johari က (၃၁)ကြိမ်မြောက် အာဆီယံ လူမှုရေး- ယဥ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးဆိုင်ရာ အစီရင်ခံစာကို တင်ပြခဲ့သည်။




သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို အာဆီယံ လူမှုရေး - ယဥ်ကျေးမှု အသိုက်အဝန်းဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်စဥ်။

### ဆက်လက်အကောင်အထည်ဖော်

အစည်းအဝေး၌ အာဆီယံ လူမှုရေး - ယဥ်ကျေးမှု အသိုက်အဝန်း၏ ဆောင်ရွက်လျက်ရှိသည့် ရှိရင်းစွဲလုပ်ငန်းများကို ဆန်းသစ်နိုင်ရေး၊ အာဆီယံ မဏ္ဍိုင် ၃ ရပ် အချင်းချင်းကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေရေး ရည်မှန်း၍ အာဆီယံ၏ အနာဂတ်ပြင်ဆင်ထားရှိနိုင်ရေး၊ အာဆီယံ ဒေသအတွင်း ရေရှည်ကြွယ်ဝပြည့်စုံမှု တိုးတက်မြင့်မားစေရေးနှင့် အာဆီယံပြည်သူများအားလုံး၏ ကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အခွင့်အလမ်းများ ဖန်တီးနိုင်ရေးစသည့် မျှော်မှန်းချက်များနှင့်အညီ အာဆီယံ၏ အရေးပေါ် အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များ တုံ့ပြန်မှုများကို ချိတ်ဆက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘန်ဒါဆရီဘီဂါဝန် ကြေညာချက် (Bandar Seri Begawan Declaration)၊ ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း အခြေပြမြေပုံအတွက် အာဆီယံအသိုက်အဝန်း ရည်မှန်းချက်အရ အာဆီယံလူမှုရေး - ယဥ်ကျေးမှု အသိုက်အဝန်းရှိ လုပ်ငန်းအစုအဖွဲ့များ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်း၍ လုပ်ငန်းစဥ်များ တိုးတက်ရေးအားကောင်းစေရန်အတွက် ရည်မှန်းသည့် ဟန္နိုင်းကြေညာချက် (Ha Noi Declaration) အပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

### အာဆီယံ-မဟာဗျူဟာမူဘောင်

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဥ် ၂၀၂၁ ခုနှစ်အတွင်း ဦးစားပေးနယ်ပယ်များဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်ထူထောင်နိုင်ရေးနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့အပြင် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ဖြေရှင်းရေး၊ ဒစ်ဂျစ်တယ်နည်းပညာများနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးအသုံးချမှု ပိုမိုမြင့်မားနိုင်ရေး စသည့်လုပ်ငန်းစဥ်များ ပါဝင်သော Care Economy ဆိုင်ရာမူဘောင်၊ အာဆီယံပြည်သူများအကြား ဒေသဆိုင်ရာ အတွေးအမြင်များ၊ ကြံ့ကြံ့ခံနိုင်မှုရှိခြင်းနှင့် အပြန်အလှန်နားလည်မှုများကို မြှင့်တင်စေရေး အာဆီယံ-မဟာဗျူဟာမူဘောင်တို့ကို ဆွေးနွေးကြသည်။

### ပူးတွဲကြေညာချက်အတည်ပြု

ဆက်လက်၍ လူငယ်များကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် သတင်းမီဒီယာများမှတစ်ဆင့် ယဥ်ကျေးမှုနှင့် ငြိမ်းချမ်းရေး ဖန်တီးတည်ဆောက်ခြင်းကဏ္ဍတို့ကို မြှင့်တင်ပေးရေး၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် အာဆီယံဒေသတွင်း ရာသီဥတုပြောင်းလဲမှုစင်တာ (ASEAN Climate Change Centre)တည်ထောင်ခြင်းအတွက် လုပ်ဆောင်နေသည့် ဒေသတွင်းစီမံချက်များ အသီးသီးတွင် အာဆီယံ လူမှုရေး-ယဥ်ကျေးမှု အသိုက်အဝန်း၏ အစုအဖွဲ့များက ဆောင်ရွက်ချက်များ အောင်မြင်မှုရရှိရေး၊ ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ ကျား/မတန်းတူဖော်ဆောင်ရေး၊ လူမှုရေးဆိုင်ရာလုပ်ငန်း၊ အားကစား၊ လူငယ်ဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက် အသိပညာပေးရေး စသည့် လုပ်ငန်းစဥ်များ ပါဝင်သည့် ပူးတွဲကြေညာချက် (Joint Statement )ကို အတည်ပြုခဲ့ကြသည်။

ထို့နောက် (၃၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်သွင်းရန် အတည်ပြုမည့် မှတ်တမ်းမှတ်ရာ ခုနစ်ခု၊ မှတ်တမ်းတင်မည့်မှတ်တမ်းမှတ်ရာ ၁၉ ခု နှင့် ၂၄ ကြိမ်မြောက် အာဆီယံအပေါင်းသုံးထိပ်သီးအစည်းအဝေးသို့ တင်ပြရန် အတည်ပြုမည့် မှတ်တမ်းမှတ်ရာ တစ်ခုနှင့် (၁၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တင်ပြရန် အတည်ပြုမည့် မှတ်တမ်းမှတ်ရာ တစ်ခု စသည့် လုပ်ငန်းစဥ်တို့ကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဥ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို က ၂၀၂၁ ခုနှစ်၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ ကြိုးပမ်းမှုများနှင့် အောင်မြင်မှုများအတွက် ဂုဏ်ယူပါကြောင်း၊ စည်းလုံးညီညွတ်ပြီး တုံ့ပြန်မှုအားကောင်းသော အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး၌ မြန်မာနိုင်ငံက ဆက်လက်ပါဝင်ကူညီသွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပေးမှုအနေဖြင့် အသက် ၁၈ နှစ်အထက်အတွက် ထိုးနှံရမည့်အကြိမ်ရေ စုစုပေါင်း ၆၈ သန်း ဖြစ်ရာ ၇ ဒသမ ၅ သန်း ထိုးနှံခဲ့ပြီးဖြစ်ပါ၍ လူဦးရေ၏ ၇ ရာခိုင်နှုန်းအား အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံပြီး ဖြစ်ပါကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရရှိစေရေး မျှော်မှန်း၍ ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို အာဆီယံအပါအဝင် ဆွေးနွေးဖက်နိုင်ငံအသီးသီးမှ ပေးပို့လှူဒါန်းမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအတွက် အာဆီယံယဥ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး မူဘောင်နှင့် ရလဒ်များတိုင်းတာမှုတို့ ဆောင်ရွက်နိုင်ရေး နည်းပညာအကူအညီများနှင့် သင်တန်းများပို့ချမှုတို့အတွက် ပံ့ပိုးပေးသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၀၂၂ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံအား ကြိုဆိုဂုဏ်ပြုပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဥ်**

# စပါးမျိုးကွဲများ စနစ်တကျ နုတ်ပယ်ခြင်းဖြင့် မျိုးကောင်းမျိုးသန့်များ ပိုမိုရရှိလာမည်

ကျောင်းကုန်း စက်တင်ဘာ ၂၉

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့် ကျေးရွာ ကွင်းအမှတ် ၃၈၅ ရှိ တောင်သူ ကိုးဦး စိုက်ပျိုးထားသော ဆင်းသုခစပါးမျိုးစေ့ထုတ်စိုက်ခင်း တစ်ကွင်းတစ်စပ်တည်း ဧက ၅၀ ၌ စပါးမျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကို သွားရောက်ကြည့်ရှုသည်။**



အဆိုပါ စပါးမျိုးကွဲများ၊ စပါးပန်းပွင့်ချိန်တွင် စနစ်တကျ နုတ်ပယ်ခြင်းဖြင့် စပါးမျိုးကောင်းမျိုးသန့်များ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ မျိုးသန့်ထုတ်လုပ်ရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ရာ မျိုးကောင်းမျိုးသန့်များအား တောင်သူများ ပိုမိုသုံးစွဲလာနိုင်ပြီး စပါးအထွက်နှုန်းလည်း တိုးတက်လာမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

စပါးမျိုးကွဲ နုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး (တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး) ရဲမှူးကြီး တင်ဇော်ထွန်း၊ တိုင်းဒေသကြီး၊ ခရိုင်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မျိုးသန့်စိုက်ပျိုးသော တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# လူမှုဘဝဖွံ့ဖြိုးဖို့ ပန်းခင်းလမ်းအတိုင်း လျှောက်လှမ်းစို့

မိုးကေနိုင်

အများသူငါ လျှောက်မယ့်လမ်းမှာ ကြဲထားတဲ့ပန်းအလှ ပန်းရနံ့တွေနဲ့ အေးမြခြင်းက ကြည်နူးစရာဖြစ်နေပါလိမ့်မယ်။ ပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးဖို့အတွက်၊ လှပတဲ့အနာဂတ်ပန်းတိုင်ရောက်ဖို့အတွက် လျှောက်ရတဲ့လမ်းမှာခင်းထားတဲ့ ပန်းခင်းကြီးက ဝေဝေဆာဆာနဲ့ သက်ဝင်လှုပ်ရှားနေလေရဲ့။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ တာဝန်ယူခင်းပေးထားတဲ့ပန်းခင်းလမ်းကို အမျိုးမျိုးတင်စားနိုင်ပါတယ်။ ကိုယ်သွားမယ့် ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ ကိုယ်လျှောက်နေတဲ့လမ်းလေးတစ်ခု အဆင်ပြေချောမွေ့စေဖို့ တန်ဆာဆင်ဖန်တီးထားတဲ့ အလှတရားတစ်ခုအနေနဲ့ ပန်းခင်းစီမံချက်ရဲ့ သဘောသဘာဝလေး တစ်ခုကို ခံစားကြည့်ကြပါစို့…

### အခွင့်အလမ်းကောင်းတွေ ပိုင်ဆိုင်တော့မည့် နိုင်ငံသားအခွင့်အရေးတစ်ခု

“နိုင်ငံသားတိုင်းရဲ့အရေးကြီးလှတဲ့ နိုင်ငံသားအခွင့်အရေးတစ်ခုအတွက်၊ ပြည်သူအားလုံးရဲ့ လူမှုဘဝလှပတင့်တယ်ဖို့အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ပန်းခင်းစီမံချက်ဟာ ယခုနှစ်မေလကစပြီး အကောင်အထည်ပေါ်လာနေပါပြီ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၈ ပုဒ်မ ၃၄၆ အရလည်း နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်စေရမည်”လို့ အတိအလင်းဆိုထားတာ တွေ့ရပါလိမ့်မယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ မှီတင်းနေထိုင်ကြတဲ့ မွေးရာပါတိုင်းရင်းသားအားလုံးအနေနဲ့ ကိုယ်ပိုင်နိုင်ငံသားစိစစ်ရေးကတ်တစ်ခု ကိုင်ဆောင်ခွင့်ဆိုတာ နိုင်ငံသားအခွင့်အရေးတစ်ခုဖြစ်ပါတယ်။ လက်လွှတ်မခံသင့်တဲ့ အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ဆိုတာ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်တယ်ဆိုတဲ့ခိုင်မာတဲ့ သက်သေခံအထောက်အထားတစ်ခုပါ။ နိုင်ငံသားဖြစ်ခွင့်ရှိတဲ့ အရည်အချင်းအရ မြန်မာနိုင်ငံသားဖြစ်ကြောင်းဆိုတာ ဒီလိုနိုင်ငံသားစိစစ်ရေးကတ်ရှိမှသာ အသိအမှတ်ပြုခံရတဲ့ သဘောပါပဲ။ ဒါကြောင့် ဥပဒေနဲ့အညီ နိုင်ငံသားအရည်အချင်း ပြည့်မီတဲ့ တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်းဟာ နိုင်ငံသား ဖြစ်မှု/ ဧည့်နိုင်ငံသားဖြစ်မှု/ နိုင်ငံသားပြုခွင့်ရမှုစသည်ဖြင့် ဥပဒေနှင့်အညီ သက်သေခံကတ်တစ်ခုခုတော့ ကိုင်ဆောင်ထားသင့်ပါတယ်။ နိုင်ငံသားဖြစ်တည်မှုဆိုပြီး အမျိုးမျိုး ရှိနေရတာက မွေးရာပါတိုင်းရင်းသားမဟုတ်ပေမယ့် တည်ဆဲဥပဒေတွေအရ နိုင်ငံသားအရည်အချင်း ပြည့်မီတဲ့ နိုင်ငံသားများလည်း နိုင်ငံအတွင်းမှာ နေထိုင်နေကြလို့ ဖြစ်ပါတယ်။ ထိုသူတို့အတွက်လည်း အသိအမှတ်ပြုကတ်တစ်ခုခုကို ပိုင်ဆိုင်ထားကြတော့မယ့် အခွင့်အရေးတစ်ခု ငါတို့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာနေပြီဖြစ်တယ် ဆိုတာကို နားလည်သိရှိစေလိုပါတယ်။

### အချုပ်အခြာအာဏာပိုင်အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခွင့်ရပါပြီ

ထို့အတူပါပဲ မိမိဟာ မိသားစုဝင်တစ်ဦးဦး ဖြစ်နေတယ်ဆိုရင် ထိုအိမ်ထောင်စုဝင်စာရင်းထဲမှာ ပါကိုပါရမှာ ဖြစ်ပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်းလည်း ရှိရမှာဖြစ်ပါတယ်။ ဒါဟာလည်း နိုင်ငံသားတစ်ဦးရဲ့ အခွင့်အရေးတစ်ခုပါပဲ။ အိမ်ထောင်စုစာရင်းမှာပါတယ်ဆိုတဲ့ အထောက်အထားဟာ ထိုမိသားစုဝင်အဖြစ် အသိအမှတ်ပြုခြင်းဆိုတဲ့ သက်သေခံတစ်ခုပါပဲ။ ကိုယ်က အိမ်ထောင်စုဝင်ဖြစ်တယ်ဆိုရင် နိုင်ငံသားစိစစ်ရေးကတ်လိုပဲ တစ်သက်လုံးကိုင်ဆောင်ထားရမယ့် အရေးကြီးတဲ့အထောက်အထားများ ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံသားစိစစ်ရေးကတ်ရော၊ အိမ်ထောင်စုလူဦးရေစာရင်း အထောက်အထားရော နှစ်ခုစလုံးဟာ မိမိဘဝအတွက် တကယ်ကို အရေးပါကြောင်း ဆိုပါရစေ။ ပန်းခင်းစီမံချက်ကြောင့် ကိုယ့်မွေးဖွားရာဇာတိနယ်မှာနေတဲ့သူအတွက်ရော၊ ရွှေ့ပြောင်းနေထိုင်သူအတွက်ပါ အိမ်ထောင်စုစာရင်းနဲ့အတူ စိစစ်ရေးကတ်ဖြစ်ဖြစ်၊ ကိုင်ဆောင်သက်သေခံလက်မှတ်တစ်ခုခုဖြစ်ဖြစ် ပိုင်ဆိုင်ကြတော့မှာမို့ အားလုံးအတွက် အဆင်ပြေ

> ❑ **မရှိမဖြစ်အရေးပါတဲ့ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုလုပ်ဖို့ လုပ်မယ့်သူကိုယ်တိုင် ဖြည့်ဆည်းပေးရမယ့်အချက်တွေလည်း ရှိလာပြန်ပါတယ်။ လုပ်မယ့်သူရဲ့လိုင်စင်ဓာတ်ပုံ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနဲ့မိတ္တူ၊ မိဘနှစ်ပါးရဲ့ မှတ်ပုံတင်မိတ္တူ၊ အသက်အထောက်အထားအတွက်တော့ မွေးစာရင်း ဒါမှမဟုတ် ကျောင်းထောက်ခံချက် လိုအပ်ပါတယ်။ ရပ်ကွက်တွင်း နေထိုင်ကြောင်း ထောက်ခံချက်နဲ့အတူ သွေးအမျိုးအစားလည်း လိုအပ်လာမှာ ဖြစ်ပါတယ်**

သွားကြတော့မှာလည်း ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံသားစိစစ်ရေးကတ်တစ်ခု ပိုင်ဆိုင်ပြီး နိုင်ငံသားတစ်ဦးအဖြစ် အသိအမှတ်ပြုခံရခြင်းဟာ ဒီနိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင် အစိတ်အပိုင်း တစ်ခုအဖြစ်နဲ့ ပါဝင်ခွင့်ရလိုက်တဲ့သဘောဆိုတာ သိစေလိုပါတယ်။

### ဒီမိုကရေစီလမ်းကြောင်းကို စည်းကမ်းနှင့်အညီ ချီတက်နိုင်ရေးရည်ရွယ်

မွေးရာပါတိုင်းရင်းသားတစ်ယောက်ရဲ့ အခွင့်အရေးနဲ့ နိုင်ငံသားတစ်ယောက်ရဲ့ နိုင်ငံသား အခွင့်အရေးများအတွက် အထောက်အကူပြုနေတဲ့ အာမခံချက်တစ်ခုအနေနဲ့ ပန်းခင်းစီမံချက်ဟာ ပေါ်ထွက်လို့လာနေပါပြီ။ တစ်နှစ်ခွဲခန့်ကြာမယ့် ဒီစီမံချက်ကြီးဟာ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ လုပ်ငန်းကြီးတစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်၊ အသိအမှတ်ပြုမှုတစ်ခုခုနဲ့ အိမ်ထောင်စုစာရင်းမရှိသေးတဲ့ပြည်သူများအတွက် အရေးတကြီးအကောင်အထည်ဖော်နေတဲ့ စီမံချက်တစ်ခုလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် **ရွေးကောက်ပွဲမှာ မှတ်ပုံတင်မရှိဘဲ မဲပေးခဲ့ကြတဲ့ မဲဆန္ဒရှင်အရေအတွက်ဟာ ၄ ဒသမ ၈၇ သန်း ရှိခဲ့တဲ့အတွက်ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့လမ်းညွှန်ချက်အရ ပေါ်ပေါက်လာတဲ့ စီမံချက်တစ်ခုဖြစ်ပါတယ်။ ယခုကာလဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနဲ့အညီ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ကာလတစ်ခုဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နဲ့အညီ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးဖို့ အခိုင်အမာ ကတိစကားဆိုထားပြီးလည်း ဖြစ်ပါတယ်။ အဓိကက ပြည်သူများ ဒီမိုကရေစီလမ်းကြောင်းကို စည်းကမ်းနဲ့အညီ သွားနိုင်ရေးအတွက် ရည်ရွယ်တဲ့ စီမံချက်တစ်ခုပါ။ ဒီတော့ နောင်လာမယ့် ရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူတိုင်း မိမိဆန္ဒအတိုင်း မဲပေးခွင့်ရှိရမှာ ဖြစ်တဲ့အတွက် နိုင်ငံသားစိစစ်ရေးကတ်ရှိရမယ့်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပိုင်ဆိုင်နိုင်ဖို့** အရေးဟာ ဦးစားပေးဆောင်ရွက်ရမယ့် စီမံချက်တစ်ခု ဖြစ်နေတာမို့ အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သဘောထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ရပ်ကွက်/ ကျေးရွာများအရောက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နေတာကို တွေ့မြင်နေရတာ ဖြစ်ပါတယ်။

### “မိုးပွင့်”၊ “သစ္စာ”မှသည် “ပန်းခင်း’ဆီသို့

အိမ်ထောင်စုစာရင်းမရှိသေးသူတွေ၊ နိုင်ငံအတွင်းနေထိုင်ကြောင်း သက်သေခံအထောက်အထား ကတ်တစ်ခုခု မကိုင်ဆောင်နိုင်သူတွေအတွက် သက်သေခံကတ်ထုတ်ပေးတဲ့ လုပ်ငန်းစဉ်ဟာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ စဉ်ဆက်မပြတ် ပြုလုပ်ပေးနေတဲ့လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ ဆယ်စုနှစ်တစ်ခုအတွင်းမှာ စီမံချက်နှစ်ခု ပြုလုပ်ပေးနိုင်ခဲ့တဲ့အနေအထားပါ။ ၂၀၁၁ ခုနှစ် နှစ်လယ်ပိုင်းကစပြီး ၂၀၁၅ ခုနှစ် နှစ်ကုန်အထိ မိုးပွင့်စီမံချက်များချမှတ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၈ ဒသမ ၄ သန်း ထုတ်ပေးဆောင်ရွက်ပေးခဲ့ဖူးပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၂၀ ပြည့်နှစ်အတွင်းမှာတော့ နိုင်ငံသားများ မဲပေးခွင့်မဆုံးရှုံးရေးအတွက် ဦးတည်ပြီး သစ္စာစီမံချက်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၆ ဒသမ ၂ သန်းကျော်အထိ ထုတ်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ ပြည်သူ့အကျိုးအတွက် ရှေးရှုပြီး ခေတ်အဆက်ဆက် ဆောင်ရွက်ပေးနိုင်မှုကို နှိုင်းယှဉ်ကြည့်တဲ့အခါ ယခုပန်းခင်းစီမံချက်က ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လ ကာလသာ ကြာမြင့်မှာဖြစ်တဲ့အတွက် ကာလအတိုဆုံးစီမံချက်တစ်ခု ဖြစ်ပြီး ဝန်ကြီးဌာနရဲ့ အစီရင်ခံချက်အရလည်း နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံဆောင်ရွက်ပေးသွားမယ့် စီမံချက်ဖြစ်ကြောင်း သိရှိရပါတယ်။

### ဖြည့်ဆည်းယူဆောင်လာရမည့်လိုအပ်ချက်များ

ထုံးစံအတိုင်း မရှိမဖြစ်အရေးပါတဲ့ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုလုပ်ဖို့ လုပ်မယ့်သူကိုယ်တိုင် ဖြည့်ဆည်းပေးရမယ့်အချက်တွေလည်း ရှိလာပြန်ပါတယ်။ လုပ်မယ့်သူရဲ့ လိုင်စင်ဓာတ်ပုံ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနဲ့မိတ္တူ၊ မိဘနှစ်ပါးရဲ့ မှတ်ပုံတင်မိတ္တူ၊ အသက်အထောက်အထားအတွက်တော့ မွေးစာရင်း ဒါမှမဟုတ် ကျောင်းထောက်ခံချက် လိုအပ်ပါတယ်။ ရပ်ကွက်တွင်းနေထိုင်ကြောင်း ထောက်ခံချက်နဲ့အတူ သွေးအမျိုးအစားလည်း လိုအပ်လာမှာ ဖြစ်ပါတယ်။ ဝေးလံတဲ့ အချို့တိုင်းရင်းသားဒေသတွေမှာတော့ သန်းခေါင်စာရင်းမရှိတဲ့ အခက်အခဲစတဲ့ အချို့သော လိုအပ်ချက်တွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒီလိုအပ်ချက်ကိုတော့ စိစစ်ထောက်ခံပေးမယ့် ငါးဦးပါ ပူးပေါင်းကော်မတီများ ဖွဲ့စည်းပြီး ကွင်းဆင်းဖြေလျှော့ဆောင်ရွက်ပေးသွားမယ်လို့ သိရှိရပါတယ်။ ထိုငါးဦးကော်မတီမှာဆိုရင် လဝကမြို့နယ်ဦးစီးမှူး၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့နဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတို့ ပါဝင်လာမှာ ဖြစ်ပါတယ်။

### ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းရဲ့စံနှုန်းတစ်ခု အနေဖြင့်လည်း တင်စားနိုင်

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုမှာ နေထိုင်ကြတဲ့ နိုင်ငံသားတိုင်းဟာ နိုင်ငံသားဖြစ်ခွင့်ဆုံးရှုံးမှုနဲ့ ဘယ်လိုမှ မထိုက်တန်ပါဘူး။ ဒီအချက်ဟာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ စံနှုန်းတစ်ခုအဖြစ်နဲ့လည်း တင်စားလို့ရတယ်။ ကိုယ့်နိုင်ငံသားတွေ နိုင်ငံသားဖြစ်ခွင့်မဆုံးရှုံးအောင် ပန်းခင်းစီမံချက်က အကောင်အထည်ဖော်ပေးနေတာပါလားလို့ တိုင်းရင်းသားပြည်သူများကိုယ်တိုင် ခံယူထားရမှာ ဖြစ်ပါတယ်။ ပန်းခင်းလမ်းဟာ ငါတို့လူမျိုးတွေအတွက်၊ ငါတို့နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားအတွက် လျှောက်လှမ်းရမယ့်လမ်းဆိုတာ နှလုံးသားဝယ် စွဲထင်နေရမှာ ဖြစ်ပါတယ်။ စီမံချက်ကိုက ပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ထားပြီး အလုပ်ခွင်မပျက်ပြည်သူ့အကျိုးကို ရှေးရှုထားတာတွေ့ရတဲ့အတွက် ပြည်သူ့အရေးကို အလေးအနက်ထားခြင်းလည်းမည်ပါတယ်။ သက်ဆိုင်ရာရုံးတွေကို သွားဖို့ ခက်ခဲအဆင်မပြေသူတွေအတွက်ဆို အလွန်ကို လွယ်ကူမြန်ဆန်သွားပြီ ဖြစ်ပါတယ်။ ဝေးလံခေါင်ဖျားက တိုင်းရင်းသားတွေအတွက်လည်း ငြိမ်းချမ်းရေးအနှစ်သာရတစ်ခုကို ပန်းခင်းစီမံချက်က ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။ ခံယူချက်ကောင်းတစ်ခုကို ခံယူထားကြသူများဖြစ်တဲ့အတွက် ကောင်းသောရလဒ်တစ်ခုကို ဖော်ဆောင်နိုင်မယ်လို့ အလေးအနက် ယုံကြည်မိပါတယ်။

### စိန်ခေါ်မှုနှင့်အခွင့်အလမ်း

ပန်းခင်းစီမံချက်ကြောင့် ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအတွက် အမျိုးသားရေးဂုဏ်သိက္ခာတစ်ခုကို မြင့်မားလာစေမယ်လို့ ယုံကြည်ထားပါတယ်။ ယခုစီမံချက်ဟာ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်များပြားသော်လည်း **နိုင်ငံရေးမုန်တိုင်းတွေနဲ့ ကြမ်းတမ်းအကွေ့အကောက်များကြားမှာ လုပ်ရတာပါ။ ဗုံးခွဲမှု၊ မီးရှို့မှု၊ အကြမ်းဖက်သတ်ဖြတ်ဆူပူမှုများအောက်မှာ ပြည်သူတွေအနေနဲ့ မဝံ့မရဲရှိနေကြမှာသေချာပါတယ်။ လုံခြုံရေးကန့်သတ်ချက်များအောက်မှာ အချို့တိုင်းရင်းသားတွေအနေနဲ့ သွားရလာရခက်ခဲမှုဟာ စိန်ခေါ်မှုတစ်ခု ဖြစ်နိုင်ပါတယ်။ ဒီအကျိုးဆက်ဟာ ပန်းခင်းစီမံချက်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်နိုင်သလို ဒီစီမံချက်ကပဲ အနာဂတ်ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းကောင်းတစ်ခု အဖြစ်လည်း ဖော်ဆောင်ပေးမယ်ဆိုတာကို တွက်ဆလို့ ရနိုင်ပါတယ်။** ဘယ်လိုပဲဖြစ်ဖြစ်ပါ ဆက်စပ်သက်ဆိုင်ပါဝင်သူတွေရဲ့ စုစည်းညီညွတ်မှု၊ ထိရောက်တဲ့စီမံခန့်ခွဲမှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်မှုစေတနာနဲ့ ဆက်သွယ်ဆက်ဆံမှုစွမ်းပကားတွေက စိန်ခေါ်မှုနဲ့ အခက်အခဲအားလုံးကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ပါလိမ့်မယ်ဆိုတာ ယုံကြည်ထားပါတယ်။

ယခုဆောင်ရွက်နေတဲ့ လဝကရဲ့ ပန်းခင်းစီမံချက်ဟာ ကြိုးစားမှု၊ နားလည်မှု၊ စိတ်ရှည်မှု၊ စုစည်းညီညွတ်မှု၊ အမြော်အမြင်ရှိမှုတွေနဲ့ ခင်းထားတဲ့ ပန်းခင်းလမ်းဖြစ်ပါတယ်။ လေးနက်တဲ့ အမျိုးသားရေးခံယူချက်နဲ့ ခိုင်မာတဲ့အမျိုးသားရေး ယုံကြည်ချက်တို့ကြောင့် ပြည်သူအားလုံးအတွက် ဦးတည်တဲ့ ပြည်သူအားလုံးလျှောက်တဲ့ ပန်းခင်းလမ်းဟာ အဆင်ပြေပြေလှလှပပနဲ့ ချောမွေ့အောင်မြင်မယ်ဆိုတာ အလေးအနက်ယုံကြည်မိပါတယ်။

“ပန်းခင်းလမ်းမှာ အတူပါဝင်လျှောက်လှမ်းရင်း အခွင့်အလမ်းကောင်းတစ်ခုကို မလွတ်တမ်း ဆုပ်ကိုင်ကြပါစို့”။ ။

# ပဲခူးတိုင်းဒေသကြီးအတွင်း ကဏ္ဍာပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီးအတွင်း ကဏ္ဍာပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် Online Zoom Meeting System ဖြင့် ကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းချက်နှင့်အညီ ဆောင်ရွက်သွားရန်၊ မိုးစပါးများ ရိတ်သိမ်းခြွေလှေ့တော့မည်ဖြစ်၍ ပျက်စီးဆုံးရှုံးမှုမရှိစေရေး မြို့နယ်အလိုက် အဓိကထား ဆောင်ရွက်ကြရန်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် စတင်တော့ဖြစ်မည်၍ တည်ဆောက်ရေး လုပ်ငန်းများနှင့် ပစ္စည်းတင်ဒါများကို တင်ဒါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်၊ ဆိုလာစနစ်ဖြင့် နွေစပါးရေရရှိရေး မြစ်ရေတင်စီမံကိန်းနှင့် ကျေးလက်ရေပေးဝေရေးစီမံကိန်းများကို Pilot Project အနေဖြင့် ဆောင်ရွက်ရန်၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ရမည့် မှတ်ပုံတင်၊ သန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစာရင်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၉

**မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



အခမ်းအနားသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကလေးအလုပ်သမားကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုရှိစေနိုင်သော အလုပ်၊ ပညာရေးကို အနှောင့်အယှက်ဖြစ်စေသော အလုပ်၊ ကျောင်းတက်ရမည့် အခွင့်အရေးကို ပိတ်ပင်စေသည့် အလုပ်၊ အချိန်မတိုင်မီ မဖြစ်မနေ ကျောင်းထွက်စေသည့် အလုပ်၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သော အလုပ်ကို အချိန်ကြာမြင့်စွာလုပ်ရသော အလုပ်များကို လုပ်ကိုင်နေရသော ကလေးများကို ဆိုလိုပါကြောင်း။

နုပျိုငယ်ရွယ်စဉ်တွင် ကျောင်းတက်၍ အတတ်ပညာ၊ အသိပညာရှာဖွေမှု မပြုလုပ်နိုင်ဘဲ ကလေးသူငယ်အခွင့်အရေး ဆုံးရှုံးမှုများကို တားဆီးကာကွယ်နိုင်ရန် လိုအပ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မည့် ဗလငါးတန်နှင့် ပြည့်စုံသော ကလေးသူငယ်များ ဖြစ်လာရန် တာဝန်ရှိသူများနှင့် မိဘဆရာသမားများ၊ သက်ဆိုင်သူများက လေ့ကျင့်ပြုစု ပျိုးထောင်ပေးကြရန် လိုအပ်ပါကြောင်း။

ပညာရှာရမည့် အချိန်တွင် အန္တရာယ်ရှိသည့် အလုပ်များကို မလုပ်စေရန်၊ စီးပွားရေးအရ အမြတ်ထုတ်မခံရစေရန်၊ အချိန်မတိုင်မီ ကျောင်းထွက်ရခြင်းများ မဖြစ်စေရန် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် စသည့်ဒေသများကို ဦးစားပေးစီမံကိန်းနယ်မြေ သတ်မှတ်ထားပြီး ထိုနေရာ ငါးခုတွင် Complaint Center နှင့် Hot Line များ ဖွင့်လှစ်၍ ကလေးသူငယ်အလုပ်သမား ပပျောက်ရေး၊ အကူအညီပေးရေး၊ အသိပညာပေးရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ကို မရောက်ဘဲ ပညာသင်ကြားနိုင်စေရေး အသိပညာပေးမှုများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းနှင့် တက်ရောက်လာကြသူများက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားကြမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# (၃၁) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အဆင့်အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

(၃၁) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးဖြစ်သူ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တို့က နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့ကြသည်။ (**အပေါ်ပုံ**)




အစည်းအဝေးကို ၂၀၂၁ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးက သဘာပတိအဖြစ် ကြီးမှူးကျင်းပခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ ဆောင်ရွက်ချက်များအပေါ် စစ်ဆေးအကဲဖြတ်ခြင်း အားဖြည့်မြှင့်တင်ခြင်းအပါအဝင် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ နှစ်လည် အကဲဖြတ်မှု အစီရင်ခံစာမှ ထွက်ပေါ်လာသော အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများ၊ ကဏ္ဍာစုံ၊ မဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌများက အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ အစည်းအဝေးများ ဆောင်ရွက်ရန် သတ်မှတ်ချက်များ၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ဒစ်ဂျစ်တယ် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် 1st Innovation Platform Dialogue မှ ထွက်ပေါ်လာသော အကြံပြုချက်များ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံက ၂၀၂၁ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌ ဆောင်ရွက်နေစဉ် အထူးဦးစားပေး အကောင်ထည်ဖော် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ အာဆီယံဒေသတွင်း အရေးပေါ် အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်မှုများကို ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ဘန်ဒါဆရီဘီဂါဝန်ကြေညာချက် (Bandar Seri Begawan Declaration)၊ ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်းဆိုင်ရာ မျှော်မှန်းချက် (Hanoi Declaration) အား ဆက်လက်ဆောင်ရွက်သည့် အခြေအနေများနှင့် အဆင့်မြင့် အရာရှိကြီးများ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များ၊ (၃၈) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် (၁၆) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီး အစည်းအဝေးတို့တွင် နိုင်ငံခေါင်းဆောင်ကြီးများက အတည်ပြု မှတ်တမ်းတင်ကြမည့် မှတ်တမ်းမှတ်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ငွေကြေးလိမ်လည်ခံရမှုကြောင့် နေရပ်သို့ပြန်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့်

# မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား သုံးဦး နိုင်ငံတော်အစိုးရကကူညီခေါ်ဆောင်၊ ကျန်ရှိနေသူများကို ထပ်မံခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**
ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာနိုင်ရန် အခက်အခဲဖြစ်ပေါ်နေသည့် နိုင်ငံသားများကို ၎င်းတို့နေရပ်သို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် လိုအပ်သည့် ကူညီမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အစည်းအဝေးများတွင် လမ်းညွှန်မှာကြားခဲ့သည်။

ထိုသို့ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်ပရောက် မြန်မာနိုင်ငံသားများကို နေရပ်သို့ ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ မလေးရှားနိုင်ငံသို့ ရောက်ရှိနေပြီး ငွေကြေးလိမ်လည်ခံခဲ့ရသည့် မြန်မာနိုင်ငံသား ၁၇ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးတို့မှ တာဝန်ရှိသူများ၏ ကူညီဆောင်ရွက်ပေးမှုများကြောင့် စက်တင်ဘာ ၆ ရက်နှင့် ၂၀ ရက်တို့တွင် အသုတ်လိုက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ခဲ့သည်။

အလားတူ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ခြောက်ဦးသည်လည်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် တရားမဝင် လမ်းကြောင်းဖြင့် ဆက်သွယ် ဆောင်ရွက်ခဲ့စဉ် ငွေကြေးလိမ်လည်ခြင်း ခံခဲ့ရသဖြင့် အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း လူမှုကူညီရေးအသင်းအဖွဲ့များမှတစ်ဆင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံးသို့ စက်တင်ဘာ ၁၃ ရက်တွင် ဆက်သွယ်လာခဲ့သည်။

ထိုသို့ ဆက်သွယ်လာမှုကြောင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် မြန်မာစစ်သံရုံးတို့မှ တာဝန်ရှိသူများက အဆိုပါ မြန်မာနိုင်ငံသား ခြောက်ဦးထံမှ ငွေကြေးလိမ်လည်သွားခဲ့သူကို ဖမ်းဆီးရမိရေး မလေးရှားနိုင်ငံ ရဲသတင်းတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၎င်းတို့ လိမ်လည်ခြင်းခံခဲ့ရသည့် ငွေကြေးများကို ပြန်လည်ပေးအပ်ခြင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရေး မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရမှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် မလေးရှားနိုင်ငံမှ ဌာနဆိုင်ရာများနှင့် လိုအပ်သည့် ညှိနှိုင်းစစ်ဆေးမှုများ ပြုလုပ်၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံသား ခြောက်ဦးအနက် သုံးဦးကို ယနေ့ မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာမြန်မာ



မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသား သုံးဦး ရန်ကုန်လေဆိပ်သို့ ရောက်ရှိစဉ်။

လေကြောင်းလိုင်း (MAI) ၏ ကယ်ဆယ်ရေးလေယာဉ် (Relief Flight)ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ညနေ ၅ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်းနှင့် ပြန်လည်ရောက်ရှိရန် ကျန်ရှိသူ သုံးဦးကို အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး လိုအပ်သည့် ညှိနှိုင်းမှု၊ စစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အကြောင်း အမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိနေသူများကို လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးလျက် ရှိသည့်အတွက် ပြန်လည်ရောက်ရှိရန် အခက်အခဲ ဖြစ်ပေါ်နေသူများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံအလိုက်ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရခိုင်ပြည်နယ်ရှိ နယ်မြေခံလုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စက်တင်ဘာ ၂၆ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။

ဝင်းမင်းစိုး(ပြန်/ဆက်)

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**
ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၆၃ ဦး၊ စုစုပေါင်း ၁၁၄ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသမီး တစ်ဦးတို့ကိုလည်းကောင်း အသီးသီး လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် -၁၉ ရောဂါ



စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ ဓာတ်မြေသြဇာများထောက်ပံ့

**ဘိုကလေး စက်တင်ဘာ ၂၉**
ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်တွင်းရှိ မျိုးစေ့ထုတ်တောင်သူများအား ကွန်ပေါင်းဓာတ်မြေသြဇာများကို မြို့လယ်ကျက်သရေဆောင် ချိုကြည် သာသနာ့ဗိမာန်တော်၌ ယနေ့ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက သီးနှံအထွက်နှုန်း တိုးပွားလာစေရေးနှင့် တောင်သူများ၏ လူနေမှုဘဝ မြင့်မားလာစေရေး ရည်ရွယ်ပြီး ဓာတ်မြေသြဇာအိတ်များ ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြား၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မျိုးစေ့ထုတ်လုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် မျိုးစေ့ထုတ်တောင်သူ ၈၅ ဦးအား ကွန်ပေါင်းဓာတ်မြေသြဇာများ ဧကအလိုက် ထောက်ပံ့ပေးအပ်သည်။

**မိုးစက်(ဘိုကလေး)**

# ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးမချပါနဲ့

ပြည်ထောင်စုသားတစ်ဦး

❖ နိုင်ငံတော်အေးချမ်းသာယာရေးကို မလိုလားသူ ပြည်ဖျက်အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံအချို့သည် ရှေးအတီအတေကတည်းက ဘာသာတရားအသီးသီး၏ မွန်မြတ်သည့်အဆုံးအမအောက်တွင် ညီရင်းအစ်ကိုမောင်ရင်းနှမ စိတ်ဓာတ်အစဉ်အလာကောင်းတို့နှင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသော ဘာသာရေးအသင်းအဖွဲ့များနှင့် ဘာသာဝင်များ အချင်းချင်းအကြား အထင်မှားအမြင်မှားဖြင့် စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်လာစေရန် ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးချ၍ သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်

တစ်နေ့က တာမွေဈေးပေါက်ဝတွင် လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး တစ်ကိုယ်တည်း ဟောပြောနေသည်ကို တွေ့ခဲ့ရသည်။ ရုပ်အသွင်က တိုင်းရင်းသူ သွင်ပြင်လက္ခဏာ။ လူ့သဘာဝအရ နားစွင့်ကြည့်မိတော့ သူဟောပြောနေသည့် အကြောင်းအရာ က ခရစ်ယာန်ဘာသာရေး တရားတော်များ။

စိတ်အလျဉ်က ရန်ကုန်ဘူတာကြီး စကြံ့ခုံးကျော်တံတားပေါ်တွင် အမြဲမြင်တွေ့နေကျ ခရစ်ယာန်ဘာသာရေးအဖွဲ့ကို သတိရသွားမိသည်။ ထိုအဖွဲ့တွင် နိုင်ငံခြားသားသုံး၊ လေးဦးခန့်နှင့် မြန်မာတိုင်းရင်းသားအဖွဲ့ဝင်အချို့ ပါဝင်ကြသည်။ နိုင်ငံခြားသားများက မြန်မာဝတ်စုံများနှင့်။ အမျိုးသားတို့ မြန်မာပုဆိုးလုံချည်၊ အမျိုးသမီးတို့က မြန်မာထဘီတို့ ဝတ်ဆင်ထားကြသည်။ အများစုမှာ အသက်အရွယ်အားဖြင့် ငယ်ရွယ်နုပျိုကြပါသည်။

### မှတ်မှတ်ထင်ထင်ဖြစ်လာ

သူတို့သည် လမ်းသွားလမ်းလာများကို အပြုံးချိုချိုဖြင့် နှုတ်ဆက်ရင်း ခရစ်ယာန်ဘာသာရေး ဓမ္မစာစောင်များကို လေ့လာဖတ်ရှုကြဖို့ ဖိတ်ခေါ်သည်။ ပြီးတော့ ဝေငှသည်။ သူတို့ဘာသာပြုအဖွဲ့ကို မြင်ပါများတော့ ကျွန်တော့်စိတ်တွင် မှတ်မှတ်ထင်ထင်ဖြစ်လာခဲ့ရသည်။ ယခု မြို့ပတ်ရထားအစား YBS ဘတ်စ်ကားကိုသာ အစီးများလာ၍ သူတို့ သာသနာပြုအဖွဲ့နှင့် မဆုံဖြစ်တော့။

### ကိုးကွယ်ရာဘာသာများ

ကမ္ဘာပေါ်တွင် လူအများစုကိုးကွယ်ယုံကြည်ရာ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာကြီးလေးခုအပြင် ဂျူးဘာသာ၊ ဂျိန်းဘာသာ၊ ကွန်ဖြူးရှပ်ဘာသာ၊ ရှင်တိုဘာသာ၊ တာအိုဘာသာ၊ ဆစ်ခ်ဘာသာနှင့် ဇိုရိုအက်စတာဘာသာတို့ ရှိကြသည်။

ကွန်ဖြူးရှပ်ဘာသာနှင့် တာအိုဘာသာတို့မှာ တရုတ်ပြည်ရှိ ဘာသာများဖြစ်၍ ရှင်တိုဘာသာမှာ ဂျပန်နိုင်ငံရှိ ဘာသာဖြစ်သည်။ ဂျိန်းဘာသာမှာ အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့ပြီး ဇိုရိုအက်စတာဘာသာသည် ပါးရှားပြည်၌ ခရစ်မပေါ်မီ နှစ်ပေါင်း ၈၀၀ ခန့်တွင် ပေါ်ပေါက်ခဲ့သည်။ ဂျူးဘာသာကား ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့ မပေါ်ပေါက်မီအချိန်ကပင် ရှိနေပြီးသော ဘာသာတရားဖြစ်သည်။

### အာရှတွင်စတင်ပေါ်ပေါက်

မှတ်သားဖွယ်ရာ ကောင်းသောအချက်ကား ဤထင်ရှားသော ဘာသာကြီးအားလုံးတို့သည် အာရှတိုက်တွင် စတင်ပေါ်ပေါက်လာခဲ့ကြသော ဘာသာများဖြစ်ကြသည်။ အချို့ဘာသာတို့မှာ မိမိတို့ပေါ်ထွန်းရာ အရပ်ဒေသ၌ ဆိတ်သုဉ်းသွားခဲ့ပြီးနောက် အခြားအရပ်ဒေသများတွင် စည်ပင်ကြီးပွားလျက်ရှိကြသည်။

ဘာသာတရားတိုင်းတွင် သဘာဝထက်လွန်ကဲသော အံ့ဖွယ်ရာများနှင့် ပြည့်ဝနေသည်။ သိပ္ပံနည်းဖြင့် သက်သေပြ၍မရနိုင်။ သို့တစေ ဘာသာတရားအားလုံး၏ အနှစ်သာရမှာ လူ့ဘောင်လူ့လောကကြီး ငြိမ်းချမ်းသာယာဝပြောစေရန်၊ လူသားအချင်းချင်း မေတ္တာတရားများ မျှဝေနိုင်ရန်၊ ဘာသာတရား၏အဆုံးအမကို ကိုယ်စီကိုယ်စီ လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်ပြီး ပစ္စုပ္ပန်၊ တမလွန်ဘဝ အကျိုးစီးပွားဖြစ်ထွန်းစေရန်၊ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေရန်တို့အတွက်သာ ဖြစ်လေသည်။

လူအများစု ကိုးကွယ်ယုံကြည်ရာ ဘာသာကြီးလေးခုအနက် ဟိန္ဒူဘာသာသည် ရှေးအကျဆုံးဖြစ်လေသည်။ အချိန်ကာလ အတိအကျကိုပင်ပြောရန် မလွယ်ကူပေ။ ဟိန္ဒူဘာသာရေးကျမ်းများကို ရာစုနှစ်ပေါင်းများစွာအတွင်းက ရေးသားခဲ့ကြခြင်းဖြစ်ပေသည်။

ဟိန္ဒူဘာသာကို လေ့လာဆည်းပူးရန် ကျမ်းဂန်များစွာရှိလေသည်။ ၎င်းတို့မှာ ဝေဒကျမ်းများ၊ ပူရာဏ်ကျမ်းများ၊ ဥပနိသျှဒ်ကျမ်းများ၊ သျှတ္တရကျမ်း၊ ဘာဂဝတ်ဂီတကျမ်း၊ ပိဋကကျမ်းများ၊ သိကုဂုရယ်လ်ကျမ်း၊ ဂုဂုဂရန့်ဆဟိကျမ်းတို့ဖြစ်ကြသည်။

ဝေဒကျမ်းများသည် သံသရာမှ လွတ်မြောက်နိုင်သည့် နည်းလမ်းကောင်းများကို ညွှန်ပြပေးသည်။ ဝေဒကျမ်းများကို လေ့လာလိုသူသည် ပရမတ္ထသဘောအရ မြဲသောအရာနှင့် မမြဲသောအရာများကို ခွဲခြားသိမြင်တတ်ရပေမည်။ လောကီလောကုတ္တရာ သာယာမှုကို ခံစားလိုခြင်းမှ ရှောင်ရှားနိုင်ရန်လည်း လိုသည်။ စိတ်ကိုတည်ငြိမ်အောင် စွမ်းဆောင်နိုင်မှု၊ ကိုယ့်ကိုချုပ်တည်းထားနိုင်မှု၊ အရာရာကိုစွန့်ပစ်နိုင်မှု၊ သည်းခံနိုင်မှု၊ သမာဓိခိုင်မြဲမှုများရှိရမည့်အပြင် ကျမ်းဂန်များကို မမိုတ်မသုန်ယုံကြည်မှုလည်း ရှိရမည်ဖြစ်သည်။ မကောင်းမှုကို ပြုလုပ်ခဲ့ကြသူများသည် မိမိတို့ပြုလုပ်ခဲ့သော ဒုစရိုက်အကျိုးကို ခံစားရမည့်အပြင် ငရဲပြည်ခုနစ်ထပ်ရှိကြောင်းကိုလည်း ပူရာဏ်ကျမ်းများတွင် ဖော်ပြထားရှိသည်။

### ဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာဝင်တို့ကား ကံ၊ ကံ၏အကျိုးကို ယုံကြည်ကြသည်။ (၃၁)ဘုံရှိသည်အနက် ကောင်းမှုကံပြုသူသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်နှင့် မကောင်းမှုကံပြုသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတို့တွင် ကံအားလျော်စွာ ကျင်လည်ကြရသည်ဟု ယုံကြည်သက်ဝင်ကြသည်။

ထို့ကြောင့် သုဂတိဘုံ၌ ကျင်လည်နိုင်ရန် ပေးကမ်းစွန့်ကြဲခြင်းတည်းဟူသော ဒါန၊ သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ပစ္စည်းကို မတရားရယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ဇနီးသားမယား အိမ်ရာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေရည်သေရက်တို့ကို သောက်စားခြင်းတို့မှ ရှောင်ကြဉ်ခြင်း ငါးပါးသီလ၊ ထိုမှတစ်ဆင့်တက်၍ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကို ဆောက်တည်ကျင့်သုံးကြ၏။ မေတ္တာဘာဝနာစျာန် သမာဓိတရားများကို အားထုတ်ကြ၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ပူဇော်ကြ၏။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအလို့ငှာ မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြခဲ့သည့် သစ္စာလေးပါးတရားတော်နှင့်အညီ သိ၊ ပယ်၊ ဆိုက်၊ ပွား ကိစ္စရပ်များအရ ဒုက္ခ၏ ချုပ်ရာငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြု ဆိုက်ရောက်နိုင်ရန် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ပွားများအားထုတ်ကြလေသည်။

### ခရစ်ယာန်ဘာသာ

ခရစ်ယာန် ဘာသာဝင်တို့ကမူ ကောင်းကင်ဘုံသို့ ရောက်ရှိခြင်းမည်သည်ကား မသေသော၊ ထာဝရတည်မြဲသောအသက်ကို ရခြင်းမည်၏။ ကောင်းကင်ဘုံသည် လူသားတို့အား ဘုရားသခင်ကပေးသော ဆုများအနက် အကြီးဆုံး အမြင့်မြတ်ဆုံးဖြစ်၏။ လူသားတို့၏ အန္တိမပန်းတိုင်လည်း ဖြစ်၏။ ထာဝရပျော်ရွှင်ချမ်းမြေ့မှုကို ရနိုင်သောနေရာဖြစ်၏။ ကောင်းကင်ဘုံတွင် ဖခမည်းတော် ထာဝရဘုရားသခင် စံပယ်လျက်ရှိသည်။ သားတော် ယေရှုခရစ်သည် ထိုဘုံမှနေ၍ လူသားများထံသို့ ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။ အစဉ်ထာဝရတည်မြဲလျက်ရှိသော ယင်းဘုရားသခင် နိုင်ငံတော်သို့ တက်ရောက်ခွင့်ရရှိရေးသည် ခရစ်ယာန်ဘာသာဝင်တို့၏ ရည်မှန်းချက်ဖြစ်သည်။

ခရစ်တော်သည် လူသားများ ကောင်းကင်ဘုံသို့ ရောက်ရှိနိုင်ရေးအတွက် လူ့လောကသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ လူ့လောကတွင် အပြစ်လုံးဝမရှိသောသူတို့ ကွယ်လွန်သောအခါ ကောင်းကင်ဘုံသို့ သွားရောက်ကြရသည်။ ကောင်းကင်ဘုံ၌ ဘဝ၏မျှော်လင့်ချက်များလည်း ကုန်ဆုံးသွားကြပြီဖြစ်သည်။ အစဉ်ဆက်လက်ရှိနေသေးသည်ကား မေတ္တာတရားသာဖြစ်သည်။ ထာဝရပျော်ရွှင်ချမ်းမြေ့မှုသည် မည်သည့်အခါမျှ ပျောက်ပျက်ခြင်းမရှိတော့ဟု ခရစ်ယာန်ဘာသာဝင်တို့သည် ယုံကြည်ကြလေသည်။

### အစ္စလာမ်ဘာသာ

အစ္စလာမ်ဟူသောစကားမှာ အာရဗီဘာသာစကားဖြစ်ပြီး "နာခံခြင်း"ဟု အဓိပ္ပာယ်ရ၏။ အလ္လာဟ်အရှင်၏ အမိန့်တော်များကို နာခံခြင်းဟု အဓိပ္ပာယ်ပြန်ဆိုနိုင်မည်ဖြစ်သည်။ အလ္လာဟ်အရှင်၏ အမိန့်တော်များကိုနာခံသောလူသားတို့ကို မွတ်စလင်ဟုခေါ်သည်။

အစ္စလာမ်ဘာသာတွင် အခြေခံယုံကြည်ချက် ငါးချက်ရှိသည့်အနက် တစ်ချက်မှာ အချိန်မှန်မှန် ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်။ ဝတ်ပြုခြင်းသည်လည်း ငါးမျိုးရှိပြန်သည်။ အလ္လာဟ်အရှင်မှတစ်ပါး အခြားကိုးကွယ်ထိုက်သောဘုရားမရှိဟု ရွတ်ဆိုကာ နှုတ်အားဖြင့် ဝတ်ပြုခြင်း၊ ဆင်းရဲသားများအား ပေးကမ်းထောက်ပံ့၍ ပစ္စည်းအားဖြင့် ဝတ်ပြုခြင်း၊ ရာမ်ဇန်လတွင် အစာရှောင်ကာ သန့်စင်သောဝတ်ပြုခြင်း၊ ကိုယ်အားဖြင့် ဝတ်ပြုခြင်းနှင့် ပစ္စည်းအားဖြင့် ဝတ်ပြုခြင်းနှစ်မျိုးကို ပေါင်းစပ်ထားသော မက္ကာမြို့သို့ ဟာဂျ်သွား၍ ပြုခြင်းဟူ၍ ငါးမျိုးရှိလေသည်။

အစ္စလာမ်ဘာသာတွင် အစာရှောင်ကြဉ်ရသောအကျင့်၏ ရည်ရွယ်ချက်မှာ လူသားတို့သည် မကောင်းမှုများကို ကြံ့ကြံ့ခံနိုင်ရန်ဖြစ်၏။ ထို့ကြောင့် အစာရှောင်ခြင်းသည် အစားအစာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရခြင်းသက်သက်သာမကဘဲ မကောင်းမှုဟူသမျှကို ရှောင်ကြဉ်နိုင်ရန်အတွက် ဖြစ်သည်ဟု ဆိုသည်။

### ဘာသာပေါင်းစုံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်ရာဘာသာပေါင်းစုံနှင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ လူဦးရေအများဆုံး ကိုးကွယ်ရာ ဗုဒ္ဓဘာသာနှင့်အတူ ဟိန္ဒူ၊ ခရစ်ယာန်၊ မွတ်စလင်နှင့် အခြားဘာသာဝင်များသည် ရှေးနှစ်ပေါင်းများစွာကတည်းက အချင်းချင်း ချစ်ခင်စည်းလုံးစွာနေထိုင်ခဲ့ကြသည်။

မှတ်မိပါသေးသည်။ ကျွန်တော်တို့ငယ်စဉ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ရပ်ကွက်အတွင်းရှိ ကရင်တိုင်းရင်းသားခရစ်ယာန်မိသားစုဝင်များသည် တစ်ညတွင် ရပ်ကွက်အတွင်း ပိတ်ကားထောင်၍ ရုပ်ရှင်ပြသခဲ့လေသည်။ တစ်ရပ်ကွက်လုံး ဖျာတွေ၊ အခင်းတွေခင်း၍ ကြည့်ရှုအားပေးကြသည်။ မူလတန်းအရွယ်ရှိ ကျွန်တော်တို့ကလေးများကား ရှေ့ဆုံးက။ သို့ရာတွင် ရုပ်ရှင်ဟူ၍သာ ရှေ့ဆုံးကကြည့်ရှုအားပေးရခြင်းဖြစ်သော်လည်း ဘာဇာတ်ကား၊ ဘာဇာတ်လမ်းဟူ၍ တိတိကျကျမသိ။ အချိန်တန်လို့ ဇာတ်ကားပြတော့ နိုင်ငံခြားဇာတ်ကား ဖြစ်နေသည်။ ဇာတ်လမ်းကား ယေရှုခရစ်တော်ဇာတ်လမ်း။ ကျွန်တော်တို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်သော်ငြား ခရစ်တော်က တန်ခိုးတွေပြသည်ကို သဘောတွေကျခဲ့ပါသည်။

အချိန်တန် လူလားမြောက်၍ လူငယ်ဘဝ ရောက်လာတော့လည်း အချစ်ဆုံး သူငယ်ချင်းတွေထဲတွင် အစ္စလာမ်ဘာသာဝင် သူငယ်ချင်းတစ်ဦးနှင့် ခရစ်ယာန်ဘာသာဝင် သူငယ်ချင်းတစ်ဦးပါသည်။ နှစ်ဦးစလုံး အလွန်ရိုးသားကြသည်။ ခရစ္စမတ်နေ့နှင့် အစ်နေ့ရောက်တိုင်း သူတို့အိမ်သွားပြီး ကျွန်တော် မုန့်တွေစားလေ့ရှိသည်။

လူလတ်ပိုင်းကျော်အရွယ်ရောက်မှ အစ္စလာမ်ဘာသာဝင် သူငယ်ချင်းနှင့် ကန်တော်ကလေးဘက်တွင် ပြန်တွေ့သည်။ ငယ်သူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်သွားသောက်ရင်း စကားတွေ ပြောမကုန်နိုင် ဖြစ်ရသည်။ ကျွန်တော်တို့ ငယ်သူငယ်ချင်းများသည် ငယ်စဉ်ကတည်းက ကိုယ်ယုံကြည်ရာ ဘာသာတရားနှင့်ပတ်သက်၍ တစ်ခါမျှ ငြင်းခုံပြောဆိုခဲ့ခြင်းမရှိကြ။ ပြောရမည့်အရာလည်းမဟုတ်။ ကျွန်တော်တို့ နှလုံးသားထဲတွင် ရှေ့တန်းက နေရာယူနေသည်က သံယောဇဉ်နှင့် ချစ်ခြင်းတရားသာ ဖြစ်ပေသည်။

*စာမျက်နှာ ၁၁ သို့*

# သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေးပါဝင်ကြ

ကိုကွေး (ဘူမိဗေဒ)

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဆောင်ပုဒ် အဖြစ် “Digital Equality for All Ages – သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေး ပါဝင်ကြ” ဆိုသည့် ဆောင်ပုဒ်ကို ဖော်ထုတ်သတ်မှတ်ပေးထားပါသည်။ အဆိုပါဆောင်ပုဒ်သည် လက်ရှိနည်းပညာခေတ်တွင် ကမ္ဘာပေါ်ရှိ သက်ကြီးရွယ်အိုများ ဒစ်ဂျစ်တယ်နည်းပညာကို သိရှိအကျွမ်းဝင်ပြီး အလွယ်တကူ ရယူသုံးစွဲနိုင်ရန် သက်ဆိုင်ရာအစိုးရ၊ ပုဂ္ဂလိကနှင့် နည်းပညာဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့က ကူညီဆောင်ရွက် လက်တွဲပေးရန် ရည်ရွယ်၍ ထုတ်ပြန်ခဲ့ခြင်းပင် ဖြစ်ပါသည်။

## နည်းပညာဆိုင်ရာ တိုးတက်မှု

ယနေ့ခေတ်ကာလ စတုတ္ထစက်မှုတော်လှန်ရေး၏ အဓိကလက္ခဏာတစ်ခုအဖြစ် ဒစ်ဂျစ်တယ်နည်းပညာအလျင်အမြန် တိုးတက်လာမှုကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ယင်းသို့ နည်းပညာလျင်မြန်စွာ တိုးတက်လာမှုကြောင့် မိမိတို့၏ နေ့စဉ်နေမှုထိုင်မှု၊ လုပ်ငန်းရပ်များ၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ခြင်းများ အပါအဝင် လူ့အသိုင်းအဝိုင်း အခန်းကဏ္ဍအားလုံးတွင် ကြီးမားစွာ ပြောင်းလဲလာသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ နည်းပညာဆိုင်ရာတိုးတက်မှုကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ Sustainable Development Goals (SDGs) သို့ ချီတက်ရာတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။

## သက်ကြီးရွယ်အိုများနှင့် ဒစ်ဂျစ်တယ်နည်းပညာ

သို့သော် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ခန့်သည် လက်ရှိအချိန်အထိ အင်တာနက်အသုံးပြုခွင့် မရရှိကြသေးကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသောနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသော နိုင်ငံများအကြား အင်တာနက်အသုံးပြုနိုင်မှုမှာ ၈၇ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းအကြား အသီးသီးကွာဟလျက်ရှိကြောင်း International Telecommunication Union (ITU) ၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာပါ အချက်အလက်များအရ သိရှိရပါသည်။ အဆိုပါအဖွဲ့၏ အခြားတွေ့ရှိချက်အရ အမျိုးသမီးနှင့် သက်ကြီးရွယ်အိုများသည် လူ့အဖွဲ့အစည်းအတွင်းရှိ အခြားအုပ်စုများထက် ဒစ်ဂျစ်တယ်နည်းပညာ ရယူသုံးစွဲရမှုတွင် နောက်ကျကျန်ရှိကာ မညီမျှမှုများ ရှိနေကြောင်း သိရှိရပါသည်။ ထို့ကြောင့် တိုးတက်လာသော နည်းပညာများကို လက်လှမ်းမီ ရယူသုံးစွဲနိုင်မှု မရှိသည့်အတွက် နည်းပညာ၏ အကျိုးကျေးဇူးများကို အပြည့်အဝမခံစားရကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် အဆိုပါ ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုကိုအကြောင်းပြု၍ အန္တရာယ်အသစ်များ တွေ့လာရကြောင်း၊ ဥပမာအားဖြင့် Cyber Crime ဆိုက်ဘာပြစ်မှုကျူးလွန်မှုများ တွေ့လာရကြောင်း၊ သတင်းအမှားများဖြင့် လူ့အခွင့်အရေးအရ ခြိမ်းခြောက်ခံရခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာထိပါး နှောင့်ယှက်ခံရခြင်းနှင့် သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံရေးကိုပါ ထိပါးခံနေရခြင်းများရှိကြောင်း လေ့လာသိရှိရပါသည်။ ဒစ်ဂျစ်တယ်နည်းပညာ လျင်မြန်စွာ တိုးတက်လာမှုနှင့် ပတ်သက်၍ နိုင်ငံတကာ အဖွဲ့အစည်းများ အပါအဝင် နိုင်ငံ့အစိုးရများ၊ ဒေသအဆင့်အစိုးရများအနေဖြင့် မူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များ ချမှတ်ရာတွင် အထက်ပါ ထိခိုက်လွယ်အုပ်စုများအတွက် အကာအကွယ်ပေးနိုင်သည့် ဥပဒေ၊ မူဝါဒများ အပြည့်အဝ ခြုံငုံချမှတ်နိုင်ခြင်း မရှိသေးကြောင်း တွေ့မြင်ရပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် တိကျသေချာသော ဆန်းစစ်လေ့လာမှုများ၊ အစီအမံများချမှတ်ဆောင်ရွက်ပေးမှသာလျှင် နည်းပညာတိုးတက်မှုကြောင့် ဘေးထွက်အနေဖြင့် ဖြစ်ပေါ်လာနိုင်သော မညီမျှမှုများနှင့် အန္တရာယ်များကို ဖယ်ရှားနိုင်မည်ဖြစ်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါသည်။

> ✳ နောင်တွင် ထောက်ပံ့မှုလုပ်ငန်းများကို အကျိုးခံစားခွင့်ရှိသူများထံ Online Payment ကိုသာ အဓိကထားဆောင်ရွက်မည်ဖြစ်သဖြင့် အကျိုးခံစားခွင့်ရှိသူ အထူးသဖြင့် သက်ကြီးလူမှုရေးပင်စင်ရရှိမည့် အဘိုးအဘွားများအနေဖြင့် အခြေခံအကျဆုံးသော ဒစ်ဂျစ်တယ်နည်းပညာဖြစ်သည့် Mobile Phone မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ Online မှ တစ်ဆင့် သတင်းရယူခြင်း၊ လေ့လာခြင်း၊ ကျန်းမာရေး အပါအဝင် လိုအပ်သည့် လူမှုရေးအကူအညီများကို တောင်းခံနိုင်မည်ဆိုပါက သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်

ကျွန်တော်တို့နိုင်ငံတွင်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်နယ်ပယ်အားလုံးတွင်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ဒစ်ဂျစ်တယ်နည်းပညာအပါအဝင် နည်းပညာများ တိုးတက်မြင့်မားလာပြီး Online အသုံးပြုသည့် Digital Economy ကို ဦးတည်နေကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်–၁၉ ရောဂါကြောင့် Online အခြေခံသည့် ဆက်သွယ်ဆောင်ရွက်မှုကို အဓိကထားဆောင်ရွက်လာ နေရသည်ကိုတွေ့ရမည် ဖြစ်ပါသည်။ မပြီးဆုံးနိုင်သေးသည့် ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားနေသည့်ကာလတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ကန့်သတ်ချက်များနှင့်အတူ New Normal အဖြစ် လူချင်းတိုက်ရိုက်ထိတွေ့မှု (In person) ကိုလျှော့ချပြီး Online အခြေခံသည့် တွေ့ဆုံမှုများ၊ ဖြေရှင်းမှုများ၊ ငွေပေးငွေယူလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

## နည်းလမ်းရှာ ကူညီသွားကြရန်

ထိုကဲ့သို့ဆောင်ရွက်ရာတွင် မည်သူမျှ နောက်ချန်မထားရေးအတွက် အခြေခံဆက်သွယ်ရေးနည်းပညာများကို အသက်အရွယ်မျိုးစုံရှိ လူ့အဖွဲ့အစည်းအားလုံး လက်လှမ်းမီ သိရှိရန် အရေးကြီးလှပေသည်။ အထက်ပါ နိုင်ငံတကာတွေ့ရှိချက်များအရ အမျိုးသမီးနှင့် သက်ကြီးရွယ်အိုများသည် ဒစ်ဂျစ်တယ်နည်းပညာတွင် နောက်ကျကျန်နေကြောင်းနှင့် အလွယ်တကူ ရယူသုံးစွဲနိုင်ရန် အခွင့်အရေး နည်းပါးနေကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် သက်ကြီးရွယ်အိုများအား ဆက်သွယ်ရေးနည်းပညာတွင် အခြေခံကျလှသည့် Mobile Telephone အသုံးပြု၍ Online စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်သင်ကြား ကူညီပံ့ပိုးပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ နည်းလမ်းရှာ ကူညီသွားကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

## အခက်အခဲများ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုစီးပွားရေးဘဝတွင် မည်သူမျှ နောက်ကျန်ရှိမနေစေရေးအတွက် ရည်ရွယ်ပြီး ၂၀၁၄ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာပါ လုပ်ငန်းစဉ် ၈ ရပ်အနက် သက်ကြီးလူမှုရေးပင်စင်နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး အစီအစဉ်များကို ဆောင်ရွက်လျက် ရှိပါသည်။ သက်ကြီးလူမှုရေးပင်စင်အား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ လေးနှစ်အတွင်း သက်ကြီးဘိုးဘွား ၇၅၁၂၆၀ ကို တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ကျပ်ငွေ ၇၆ ဒသမ ၁၆၈ ဘီလီယံခန့် ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါသည်။ ထောက်ပံ့ပေးရာတွင် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် အိမ်တိုင်ရာရောက် ထောက်ပံ့မှုပေးနေရပါသည်။ ထိုသို့ ထောက်ပံ့ရခြင်းကြောင့် အချိန်ကြာမြင့်ခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ လုံခြုံရေး စိတ်မချရသော နယ်မြေများတွင် ထောက်ပံ့မှုများ နောက်ကျခြင်းစသည့် အခက်အခဲများ တွေ့ကြုံရလျက်ရှိပါသည်။ ထိုအခြေအနေများတွင် သက်ကြီးရွယ်အိုများအနေဖြင့် မိမိ (သို့မဟုတ်) မိမိ မိသားစုဝင်များ၏ Mobile Phone များမှတစ်ဆင့် Online Payment တစ်ခုခုဖြင့် လက်ခံနိုင်သည်ဆိုပါက မှားယွင်းမှု၊ ကြန့်ကြာမှု၊ ပျောက်ဆုံးမှုများမရှိဘဲ အချိန်နှင့် တစ်ပြေးညီ ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။ ထို့ကြောင့် တာဝန်ရှိအစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဒစ်ဂျစ်တယ်ဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့် ထိုကွက်လပ်ကလေးကို နည်းလမ်းရှာ၍ User Training သင်တန်းများ ဆောင်ရွက်ဖြည့်ဆည်းပေးမည်ဆိုပါက အဘိုးအဘွားများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ အခြေခံများ တတ်သိကာ အဘိုးအဘွားနှင့် ၎င်းတို့၏ မိသားစုဝင်များအား နည်းပညာလက်လှမ်းမီစေရန် ကူညီပေးခြင်းဖြင့် Digital Economy တိုးတက်မှုကို ကူညီနိုင်မည့်အပြင် Online အသုံးပြု နေ့စဉ်လူမှုဘဝလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည့် အကျိုးကျေးဇူးတရားများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

## အန္တရာယ်အသစ်များ

ကိုဗစ်–၁၉ ရောဂါကြောင့် ယနေ့ကမ္ဘာကြီးတွင် လူမှုနယ်ပယ်အားလုံး၌ New Normal ကို ဦးတည်နေကြပြီ ဖြစ်ပါသည်။ ထိုထဲတွင် ဒစ်ဂျစ်တယ်နည်းပညာအခြေခံ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနယ်ပယ်အားလုံးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် Online အသုံးပြုဆောင်ရွက်လာကြကြောင်း တွေ့ရမည် ဖြစ်ပါသည်။ ထိုအခြေအနေတွင် ဒစ်ဂျစ်တယ်နည်းပညာ ရယူသုံးစွဲခွင့် နည်းပါးသည့် သက်ကြီးရွယ်အိုများအရေးကိုလည်း ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ အထက်ဖော်ပြခဲ့သလို နည်းပညာ နောက်ကျမှုကြောင့် ကမ္ဘာ့နိုင်ငံများရှိ အမျိုးသမီးနှင့် သက်ကြီးရွယ်အိုများ တွေ့ကြုံခံစားရသည့် Online အခြေခံ အန္တရာယ်အသစ်များ ကြုံတွေ့ရမှုကိုလည်း ကာကွယ်ရန်အတွက် ထိုအုပ်စုများကို ချန်လှပ်မထားဘဲ မိမိတို့လုပ်ငန်း အစီအစဉ်များတွင် အမြဲထည့်သွင်း စဉ်းစားပေးရန် နှိုးဆော်အပ်ပါသည်။ အထူးသဖြင့် သက်ကြီးအမျိုးသမီးများကို နောက်ချန် မထားခဲ့ဖို့ အရေးကြီးပါသည်။

## ပိုမိုထိရောက်နိုင်မည်

လူမှုဝန်ထမ်းဦးစီးဌာနသည် ၎င်းတို့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာပါ လုပ်ငန်းရပ်များ ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူမှုရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် Social Management Information System (SMIS) ကို ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နောင်တွင် ထောက်ပံ့မှုလုပ်ငန်းများကို အကျိုးခံစားခွင့်ရှိသူများထံ Online Payment ကိုသာ အဓိကထားဆောင်ရွက်မည်ဖြစ်သဖြင့် အကျိုးခံစားခွင့်ရှိသူ အထူးသဖြင့် သက်ကြီးလူမှုရေးပင်စင်ရရှိမည့် အဘိုးအဘွားများအနေဖြင့် အခြေခံအကျဆုံးသော ဒစ်ဂျစ်တယ်နည်းပညာဖြစ်သည့် Mobile Phone မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ Online မှ တစ်ဆင့် သတင်းရယူခြင်း၊ လေ့လာခြင်း၊ ကျန်းမာရေး အပါအဝင် လိုအပ်သည့် လူမှုရေး အကူအညီများကို တောင်းခံနိုင်မည်ဆိုပါက သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံအတွင်း ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ရာတွင် သက်ကြီးရွယ်အိုများအရေးပါ စဉ်းစားပေးကြရန် အကြံပြုအပ်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ သက်ကြီးရွယ်အိုအချိုးအစား များပြားလာသည့်အတွက်

*စာမျက်နှာ ၁၁ သို့*

# မြောက်ဦးခရိုင်ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၉

**ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။**

ထိုသို့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင်လည်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် မြောက်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေကျပ် သိန်း ၂၀၊ ဆေးရုံကြီး၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ နှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ယာပုံ)**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကလေးဝမြို့နယ် မဟာမြိုင်တောရသဲဖြူဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာဇောတနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းထားသည့် အောက်ဆီဂျင်စက်ရုံ စတင်ထုတ်လုပ်လည်ပတ်နေမှုများနှင့် ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ပင်လုံတပ်ဦးပရိယတ္တိစာသင်တိုက်



တွင် ကလေးမြို့ မြို့မိမြို့ဖများနှင့် ပြည်သူလူထုများက စုပေါင်းလှူဒါန်းထားသည့် အောက်ဆီဂျင်စက်ရောက်ရှိမှုနှင့် တပ်ဆင်လည်ပတ်ထုတ်လုပ်နေမှုများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ကျောက်ကြီးမြို့နယ်တွင် အောက်ဆီဂျင်ထုတ်စက် စမ်းသပ်လည်ပတ်

**ကျောက်ကြီး စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ဒေသခံပြည်သူများ၏ လှူဒါန်းငွေဖြင့် ဝယ်ယူခဲ့သည့် Oxygen Plant စက်သစ်ကို ယနေ့ နံနက်ပိုင်းမှ စတင်၍ စမ်းသပ်လည်ပတ်လျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်စက်သစ်ကို စက်ထားရှိမည့် အဆောက်အအုံမပြီးမီ ကုန်းကျောင်းပရိယတ္တိ စာသင်တိုက်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ယာယီထားရှိမည်ဖြစ်ပြီး အောက်ဆီဂျင်စက် လည်ပတ်ထုတ်လုပ် ဖြန့်ဖြူးနိုင်ပါက အောက်ဆီဂျင် လိုအပ်နေသည့် ဒေသခံပြည်သူများ အသုံးပြုနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

---

*စာမျက်နှာ ၉ မှ*

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရတိုင်းသည်လည်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုအရ ဘာသာတိုင်းအပေါ် အလေးထား အားပေးချီးမြှောက်ခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ဝါတွင်းသုံးလကာလ၌ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူတော်ငွေ ပေးအပ်ပွဲများကို အပတ်စဉ် ကျင်းပပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများသာမက ဟိန္ဒူဘာသာရေးအသင်းအဖွဲ့များ၊ ခရစ်ယာန်မျက်မမြင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ မွတ်စလင် လူမှုရေးအသင်းအဖွဲ့များကိုပါ ပေးအပ်လှူဒါန်းခဲ့ပေသည်။

သမ္မတ ဦးသိန်းစိန် အစိုးရခေတ်ကာလတွင်လည်း ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ယုံကြည်လေးစားမှု နားလည်စာနာမှုများ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရလက်ထက်တွင်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကအသိအမှတ်ပြုထားသော လူအများစု ကိုးကွယ်ရာ ဗုဒ္ဓဘာသာအပြင် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် နတ်ကိုးကွယ်မှုတို့ကို နိုင်ငံတော်တွင်ရှိနေသော ကိုးကွယ်ရာ ဘာသာများအဖြစ် အသိအမှတ်ပြုပြီး ကူညီထောက်ပံ့စောင့်ရှောက်ပေးလျက်ရှိသည်။

သို့ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးကို မလိုလားသူ ပြည်ဖျက်အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံအချို့သည် ရှေးအတီအတေကတည်းက ဘာသာတရားအသီးသီး၏ မွန်မြတ်သည့်အဆုံးအမအောက်တွင် ညီရင်းအစ်ကိုမောင်ရင်းနှမ စိတ်ဓာတ်အစဉ်အလာကောင်းတို့နှင့် ချစ်ကြည်ရင်းနှီးစွာအတူယှဉ်တွဲနေထိုင်ခဲ့ကြသော ဘာသာရေးအသင်းအဖွဲ့များနှင့် ဘာသာဝင်များ အချင်းချင်းအကြား အထင်မှား၊ အမြင်မှားဖြင့် စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်လာစေရန် ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးချ၍ သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။

သို့ဖြင့် မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာဝင်များ၏ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ၊ ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားရှိခိုးကျောင်းများ၊ အစ္စလာမ်ဘာသာဝင်များ၏ ဗလီများနှင့် ဟိန္ဒူဘာသာဝင်များ၏ ဘုရားကျောင်းများ အတူယှဉ်တွဲတည်ရှိနေမှုနှင့် နိုင်ငံသားများအကြား သမိုင်းနှင့်ချီသော လူမှုရေးသဟဇာတဖြစ်ထွန်းမှုများကို ဘာသာဝင်အားလုံးက အသိသတိဖြင့် အလေးထားထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါ၏။ ။

=======

**ကျမ်းကိုး – ညီသောင်း၏ ဘာသာကြီးလေးခုအနှစ်သာရများ။**

---

*စာမျက်နှာ ၁၀ မှ*

ကာကွယ်စောင့်ရှောက်နိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆ ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ပြီးလည်း ဖြစ်ပါသည်။ ထိုဥပဒေတွင်လည်း သက်ကြီးရွယ်အိုအရေးအား လုပ်ငန်းတိုင်း၊ အဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစားကာ အခြေခံအခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်နိုင်ရေးများ သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ သက်ကြီးရွယ်အိုများ၏ ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် အမှီအခိုကင်းစွာ ရပ်တည်နိုင်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပုံမှန်အားဖြင့် အငြိမ်းစားယူသည့် အသက်အရွယ်သည် အသက် ၆၀ နှစ် ဖြစ်သောကြောင့် အများစုသည် ထိုအသက်အရွယ်တွင် လုပ်အားနှုန်းရှိကြသေးသည်ဖြစ်ရာ အလုပ် တစ်ခုမဟုတ်တစ်ခု လုပ်လိုကြကြောင်း တွေ့ရှိရပါသည်။

### သက်ကြီးလုပ်သားများအတွက်

ထို့ကြောင့် သက်ကြီးလုပ်သားများအတွက်လည်း ထည့်သွင်းစဉ်းစားပေးကြရမည် ဖြစ်ပါသည်။ ထိုလုပ်အားများသည် သက်ဆိုင်ရာ သက်ကြီးရွယ်အိုများ၏ ဝင်ငွေဖြစ်သလို နိုင်ငံ့အကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေနိုင်မည်ဖြစ်ပါသည်။ ထိုတန်ဖိုးများကို မဆုံးရှုံးစေရန်အတွက် အစိုးရကဏ္ဍကရော ပုဂ္ဂလိကကဏ္ဍကပါ အခွင့်အရေးပေးခြင်း၊ ပါဝင်ခွင့်ပေးခြင်းများ ဆောင်ရွက်စေသင့်ပါသည်။ အချိန်ပြည့် မဟုတ်သော အချိန်ပိုင်းလုပ်ငန်းများ ဖန်တီးပေးနိုင်ပါသည်။ ထိုအခါသက်ကြီးရွယ်အိုများအနေဖြင့် အခြေခံ ဒစ်ဂျစ်တယ်ပညာရပ်များ အထိုက်အလျောက် သုံးစွဲတတ်နေမည်ဆိုပါက ၎င်းတို့တွင် ရှိပြီးဖြစ်သည့် ကြွယ်ဝသော ဗဟုသုတအတွေ့အကြုံများနှင့် ပေါင်းစပ်ပါဝင်ခြင်းဖြင့် နိုင်ငံ့လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများအား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတများ လေ့လာနိုင်စေရန်၊ တတ်မြောက်အသုံးချနိုင်စေရန် အဖွဲ့အစည်းအားလုံးက ကူညီပေးကြရမည် ဖြစ်ပါသည်။ သို့မှသာ ၎င်းတို့အတွက် အမှီအခိုကင်းသောဘဝရပ်တည်မှုနှင့် လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့မှုကို ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူဦးရေစာရင်းဇယားများကို လေ့လာကြည့်ပါက လူဦးရေအသက်အရွယ်ပြောင်းလဲမှုသည် မကြာသေးမီကပင် ဆယ်စုနှစ်များအလိုက် ပြောင်းလဲမှုရှိပြီး နောက်လာမည့် ဆယ်စုနှစ်များတွင် သိသာစွာပြောင်းလဲလာနိုင်မှုရှိပါသည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ မွေးဖွားနှုန်းများ ကျဆင်းလာခြင်းနှင့် လူ့မျှော်မှန်းသက်တမ်းတိုးတက်လာခြင်းများကြောင့် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၆၀ နှစ်နှင့် အထက် လူဦးရေအချိုးမှာ ၈ ဒသမ ၉ ရာခိုင်နှုန်း သက်ကြီး ၄ ဒသမ ၅ သန်းခန့်ရှိကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၂၀ ဒသမ ၂ ရာခိုင်နှုန်းအထိ နှစ်ဆခန့် မြင့်တက်လာနိုင်ဖွယ်ရှိနေပါသည်။

ထို့ကြောင့် ကဏ္ဍနယ်ပယ်အားလုံးတွင် သက်ကြီးရွယ်အိုများ၏ အရေးကို ထည့်သွင်း လုပ်ဆောင်ကြရန် အရေးကြီးလာကြောင်း တွေ့ရပါသည်။ သက်ကြီးရွယ်အိုနှုန်း တိုးပွားမှုကို နိုင်ငံအကျိုးအတွက် မည်ကဲ့သို့ ရယူဆောင်ရွက်မည်ဆိုသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ကြီးရွယ်အိုဆိုင်ရာမူဝါဒ ရေးဆွဲခြင်း၊ သက်ကြီးရွယ်အိုဥပဒေ ပြဋ္ဌာန်းခြင်းနှင့် သက်ကြီးလူမှုရေးပင်စင်ကို လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်မှနေ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုအစီအစဉ် ရေရှည်တည်တံ့ရေးအတွက် အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများကပါ ဝိုင်းဝန်းကူညီပံ့ပိုးစောင့်ရှောက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြရလျှင် နိုင်ငံ၏ ကဏ္ဍအားလုံးက သက်ကြီးရွယ်အိုများ နောက်ကျကျန်မှုမရှိစေရန် တိုးတက်လာသော နည်းပညာများနှင့် ဒစ်ဂျစ်တယ်နည်းပညာများကို သက်ကြီးရွယ်အိုများပါ ရယူသုံးစွဲခွင့်ရရှိစေပြီး ၎င်းတို့၏ လူ့အသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိစွာ ပါဝင်မှုကို သေချာစေရန်၊ အမှီအခိုကင်းစွာ ရပ်တည်နိုင်စေရန်အတွက် ယခုနှစ် သက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်ဖြစ်သည့် “**သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေး ပါဝင်ကြ** – Digital Equality for All Ages” အတိုင်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရင်း မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးမှုကို ပြသကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

❀ ရှေ့ဖုံးမှ

တည်ဆောက်ခြင်း ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဆောင်ရွက်နေသော လှိုင်မြစ်ဘေး ကန်ကလေး လျှပ်စစ်မြစ်ရေတင် ရေယူအဆောက်အအုံမှ မြေသားမြောင်း အရှည် ၅ ဒသမ ၅ မိုင် တူးဖော်ခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်း၊ ပင်မရေငြိမ်ကန်ပြုပြင်ခြင်း၊ မြောင်းခွဲအဆောက်အအုံ ခြောက်ခု၊ ကားလမ်းကူးတံတား ကိုးစင်း၊ တိုက်ရိုက်ရေထုတ်ပေါက် ငါးခု၊ ရေဆိုးထုတ်အဆောက်အအုံ ရှစ်ခု၊ ရေထိန်းအဆောက်အအုံ ငါးခု၊ ရေပိုလွှဲ လေးခု၊ မြောင်းဆုံးအဆောက်အအုံ တစ်ခု၊ မြေသားမြောင်းများ ကွန်ကရစ်လိုင်နင်စီခြင်း ပေ ၁၀၀၀၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ၊ အထောက်အကူပြုလုပ်ငန်းများ၊ တူးမြောင်းမြေယာ ၁၄၅ ဧက ကရဏာကြေးပေးချေခြင်း၊ စက်ယန္တရားများသယ်ပို့ခြင်း ၆၅ ရာခိုင်နှုန်း၊ ၃၀ လက်မ MS မြစ်ရေတင် ပိုက်လိုင်းနှစ်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ၃၅ ရာခိုင်နှုန်း၊ လှိုင်မြစ်ရေတင်နေရာတွင် 3.3/0.4V Power & LT Line Installation ၂၀ ရာခိုင်နှုန်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်နေသော ဓာတ်အားခွဲရုံ အဆောက်အအုံနှင့် မြို့ပြဆိုင်ရာလုပ်ငန်း ၆၀ ရာခိုင်နှုန်း၊ လှိုင်မြစ်ရေတင်နေရာမှ ရေတွန်းစက်ဓာတ်အားခွဲရုံနှင့် ကန်ကလေးလျှပ်စစ်ရေတင်လုပ်ငန်း ဓာတ်အားခွဲရုံများသို့ 33KV ဓာတ်အားလိုင်း နှစ်လိုင်း တည်ဆောက်ခြင်း ၇၈ ရာခိုင်နှုန်း၊ ဆက်စပ်မြေအောက် ဓာတ်ကြိုးများချမြှုပ်ခြင်းလုပ်ငန်း ၁၅ ရာခိုင်နှုန်း၊ 33/6.6KV, 4MVA ရေတွန်းစက် ဓာတ်အားခွဲရုံနှင့် 33/3.3KV, 2.5MVA ကန်ကလေးလျှပ်စစ်မြစ်ရေတင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ယခုစီမံကိန်းပြီးစီးပါက လာမည့်နွေရာသီတွင် လှော်ကား ရေလှောင်ကန်မှတစ်ဆင့် ရန်ကုန်မြို့ကို သောက်သုံးရေဖူလုံစွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဒေါက်တာဇော်ဝင်းသည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် ဆန်စပါးသုတေသနဌာန မြေနေရာဝင်းအတွင်း လှိုင်မြစ် - လှော်ကား ရေအားဖြည့်စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကော်မတီဝင်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေတွန်းစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ အနည်ထိုင်ကန် တူးဖော်ခြင်းလုပ်ငန်းနှင့် ပြည်လမ်းတစ်လျှောက် 1600mm HDPE ပိုက်ဆက်သွယ်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်



လှော်ကား ရေလှောင်ကန်မှ ရေပေးဝေနေမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက ရှင်းလင်း တင်ပြစဉ်။



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများတင်သွင်းစဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ကျိုင်းတုံနှင့် မြဝတီကုန်သွယ်ရေးစခန်းငါးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီခြောက်ခုမှ ယာဉ်စီးရေ ရှစ်စီးဖြင့် အောက်ဆီဂျင်(အရည်) Bowserယာဉ် သုံးစီးဖြင့် ၄၃ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၁၈၉၂ ခု၊ Oxygen Plant ခုနစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၄၀၁ ခုနှင့် နှာခေါင်းစည်း(Mask) ၀ ဒသမ ၄၅ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်သုံးစီးမှာ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မော်လမြိုင်မြို့ တို့သို့ တစ်စီးစီဖြစ်ပြီး Oxygen Plant ခုနစ်ခုမှာ ရန်ကုန်မြို့သို့ ငါးခု၊ ကွတ်ခိုင်မြို့သို့ တစ်ခုနှင့် ကျိုင်းတုံမြို့သို့တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

**ဦးစားပေးတင်သွင်း**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ဆက်လက်ဆောင်ရွက်

### စားအုန်းဆီ ပိဿာ ၃၅၆၃၄၅၀ ၊ တန်ချိန် ၅၈၂၃ တန် ရောင်းချခဲ့ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီပိဿာ ၃၅၆၃၄၅၀၊ တန်ချိန် ၅၈၂၃ တန် ရောင်းချခဲ့ပြီး ဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကာ စားအုန်းဆီများကို လက်ကားဝယ်ယူ ရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (၂ ရာခိုင်နှုန်း)ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာစမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အနောက်တောင် မုတ်သုံလေ ဆုတ်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၉**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။

မိုး/ဇလ

## ဗန်းမော်ခရိုင် ကိုဗစ်စင်တာများတွင် ကုသနေသောလူနာများအတွက် အာဟာရဖြည့်အစားအစာနှင့် ကိုဗစ်အသုံးအဆောင်များ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကွပ်ကဲမှုအောက်ရှိ ဗန်းမော်ခရိုင်အတွင်း ကိုဗစ်စင်တာများတွင် တက်ရောက်ဆေးကုသနေသော ကိုဗစ်လူနာများအတွက် အာဟာရဖြည့်အစားအစာများအပြင် ဆေးဝါးအသုံးအဆောင်များဖြစ်သော Mask၊ Hand Gel များကို ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့်အဖွဲ့ဝင်များက ဗန်းမော် ပြည်သူ့ဆေးရုံကြီး၏ကြီးကြပ်မှုအောက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသော ကုသမှုစင်တာသို့ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကီရှီးဒါးကို LDP ဥက္ကဋ္ဌသစ်အဖြစ် ရွေးကောက်တင်မြှောက်



ဂျပန်နိုင်ငံ၏ အဓိကအာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) ၏ ခေါင်းဆောင်သစ် ရွေးချယ်ပွဲတွင် အနိုင်ရရှိသွားသော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမူဝါဒရေးရာ သုတေသနကောင်စီ ဥက္ကဋ္ဌဟောင်း ကီရှီးဒါး ဖူမီယို။

**တိုကျို စက်တင်ဘာ ၂၉**

ဂျပန်နိုင်ငံ၏ အဓိကအာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) ၏ ခေါင်းဆောင်သစ် ရွေးချယ်ပွဲတွင် ယခင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ မူဝါဒရေးရာသုတေသနကောင်စီဥက္ကဋ္ဌ ကီရှီးဒါး ဖူမီယိုကို ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။ အဆိုပါ ပါတီဥက္ကဋ္ဌရာထူးကိုလက်ခံရရှိသူသည် လက်ရှိ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသော ဆူဂါယိုရှိဟီဒဲပြီးနောက် ဆက်ခံမည့် ဝန်ကြီးချုပ်သစ် ဖြစ်လာမည့်သူဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုနှင့် ကီရှီးဒါးတို့ကြား အပြိုင်အဆိုင် အားပြိုင်မှုကြောင့် ထွက်ပေါ်လာသော ရလဒ်တစ်ခု ဖြစ်သည်။ ဝါရင့်နိုင်ငံရေးသမားကြီးနှစ်ဦးတို့သည် ပထမအကျော့ မဲပေးရွေးချယ်မှုတွင် ၅၀ ရာခိုင်နှုန်းကျော်မရရှိနိုင်ကြဘဲ တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ် ဖြစ်လျက်ရှိသည်။

နောက်ဆုံးအဆင့်ရွေးချယ်မှုတွင် ကီရှီးဒါးက ကိုနိုကို ၂၅၇ မဲ ၁၇၀ မဲဖြင့် အနိုင်ရရှိခဲ့သည်။ တနင်္လာနေ့တွင် လွှတ်တော်အဖွဲ့ဝင်များက နိုင်ငံ၏ ဝန်ကြီးချုပ်သစ်ကို ရွေးချယ်ကြမည်ဖြစ်သည်။

ကီရှီးဒါးသည် ဝန်ကြီးချုပ်သစ်ဖြစ်လုနီးပါး ကြိမ်းသေသလောက် ရှိသည်။ LDP နှင့် ၎င်း၏ မဟာမိတ် ကိုမိတိုသည် လွှတ်တော်နှစ်ရပ်လုံးကို ထိန်းချုပ်ထားသည်။ **အင်န်အိတ်ချ်ကေ**

# နေတိုးရေတပ်သင်္ဘောစု ဂျော်ဂျီယာ ပင်လယ်နက်ဆိပ်ကမ်းသို့ ရောက်ရှိ

**တာဘလစ်ဆီ စက်တင်ဘာ ၂၉**

ဂျော်ဂျီယာအနောက်ပိုင်းမြို့တော် ဘာတူမီပင်လယ်နက်ဆိပ်ကမ်းသို့ စက်တင်ဘာ ၂၈ ရက်က စစ်သင်္ဘောတစ်စင်း ဆိုက်ရောက်လာခဲ့သည်။

ဘာတူမီသည် အဆိုပါရက်၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO) ၏ တန်ပြန်စစ်ဆင်ရေးတပ်ဖွဲ့မှ သင်္ဘောငါးစင်းကို လက်ခံခဲ့ကြောင်း နိုင်ငံ၏ နယ်ခြားစောင့်ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။



ဂျော်ဂျီယာအနောက်ပိုင်း မြို့တော် ဘာတူမီပင်လယ်နက်ဆိပ်ကမ်းသို့ရောက်ရှိလာသော နေတိုးစစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

အမြဲတမ်း နေတိုးမိုင်းတန်ပြန်ဆောင်ရွက်ရေး အုပ်စု-၂ (SNMCMG2) ၏ ဘူလ်ဂေးရီးယား၊ အီတလီ၊ ရိုမေးနီးယား၊ တူရကီနှင့် စပိန်နိုင်ငံ ရေတပ်များမှ သင်္ဘောငါးစင်းကို ဂျော်ဂျီယာအနောက်ပိုင်းမြို့ ဘာတူမီတွင် သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်များက ကြိုဆိုခဲ့ကြသည်။

ဂျော်ဂျီယာ ကမ်းခြေစောင့်တပ်ဖွဲ့နှင့် SNMCMG2 အဖွဲ့တို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှု မပြုခင် ဂျော်ဂျီယာ၏ ပင်လယ်နက်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ဂျော်ဂျီယာကမ်းခြေစောင့်တပ်ဖွဲ့အပေါ် နေတိုး၏ ကြီးကြပ်အကဲဖြတ်မှုများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် ဂျော်ဂျီယာနှင့် နေတိုး ရေကြောင်းတပ်ဖွဲ့များကြား စစ်ဆင်ရေးဆိုင်ရာ စွမ်းဆောင်မှုများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ထားကြောင်း ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားသည်။ **ဆင်ဟွာ**

# အသံထက်မြန်သော ဒုံးကျည်စမ်းသပ်ခဲ့ကြောင်း မြောက်ကိုရီးယားမီဒီယာအတည်ပြု

**ပြုံယမ်း စက်တင်ဘာ ၂၉**

မြောက်ကိုရီးယား သတင်းစာတစ်စောင်က မြောက်ကိုရီးယား နိုင်ငံသည် ၎င်း၏ ပထမဆုံး အသံထက်မြန်သော ဒုံးကျည်ကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက စမ်းသပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။



မြောက်ကိုရီးယားတွင် အသံထက်မြန်သော ဒုံးကျည် စမ်းသပ်ပစ်လွှတ်နေသည်ကို တွေ့ရစဉ်။

ဟွာဆောင်-၈ ဒုံးကျည်ကို နိုင်ငံမြောက်ပိုင်း ဂျာဂန်ပြည်နယ်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အာဏာရအလုပ်သမားပါတီ သတင်းစာ ရိုဒွန်ဆင်မွန်က စက်တင်ဘာ ၂၉ ရက်က ဖော်ပြခဲ့သည်။ လိမ္မော်ရောင်မီးခိုးများ မှုတ်ထုတ်တွန်းကန်ပြီး အထက်သို့တက်သွားသော အဆိုပါဒုံးကျည်၏ ပုံရိပ်ကို ၎င်းသတင်းစာတွင် ဖော်ပြထားသည်။

ပါတီ၏ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ပက်ဂျုန်ချွန်သည် အဆိုပါ ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို ကြည့်ရှုခဲ့သည်။ ပက်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် နီးစပ်သူတစ်ဦး ဖြစ်သည်။

ကာကွယ်ရေး သိပ္ပံပညာရှင်များသည် ဒုံးကျည်၏လမ်းကြောင်းနှင့် အခြေအနေတည်ငြိမ်မှုတို့ကို အတည်ပြုခဲ့ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။ ဒုံးကျည်သည် လိုအပ်ချက်အားလုံးကို ပြည့်မီပြီး နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်မှုကို ပိုမိုခိုင်မာတောင့်တင်းစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်ထိပ်တန်းဗိုလ်ချုပ်ကြီးက အာဖဂန်စစ်ပွဲသည် မဟာဗျူဟာအမှားဖြစ်ကြောင်း သက်သေခံပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန် ပူးတွဲကာကွယ်ရေးဦးစီးချုပ်ရုံး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မာ့ခ်မီးလီက စက်တင်ဘာ ၂၈ ရက် လွှတ်တော်ကြားနာမှုအတွင်း တာလီဘန်တို့အာဏာပြန်ရခြင်းနှင့်အတူ အမေရိကန်တို့ အာဖဂန်မြေမှဆုတ်ခွာခြင်းသည် မဟာဗျူဟာအမှားဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်၊ အမေရိကန်ဗဟိုစစ်ဌာနချုပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး ကန်းနက်မက်ကန်ဇီတို့နှင့်အတူ မီးလီသည် လွှတ်တော်မစတင်မီ ပထမဆုံးအကြိမ် ယင်းကိစ္စကို သက်သေခံပြောကြားခဲ့သည်။

"ဒါကရှင်းပါတယ်။ အာဖဂန်နစ္စတန် စစ်ပွဲဟာ ကျွန်တော်တို့လိုချင်တဲ့ပုံစံနဲ့ ပြီးဆုံး ခဲ့တာမဟုတ်ပါဘူး။ အခုဆိုရင် ကဘူးလ်မှာ တာလီဘန်တွေ အာဏာပြန်ရသွားပြီ" ဟု မီးလီက လွှတ်တော်စစ်ကော်မတီသို့ ပြောကြားခဲ့သည်။

"မဟာဗျူဟာအရတော့ စစ်ပွဲကိုရှုံးနိမ့်ခဲ့ပါတယ်။ ရန်သူတွေဟာ ကဘူးလ်မှာပဲရှိသေးတယ်။ စစ်ဆင်ရေးနဲ့ နည်းစနစ်ပိုင်းမှာ အောင်မြင်မှုရခဲ့သော်လည်း မဟာဗျူဟာအရတော့ ကျဆုံးခဲ့ပါတယ်" ဟု ဩဂုတ်လလယ်ကတည်းက လုပ်ဆောင်ခဲ့သော ကယ်ဆယ်ရွှေ့ပြောင်းမှု အများအပြားကို ရည်ရွယ်ပြီး မီးလီက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ဝေဒနာပြင်းထန်စွာ ခံစားနေရသူ အယောက် ၁၀၀၀ အောက်ကျဆင်း

**တိုကျို စက်တင်ဘာ ၂၉**

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၉ ရက်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဝေဒနာ ပြင်းထန်စွာ ခံစားနေရသူပေါင်း ၉၉၈ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ဝေဒနာ ပြင်းထန်စွာ ခံစားနေရသူအရေအတွက်သည် ယခင်ရက်ကထက် ၆၄ ဦးပိုပြီးလျော့နည်းလာကြောင်း နှင့် ဩဂုတ် ၅ ရက်မှစကာ ပထမဆုံးအကြိမ်အဖြစ် ၁၀၀၀ အောက် လျော့နည်းလာခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ဝေဒနာပြင်းထန်စွာခံစားနေရသူများမှာ အသက်ရှူအထောက်အကူပြုကိရိယာလိုအပ်သူ၊ ECMO နှလုံး-အဆုတ်အထောက်အကူပြုစက်ပစ္စည်းလိုအပ်သူ သို့မဟုတ် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ အများစုဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ အာဖဂန်ကယ်တင်ရေးလုပ်ငန်းစဉ်ဖရိုဖရဲဖြစ်မှု ဗိုလ်ချုပ်ကြီးများအား မေးခွန်းထုတ်စရာဖြစ်လာ

**ကေကေစိုး**




ကဘူးလ်လေဆိပ်တွင် အာဖဂန်မိသားစုတစ်စုကို စောင့်ရှောက်ပေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

- **အာဖဂန်အစိုးရအဖွဲ့ လျင်လျင်မြန်မြန်ပြိုလဲသွားသောကြောင့် အမေရိကန်အနေဖြင့် အံ့အားသင့်ခဲ့ရကြောင်း ဗိုလ်ချုပ်မေလ်လီက ပြောသည်။ အမေရိကန် ဗိုလ်ချုပ်ကြီးနှစ်ဦးမှာ ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့်အတူ လွှတ်တော်တွင် စက်တင်ဘာ ၂၈ ရက်က မေးမြန်းခံခဲ့ရခြင်းဖြစ်သည်။ ကဘူးလ်မြို့လေဆိပ်မှ ဆုတ်ခွာရာတွင် ဖရိုဖရဲဖြစ်မှုများ၊ ထောင်နှင့်ချီသည့် အာဖဂန်များက ၎င်းတို့ကို ကယ်ဆယ်ပေးရန် တောင်းဆိုမှုများနှင့် အင်အားကြီးနိုင်ငံများက ၎င်းတို့နိုင်ငံသားများကို ပြန်လည်ခေါ်ယူရေးလုပ်ဆောင်မှုများပြီးနောက် သီတင်းပတ်အနည်းငယ်အကြာတွင် ယခုလို ကြားနာမှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်**

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များအားလုံး မဆုတ်ခွာမီ တပ်ဖွဲ့ဝင် ၂၅၀၀ ကို ဆက်လက်ထားရှိရန် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ထံ အကြံပြုခဲ့ကြသည်ဟု အမေရိကန်ထိပ်တန်း ဗိုလ်ချုပ်များက စက်တင်ဘာ ၂၈ ရက်တွင် ပြောသည်။

**အကြံပြုခဲ့ကြ**

တာလီဘန်များက အယ်ကိုင်ဒါများနှင့် အဆက်အစပ်ရှိမည်ကိုလည်း စိုးရိမ်မိသည်ဟု ၎င်းတို့က ပြောကြားခဲ့ကြသည်။ ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌ ဗိုလ်ချုပ်မာ့ခ်မေလ်လီနှင့် အမေရိကန် ဗဟိုကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကန်နက်မက်ကန်ဇီတို့က အာဖဂန်မြေပြင်တွင် တပ်ဖွဲ့ဝင်အင်အား ၂၅၀၀ ကို ဆက်လက်ထားရှိရန်အတွက် ပုဂ္ဂိုလ်ရေးရာအရ အကြံပြုခဲ့သည်ဟုပြောသည်။

**လွှတ်တော်တွင် မေးမြန်းခံရ**

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ဧပြီလအတွင်းက အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၃၁ ရက်တွင် အပြီးရုပ်သိမ်းရန်အတွက် အမိန့်ပေးခဲ့သည်။ အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့်နှင့် တာလီဘန်တို့ သဘောတူညီမှုရရှိပြီးနောက် ယင်းသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မေလ်လီ၊ မက်ကန်ဇီနှင့် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် အမေရိကန်တပ်များ အာဖဂန်နစ္စတန်မှ ရုပ်သိမ်းရေးနှင့် ကဘူးလ်လေဆိပ်မှ ဖရိုဖရဲ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အထက်လွှတ်တော် ကော်မတီအဖွဲ့ဝင်များရှေ့မှောက်တွင် ၆ နာရီကြာ မေးမြန်းခံခဲ့ရသည်။

**အံ့အားသင့်ခဲ့ရ**

တာလီဘန်များသည် ဩဂုတ်လအတွင်း အာဏာပြန်လည်ရရှိသွားသည်။ တိုင်းပြည်ကို လျင်လျင်မြန်မြန် သိမ်းယူပြီးနောက် ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်အစိုးရအဖွဲ့ လျင်လျင်မြန်မြန်ပြိုလဲသွားသောကြောင့် အမေရိကန်အနေဖြင့် အံ့အားသင့်ခဲ့ရကြောင်း ဗိုလ်ချုပ်မေလ်လီက ပြောသည်။ အမေရိကန် ဗိုလ်ချုပ်ကြီးနှစ်ဦးမှာ ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့်အတူ လွှတ်တော်တွင် စက်တင်ဘာ ၂၈ ရက်က မေးမြန်းခံခဲ့ရခြင်းဖြစ်သည်။ ကဘူးလ်မြို့လေဆိပ်မှ ဆုတ်ခွာရာတွင် ဖရိုဖရဲဖြစ်မှုများ၊ ထောင်နှင့်ချီသည့် အာဖဂန်များက ၎င်းတို့ကို ကယ်ဆယ်ပေးရန် တောင်းဆိုမှုများနှင့် အင်အားကြီးနိုင်ငံများက ၎င်းတို့နိုင်ငံသားများကို ပြန်လည်ခေါ်ယူရေး လုပ်ဆောင်မှုများ ပြီးနောက် သီတင်းပတ် အနည်းငယ်အကြာတွင် ယခုလို ကြားနာမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**သဘောထားကွဲလွဲသည့်အကြံပြုချက်များ ရရှိခဲ့သည်ဟုဆို**

အာဖဂန်မြေမှ ထွက်ခွာရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း အသေခံဗုံးကွဲမှုကြောင့် လူပေါင်း ၁၈၂ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ဩဂုတ် ၂၆ ရက် လေဆိပ်ဂိတ်တွင် တိုက်ခိုက်မှုကြောင့် အာဖဂန် ၁၆၉ ဦး သေဆုံးခဲ့ပြီး အမေရိကန် ၁၃ ဦး သေဆုံးခဲ့ရသည်။ အာဖဂန်နစ္စတန်တွင် ပြုမူဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး သမ္မတဂျိုးဘိုင်ဒင်နှင့် သဘောထားကွဲလွဲသည့် အကြံပြုချက်များရရှိခဲ့သည်ဟု အိမ်ဖြူတော် သတင်းထုတ်ပြန်ရေး ဂျန်ပစာကီက ပြောသည်။ အယ်ကိုင်ဒါများက ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် နယူးယောက်နှင့် ဝါရှင်တန်တို့ကို တိုက်ခိုက်ပြီးနောက် အမေရိကန်ပြည်ထောင်စုသည် အာဖဂန်နစ္စတန်ကို ကျူးကျော်မှုများ ပြုလုပ်ခဲ့သည်။

**ယုံကြည်မှုပုံရိပ်ကို ပျက်စီးစေခဲ့**

ရီပတ်ဘလစ်ကန် လွှတ်တော် အမတ်များက မေလ်လီကို ရာထူးမှ နုတ်ထွက်ရန်အတွက် တောင်းဆိုခဲ့ကြသည်။ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အစီ အစဉ်မကျနဘဲ ဖရိုဖရဲဖြစ်မှုများအတွက် မေးခွန်းထုတ်ခံရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးမှာ ဗုံးခွဲ တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ အမေရိကန်၏ ယုံကြည်မှုပုံရိပ်ကို ပျက်စီးစေခဲ့သည်။

**အကာအကွယ်ပေးရမည်**

တာလီဘန်များသည် အကြမ်းဖက်အုပ်စုများနှင့် အဆက်အဆံရှိပြီး အယ်ကိုင်ဒါများနှင့် ဆက်ဆံရေးကို မချိုးဖျက်သေးဟု မေလ်လီက ပြောသည်။ အယ်ကိုင်ဒါများသည် ၉/၁၁ တိုက်ခိုက်မှုကို စီစဉ်ခဲ့ကြသူများဖြစ်သည်။ တာလီဘန်များအနေဖြင့် အာဏာကို ဆုပ်ကိုင်မထားနိုင်ဘဲ နောက်ထပ်ပြည်တွင်းစစ်တစ်ခုအတွင်းသို့ ကျရောက်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်ဟု ၎င်းက ပြောသည်။ အာဖဂန်နစ္စတန်မှ အကြမ်းဖက်တိုက်ခိုက်ရေးသမားများ ထွက်ပေါ်လာပြီး အမေရိကန်ပြည်သူများကို တိုက်ခိုက်ခံရမည့်အရေးမှ ကာကွယ်ပေးရမည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**သဘောပေါက်ခြင်းမရှိခဲ့**

အယ်ကိုင်ဒါများ ပြန်လည်ကြီးစိုးလာခြင်းနှင့် အမေရိကန်ကိုတိုက်ခိုက်ရန် ဖြစ်နိုင်ခြေများသည် နောင်အနာဂတ်တွင် ဖြစ်မလာနိုင်ဟု မပြောနိုင်ကြောင်း၊ ၎င်းတို့၏စွမ်းဆောင်ရည်ကို အကဲဖြတ်ရန်စောလွန်းနေသေးကြောင်း ၎င်းက ဆက်ပြောသည်။ အာဖဂန်လက်နက်ကိုင်တပ်ဖွဲ့၏ ဦးဆောင်မှုစွမ်းရည်နည်းပါးခြင်းနှင့် အကျင့်ပျက်ခြစားမှု အတိမ်အနက်ကို အမေရိကန်ပြည်ထောင်စုက ကောင်းစွာနားလည် သဘောပေါက်ခြင်းမရှိခဲ့ဟု အော်စတင်က ပြောသည်။ အမေရိကန်နှင့် မဟာမိတ်များသည် အာဖဂန်တပ်ဖွဲ့ကို ကောင်းစွာလေ့ကျင့်ပေးခဲ့ကြကြောင်း ကိစ္စရပ်များစွာတွင် အံ့အားသင့်စရာများနှင့် ကြုံတွေ့ခဲ့သည်ဟုလည်း ပင်တဂွန်အကြီးအကဲက ပြောသည်။

**ထောက်ပံ့ပေးနိုင်ခဲ့ခြင်းမရှိ**

အမေရိကန်ပြည်ထောင်စုသည် အာဖဂန်တပ်ဖွဲ့ကို ထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့သည်။ လက်နက်ကိရိယာများနှင့် လေယာဉ်များ ကျွမ်းကျင်နိုင်နင်းမှုရှိအောင် သင်ကြားပေးခဲ့သည်။ သို့သော်လည်း အဆုံးသတ်တွင် ၎င်းတို့အနိုင်ရရှိအောင်ထောက်ပံ့ပေးနိုင်ခဲ့ခြင်းမရှိဟု အော်စတင်ကပြောသည်။

**ဘီလီယံနှင့်ချီသုံးစွဲခဲ့**

အမေရိကန်တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်သို့ ၂၀၀၁ ခုနှစ်နှောင်းပိုင်းတွင် ဝင်ရောက်ခဲ့ကြသည်။ ၉/ ၁၁ တိုက်ခိုက်မှုအပြီး ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်မှစတင်၍ ၎င်းတို့ ထွက်ခွာသွားခဲ့ကြသည့်အချိန်အထိ အမေရိကန်ဒေါ်လာ ၉၈၅ ဘီလီယံ အကုန်ကျခံ သုံးစွဲခဲ့ကြသည်။ တပ်ဖွဲ့ဝင်များ ထောင်နှင့်ချီ ချထားခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် တပ်ဖွဲ့ဝင် ၁၁၀၀၀၀ အထိ ထားရှိခဲ့သည်။

**ခေါ်ထုတ်နိုင်ခဲ့**

ကဘူးလ်မြို့ တာလီဘန်များလက်ထဲသို့ ကျရောက်ပြီး သီတင်းပတ်များအတွင်း အမေရိကန်တပ်များ ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဆုတ်ခွာမှုများ ပြုလုပ်ခဲ့ရာ ကျန်ရှိနေသည့် တပ်ဖွဲ့ဝင်အင်အား ၄၀၀၀ ကို ခေါ်ထုတ်နိုင်ခဲ့သည်။ အာဖဂန်ဒုက္ခသည် ၅၀၀၀၀ ကိုလည်း ကဘူးလ်မြို့လေဆိပ်မှ ခေါ်ဆောင်နိုင်ခဲ့သည်။ တာလီဘန်များ အာဖဂန်နစ္စတန်ကိုသိမ်းယူပြီးနောက် လေဆိပ်တွင် လူများ စုပြုံတိုးလာခဲ့ရာ လူအုပ်ကြားထဲတွင် လူ ၂၀ အသက်ဆုံးရှုံးခဲ့ရသည်။ ။

ကိုးကား- အေအက်ဖ်ပီ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## စက်တင်ဘာ ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၄၂ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၅၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၇၆၈၂ ဦးရှိ

(၂၉-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့်နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်– ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်– ၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၈-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၉-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၇၀၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်– ၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၄၂)ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ကိုဗစ်– ၁၉ **ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၈ ဒသမ ၃) ရာခိုင်နှုန်းရှိပါသည်။**

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၉၉,၅၄၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်– ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၆၂,၆၀၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၅၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၆,၉၂၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၁)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၆၈၂) ဦးရှိပါသည်။

ကိုဗစ်– ၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၉-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၇,၇၉၉,၄၈၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၇၉၀,၇၅၂) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၀၀၈,၇၃၇) ဦးရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၈-၉-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၁၁,၅၉၀,၂၄၁) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၉-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၇၃၃)ခု | (၂၀၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၆)ခု | (၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၈)ခု | (၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၂)ခု | (၄)ဦး |
| ပြင်ဦးလွင်မြို့၊အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၅)ခု | (၂)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၉)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၂)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၄၆)ခု | (၁၃၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၀၅၁)ခု | (၁,၁၇၃)ဦး |
| စုစုပေါင်း | (၁၈,၇၀၂)ခု | (၁,၅၄၂)ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၂၈-၉-၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေ | (၄,၀၀၈,၇၃၇)ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေ | (၃,၇၉၀,၇၅၂)ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၇,၇၉၉,၄၈၉)ဦး |
| စုစုပေါင်းထိုးနှံပြီးသောကာကွယ်ဆေးအကြိမ်ပေါင်း (Vaccine Doses) | (၁၁,၅၉၀,၂၄၁) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်– ၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၉- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၀၅၅၆၉၂ | ၃၃၅၂၀၉၅၈ | ၇၁၁၂၂၂ |
| ၂။ | အိန္ဒိယ | ၃၃၇၁၆၄၅၁ | ၃၂၉၈၆၁၈၀ | ၄၄၇၇၈၁ |
| ၃။ | ဘရာဇီး | ၂၁၃၈၁၇၉၀ | ၂၀၃၈၃၂၄၃ | ၅၉၅၅၂၀ |
| ၄။ | ဗြိတိန် | ၇၇၃၆၂၃၅ | ၆၂၅၅၃၅၀ | ၁၃၆၃၇၅ |
| ၅။ | ရုရှား | ၇၄၈၇၁၃၈ | ၆၆၅၃၉၄၁ | ၂၀၆၃၈၈ |
| ၆။ | တူရကီ | ၇၀၉၅၅၈၀ | ၆၅၅၂၇၇၁ | ၆၃၆၁၁ |
| ၇။ | ပြင်သစ် | ၇၀၀၂၃၉၃ | ၆၇၅၀၂၄၁ | ၁၁၆၆၁၅ |
| ၈။ | အီရန် | ၅၅၇၂၉၆၂ | ၅၀၀၉၆၇၃ | ၁၂၀၁၆၀ |
| ၉။ | အာဂျင်တီးနား | ၅၂၅၃၇၆၅ | ၅၁၁၅၀၈၄ | ၁၁၅၀၃၈ |
| ၁၀။ | ကိုလံဘီယာ | ၄၉၅၄၃၇၆ | ၄၇၉၅၉၇၅ | ၁၂၆၂၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၉- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၁၃၄၁၄ | ၄၀၃၄၁၇၆ | ၁၄၁၈၂၆ |
| ဖိလစ်ပိုင် | ၂၅၃၅၇၃၂ | ၂၃၆၅၂၂၉ | ၃၈၁၆၄ |
| မလေးရှား | ၂၂၂၀၅၂၆ | ၂၀၂၀၀၉၉ | ၂၅၉၃၅ |
| ထိုင်း | ၁၅၉၁၈၂၉ | ၁၄၅၉၇၈၆ | ၁၆၆၂၀ |
| ဗီယက်နမ် | ၇၇၉၃၉၈ | ၅၈၃၅၀၉ | ၁၉၀၉၈ |
| မြန်မာ | ၄၆၂၆၀၈ | ၄၁၆၉၂၇ | ၁၇၆၈၂ |
| ကမ္ဘောဒီးယား | ၁၁၁၆၇၃ | ၁၀၂၂၂၂ | ၂၃၀၂ |
| စင်ကာပူ | ၉၁၇၇၅ | ၇၆၂၂၁ | ၈၅ |
| လာအို | ၂၃၄၈၈ | ၁၈၇၀၅ | ၁၇ |
| ဘရူနိုင်း | ၆၉၅၀ | ၄၇၂၂ | ၄၀ |

# Booster Dose ကို အသက် ၆၅ နှစ်အထက် အသက်ကြီးသူတွေ၊ ပြင်းထန်စွာရောဂါ ဖြစ်ပွားနိုင်ခြေရှိတဲ့သူတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ အန္တရာယ်ရှိတဲ့အခြေအနေမှာ တာဝန်ထမ်းဆောင်နေသူတွေကို ထိုးနှံပေးဖို့လိုအပ်ပြီး တခြားသူတွေမှာ ထိုးနှံဖို့မလိုအပ်ပါဘူး

ဒေါက်တာခင်ခင်ကြီး

## • • • • • • ထက်လှျံ • • • • • •

**အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ထုတ်ပြန်ထားတဲ့ Booster Dose ထိုးနှံရန် သင့်/ မသင့် နှင့်စပ်လျဉ်းပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် မေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။**

**မေး ။ ။ အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနကနေ Booster Dose ကို လူတိုင်းထိုးနှံဖို့ မလိုအပ်ဘူးဆိုပြီး ပြောကြားထားမှုအပေါ် ရှင်းပြပေးပါဦး။**

**ဖြေ ။ ။** ကိုဗစ် – ၁၉ ရောဂါအတွက် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူတွေအနေနဲ့ Booster Dose လို့ခေါ်တဲ့ နောက်တစ်ကြိမ်ထိုးနှံဖို့ လိုအပ်ခြင်း ရှိ/ မရှိနဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ထုတ်ပြန်ကြေညာတဲ့ အချက်အပေါ်မှာ မူတည်ပြီး ဆွေးနွေးမှာဖြစ်ပါတယ်။

Booster Dose ကို အသက် ၆၅ နှစ်အထက် အသက်ကြီးသူတွေ၊ ပြင်းထန်စွာရောဂါ ဖြစ်ပွားနိုင်ခြေရှိတဲ့သူတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ အန္တရာယ်ရှိတဲ့အခြေအနေမှာ တာဝန်ထမ်းဆောင်နေသူတွေကို ထိုးနှံပေးဖို့ လိုအပ်ပြီး တခြားသူတွေမှာ ထိုးနှံဖို့ မလိုအပ်ပါဘူးလို့ ပြောထားပါတယ်။ အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ ယခုလို ပြောကြားရတဲ့ အကြောင်းပြချက် ၅ ချက် ရှိပါတယ်။

နံပါတ် (၁) Booster Dose ထိုးဖို့အတွက် ဆုံးဖြတ်ချက်ပေးဖို့ စောလွန်းပါတယ်။ ကာကွယ်ဆေးထိုးနှံရခြင်းက ရောဂါပြင်းထန်စွာ ခံစားရမှုတွေ၊ အသက်သေဆုံးရမှုတွေ၊ ဆေးရုံတက်ရောက်ရမှုတွေ မဖြစ်အောင် ရည်ရွယ်တာဖြစ်တဲ့အတွက် လက်ရှိ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံခြင်းက အဆိုပါ ရည်ရွယ်ချက်တွေကို ပြည့်မီနေပြီးသားဖြစ်တဲ့ အတွက် ကာကွယ်ဆေးထပ်မံထိုးဖို့ ဆုံးဖြတ်ရန် စောနေပါသေးတယ်လို့ ပြောထားပါတယ်။

နံပါတ် (၂) Booster Dose (ဝါ) Booster Shot ထိုးဖို့အတွက် ၁၆ နှစ်အထက် လူအုပ်စုတိုင်းကို ကာကွယ်ဆေးထိုးနှံဖို့ လိုအပ်မှု ရှိ/ မရှိနဲ့ပတ်သက်ပြီး သက်သေအထောက်အထား ပြည့်ပြည့်စုံစုံ မရှိသေးပါဘူး။ လက်ရှိအခြေအနေမှာ Booster Dose ကို အသက်ကြီးတဲ့သူတွေနဲ့ ပြင်းထန်တဲ့ရောဂါ ခံစားနေရသူတွေမှာ ထိုးနှံသင့်ပြီး ၁၆ နှစ်အထက် လူအုပ်စုအားလုံးကို ထိုးနှံပေးနိုင်ဖို့အတွက် အချိန်ယူစဉ်းစားသွားရမှာ ဖြစ်ပါတယ်။ အားလုံးကို Booster Dose ဆိုတဲ့ ကာကွယ်ဆေး တတိယတစ်ကြိမ်ထိုးနှံဖို့ဆိုတာ ဆုံးဖြတ်ရခက်ခဲပါတယ်။ ပြင်းထန်ဝေဒနာ ခံစားရသူတွေအနေနဲ့ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံသင့်ပြီး မလိုအပ်ဘဲ အသက်ငယ်ရွယ်သူတွေကို ထိုးနှံပေးခြင်းက အချို့ဆိုးကျိုးတွေဖြစ်စေနိုင်တဲ့အတွက် ယခုအချိန်မှာ အသက် ၁၆ နှစ် အထက်တွေကို တတိယအကြိမ် ကာကွယ်ဆေးထိုးနှံဖို့ ခွင့်ပြုနိုင်တဲ့ လုံလောက်တဲ့ အကြောင်းပြချက် မရှိသေးပါဘူး။

နံပါတ် (၃) ကာကွယ်ဆေးရဲ့ ကာကွယ်နိုင်မှု အာနိသင်က ကောင်းမွန်စွာရှိပါတယ်။ အနည်းဆုံး ခြောက်လ၊ ရှစ်လကနေ တစ်နှစ်ကျော်အထိ ရှိနိုင်ပါတယ်။ ဘယ်လောက်အထိ ကာကွယ်နိုင်တယ်ဆိုတာကို သုတေသနတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။ လက်ရှိကာကွယ်ဆေးတွေရဲ့ ကာကွယ်နိုင်မှု အာနိသင်က ကောင်းပါတယ်။ The Lancet ဂျာနယ်မှာ ထုတ်ပြန်ချက်အရလည်း လူအားလုံးမှာ Booster ထိုးဖို့ စောလွန်းတယ်လို့ ထုတ်ပြန်ထားပါတယ်။

ကာကွယ်ဆေးနဲ့ဆိုင်တဲ့ သုတေသနတွေမှာ Antibody ကို အဓိကထားတိုင်းတာသည်ကို တွေ့ရပြီး ကိုယ်ခံအားစနစ်ရဲ့ အခြားအရေးကြီးတဲ့ ရှုထောင့်တွေကို ကြည့်ရှုခြင်းမရှိတာတွေကို တွေ့ရပါတယ်။ ခန္ဓာကိုယ်အတွင်း ခုခံအားဆဲလ်တွေရဲ့ လုပ်ဆောင်ပုံနဲ့ ရောဂါပိုးဝင်လာရင် အဆင်သင့် တိုက်ထုတ်နိုင်ဖို့ ဆောင်ရွက်ထားတဲ့ (Neutralizing Antisera) ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ ခုခံအားနဲ့ဆိုင်တဲ့ ပညာရှင်တွေက ထောက်ပြထားတာက ကိုယ်ခံအား ဆဲလ်တွေ ဖြစ်တဲ့ B Cell , T Cell တွေက ခုခံအားစနစ်ကို ကြာမြင့်စွာ ကာကွယ်ပေးနိုင်တယ်လို့ ပြောဆိုထားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးသူတွေအနေနဲ့ တတိယအကြိမ်ထိုးနှံဖို့ မလိုအပ်ပါဘူးလို့ ပြောပါတယ်။

နံပါတ် (၄) လူငယ်၊ ဆယ်ကျော်သက်အရွယ်တွေမှာ ကာကွယ်ဆေးတတိယအကြိမ် ထိုးပေးဖို့ဆိုတာက ကာကွယ်ဆေး ထိုးပေးလိုက်ခြင်းဖြင့် အန္တရာယ်ဖြစ်မှာကို စိုးရိမ်ပါတယ်။ ပညာရှင်များက လူငယ်များနဲ့ ဆယ်ကျော်သက်တွေကို အသက် ၁၆ နှစ်မှစ၍ ထိုးနှံပေးခွင့်ပြုလိုက်နိုင်ဖို့ သက်သေပြချက်လိုအပ်ပါတယ်။ အထူးသဖြင့် အသက်ငယ်သူတွေမှာ တတိယအကြိမ်ကာကွယ်ဆေးထိုးခြင်းက အကျိုးရှိတယ်၊ ထိုးပေးသင့်တယ်လို့ သက်သေပြချက်က လူကြီးတွေနဲ့ နှိုင်းစာရင်မရှိပါဘူး။ တတိယအကြိမ် ဆေးထိုးခြင်းကြောင့် ရရှိမယ့် အကျိုးကျေးဇူးနဲ့ အန္တရာယ်ကို ချိန်ဆသုံးသပ်ဖို့ လိုအပ်ပါတယ်။

အသက် ၁၆ နှစ်ကနေ ၂၉ နှစ်အရွယ် လူငယ်တွေမှာ ကာကွယ်ဆေးထိုးခြင်းနဲ့ နှလုံးကြွက်သားရောင်ရမ်းခြင်း အန္တရာယ်က မြင့်မားတယ်ဆိုတဲ့ တွေ့ရှိချက်က ရှိနေပါတယ်။ ဒါကြောင့် Booster Dose ပေးခြင်းက ဘယ်လောက်အထိ အန္တရာယ် ပေးနိုင်တယ်ဆိုတာနဲ့ပတ်သက်ပြီး လုံလောက်တဲ့ အထောက်အထား မရှိသေးပါဘူး။ အထူးသဖြင့် ယောက်ျားလေးတွေမှာ mRNA ကာကွယ်ဆေး Pfizer ထိုးပြီးနောက် နှလုံးရောင်ရမ်းနိုင်တဲ့ အန္တရာယ်ရှိတာကိုတွေ့ရပြီး ကုသမှု ရရှိပါက ပြန်သက်သာတာကို တွေ့ရပါတယ်။ ဒါကြောင့် အသက် ၁၆ နှစ်အထက် လူအားလုံးကို တတိယ အကြိမ် ကာကွယ်ဆေးထိုးဖို့ လုံလောက်တယ်လို့ မတွေ့ရှိသေးပါဘူး။

> ❍ **လက်ရှိအခြေအနေမှာ Booster Dose ကို အသက်ကြီးတဲ့သူတွေနဲ့ ပြင်းထန်တဲ့ရောဂါ ခံစားနေရသူတွေမှာ ထိုးနှံသင့်ပြီး ၁၆ နှစ်အထက် လူအုပ်စုအားလုံးကို ထိုးနှံပေးနိုင်ဖို့အတွက် အချိန်ယူစဉ်းစားသွားရမှာ ဖြစ်ပါတယ်။ အားလုံးကို Booster Dose ဆိုတဲ့ ကာကွယ်ဆေး တတိယတစ်ကြိမ်ထိုးနှံဖို့ဆိုတာ ဆုံးဖြတ်ရခက်ခဲပါတယ်။ ပြင်းထန်ဝေဒနာ ခံစားရသူတွေအနေနဲ့ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံသင့်ပြီး မလိုအပ်ဘဲ အသက်ငယ်ရွယ်သူတွေကို ထိုးနှံပေးခြင်းက အချို့ဆိုးကျိုးတွေဖြစ်စေနိုင်တဲ့အတွက် ယခုအချိန်မှာ အသက် ၁၆ နှစ် အထက်တွေကို တတိယအကြိမ် ကာကွယ်ဆေး ထိုးနှံဖို့ ခွင့်ပြုနိုင်တဲ့ လုံလောက်တဲ့ အကြောင်းပြချက် မရှိသေးပါဘူး**

နံပါတ် (၅) ကမ္ဘာပေါ်မှာ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံဖို့ ကျန်ရှိနေတဲ့သူတွေ အများကြီးရှိနေချိန်မှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူအများစုကို ထပ်မံထိုးနှံပေးခြင်းထက် အဆိုပါ ကျန်ရှိနေသူတွေကို ထိုးနှံပေးခြင်းက ပိုမိုကောင်းမွန်ပါတယ်။ အရေးကြီးဆုံးအနေနဲ့ လူတိုင်းလူတိုင်း ကာကွယ်ဆေးနှစ်ကြိမ်ရရှိဖို့ ဖြစ်ပါတယ်။ Booster Dose ထိုးခြင်းက ထူးခြားတဲ့ပြောင်းလဲမှု၊ ခြားနားချက်တွေ ဖြစ်မှာမဟုတ်ဘူးဆိုတာ ပြောထားပါတယ်။

WHO ရဲ့ စက်တင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်မှာ ပြီးခဲ့တဲ့တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ရောဂါဖြစ်ပွားမှုက ၃ ဒသမ ၆ သန်း၊ သေဆုံးမှုက ၆ သောင်းလောက်ရှိတဲ့အတွက် အတော်ကျလာတဲ့ အနေအထားဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ကမ္ဘာပေါ်မှာ ရောဂါဖြစ်ပွားမှုက ၂၂၈ သန်းနဲ့ သေဆုံးမှုက ၄ ဒသမ ၇ သန်း နီးနီးရှိနေပြီ ဖြစ်ပါတယ်။ ဝမ်းသာစရာကောင်းတာက မြန်မာနိုင်ငံပါဝင်တဲ့ အရှေ့တောင်အာရှဒေသက ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုကျဆင်းနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ရောဂါဖြစ်ပွားမှုအနေနဲ့ ၁၆ ရာခိုင်နှုန်း၊ သေဆုံးမှုအနေနဲ့ ၂၇ ရာခိုင်နှုန်းကျပါတယ်။

လက်ရှိအနေအထားအရ အောက်ဆီဂျင် လိုအပ်ချက်က အရင်ကထက်စာရင် အဆပေါင်းများစွာ ကျဆင်းသွားပါပြီ။ ဆေးရုံတွေမှာ လူနာလက်ခံနိုင်မှုက လက်ခံနိုင်တဲ့ပမာဏရဲ့ ၉ ရာခိုင်နှုန်းနဲ့ ၁၀ ရာခိုင်နှုန်းလောက် တက်ရောက်မှုရှိနေတာ တွေ့ရပါတယ်။ တချို့ဆေးရုံတွေကို ကိုဗစ်ကုသရေးစင်တာအဖြစ် ဖွင့်လှစ်ထားတာကို ပိတ်သိမ်းတဲ့ အနေအထား ရောက်နေပြီဆိုတာ တွေ့ရပါတယ်။

ကာကွယ်ဆေးတွေကို အတိုင်းအတာတစ်ခု အထိ ထိုးနှံနိုင်တဲ့ အခြေအနေရောက်နေပြီ၊ WHO ရဲ့ ထုတ်ပြန်ချက်အရ အရှေ့တောင်အာရှနိုင်ငံတွေက အခြေအနေကောင်းတစ်ခုကို ရရှိနေပြီ ဖြစ်ပါတယ်။ ဒါပြည်သူတွေက ကိုဗစ်စည်းကမ်းတွေကို လိုက်နာတာပါသလို ကာကွယ်ဆေးတွေ အပြည့်အဝထိုးနှံလို့ ဖြစ်ပါတယ်။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးရင် Booster ထိုးဖို့ မလိုပါဘူး။ အခွင့်အရေးရလို့ မိမိရဲ့ ရုံး၊ အလုပ်ဌာနက ကာကွယ်ဆေး ထိုးပေးတယ်၊ ထပ်ထိုးလိုက်ဦးမယ် မလုပ်ပါနဲ့ မိမိအတွက် ပိုလာမယ့်ဆေးတွေကို တကယ်လိုအပ်တဲ့သူတွေမှာ ထိုးနှံရမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေအရ Booster Dose မလိုသေးဘူးဆိုတာ ပြောကြားလိုပါတယ်။

**မေး ။ ။ Booster Dose နဲ့ ပတ်သက်ပြီး အခြားနိုင်ငံတွေမှာရော ဘယ်လိုထုတ်ပြန်ထားပါသလဲ။**

**ဖြေ ။ ။** ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှု များပြားခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ Booster Dose နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေက စိတ်ဝင်စားစရာ ကောင်းပါတယ်။ လက်ရှိအိန္ဒိယနိုင်ငံက ကာကွယ်ဆေး သန်း ၈၀၀ ထိုးနှံနိုင်ပြီ ဖြစ်ပါတယ်။ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးသားလူတွေက Booster ထိုးဖို့ လို/ မလိုနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံက စက်တင်ဘာ ၁၈ ရက်ကထုတ်ဝေတဲ့ The Economic Times India မှာ Booster ထိုးဖို့ မလိုဘူးဆိုပြီး ဆောင်းပါးတစ်ခုပါရှိပါတယ်။

အိန္ဒိယနိုင်ငံက သက်ဆိုင်ရာ ဌာနတွေ၊ ကူးစက်ရောဂါပညာရှင်တွေ၊ ကိုယ်ခံအားနဲ့ဆိုင်တဲ့ ပညာရှင်တွေ၊ ဆေးပညာရှင် စသည်ဖြင့် ဘက်ပေါင်းစုံက ပညာရှင်တွေက Debate အနေနဲ့ ကိုဗစ် – ၁၉ သည် လက်ရှိအနေအထားအရ Booster ထိုးဖို့မလိုဘူးဆိုတာ ဆွေးနွေးဆုံးဖြတ်ထားပါတယ်။ ကာကွယ်ဆေးထိုးနှံဖို့ ဦးတည်ရည်မှန်းလူဦးရေရဲ့ ၄ ပုံ ၁ ပုံထက် နည်းနေသေးတဲ့ အချိန်မှာတော့ ကိုဗစ် – ၁၉ ကာကွယ်ဆေး Booster ထိုးဖို့မလိုဘူးဆိုတာပြောထားပါတယ်။ ကူးစက်ခံရဖို့ အခွင့်အလမ်းရှိနေတဲ့လူတွေ ကာကွယ်ဆေး ထိုးနှံဖို့ အများကြီးကျန်နေသေးတဲ့အတွက် ကာကွယ်ဆေးထိုး တဲ့ စီမံချက်အနေနဲ့ဆောင်ရွက်ဖို့ အခုအချိန်မှာ Booster Dose မထိုးသင့်သေးပါဘူးလို့ ပြောထားပါတယ်။

WHO က စက်တင်ဘာလကုန်မှာ ရည်မှန်းလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းကို ကာကွယ်မှုပေးရမယ်လို့ ပြောကြားထားပါတယ်။ မြန်မာနိုင်ငံမှာ နှစ်ကြိမ်အပြည့် ထိုးနှံပြီးသူတွေကို ရေတွက်မယ်ဆိုရင် ၉ ဒသမ ၄ ရာခိုင်နှုန်း၊ တစ်ကြိမ် ထိုးနှံပြီးသားပါ ထည့်တွက်ရင် ၁၅ ရာခိုင်နှုန်းလောက်ရှိတဲ့အတွက် ပြည့်ပြီလို့ ပြောလို့ရပါတယ်။ နောက်ပြီး WHO က ဒီဇင်ဘာလအကုန်မှာ ကာကွယ်လွှမ်းခြုံမှုက ၄၀ ရာခိုင်နှုန်းလို့ ပြောထားတယ်။ မြန်မာနိုင်ငံအနေနဲ့ ၅၀ ရာခိုင်နှုန်း ရည်မှန်းထားတယ်။ ကာကွယ်ဆေးတွေ နောက်ထပ် ၂၄ သန်းနဲ့ လူဦးရေ ၁၂ သန်းကို ထိုးနှံပေးမှာဖြစ်တဲ့အတွက် ကာကွယ်နိုင်မှု ၅၀ ရာခိုင်နှုန်းအထက် ရောက်ရှိမှာဖြစ်ပါတယ်။ ကျွန်မတို့ ရည်ရွယ်တာက ဖြစ်ပွားသေဆုံးမှုတွေကို လျော့နည်းစေဖို့ ရည်ရွယ်တာဖြစ်တဲ့အတွက် မထိုးရသေးတဲ့သူတွေကို ထိုးနှံဖို့က အရေးကြီးပါတယ်။

*စာမျက်နှာ ၁၇ သို့*

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

**တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီး ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ ဇောဓိကုန်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိသာရဒအမှူးပြုသော သံဃာတော် ၁၁ ပါးတို့အား ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင် များက သွားရောက်ဖူးမြော် ကြည်ညိုပြီး ဆွမ်းဆန်တော် ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ပဲ ငါးပိဿာနှင့် လှူဖွယ်ပစ္စည်းများ ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိ မြို့နယ် သဒ္ဒမ္မဝေပုလ္လကျောင်း၊ ရတနာပင်စည်မြောက်ကျောင်း၊ သုခမြင့်မိုရ်ကျောင်း၊ ရွှေမြိုင် ကျောင်း၊ ဓမ္မဝိဟာရ သီလရှင် စာသင်တိုက်နှင့် လယ်ဝေးမြို့နယ်၊ တောင်သုံးလုံးဇေတဝန်ကျောင်း (ယာပုံ)၊ ရတနာမာန်အောင် ကျောင်း၊ မြသိန်းတန်ကျောင်း၊ ဘုရားကြီးကျောင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်ရှိ ဒညင်း ကုန်းကျောင်းတိုက်နှင့် မှော်ဘီ မြို့နယ် အင်းတန်ကျေးရွာရှိ စံပယ်ခြံတပ်ဦး ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့ ပင်လုံရပ်ကွက်ရှိ ပင်လုံတပ်ဦး ပရိယတ္တိစာသင်တိုက်၊ မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ် မဟာသုန္ဒရာရာမကျောင်း တိုက်တို့ရှိ ဆရာတော်၊ သံဃာ တော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်း များကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်း ခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ် ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေး လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်း သား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်း များနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို



နေ့စဉ်ထိုးနှံပေးလျက် ရှိသည်။ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ၁၃၈၉ ဦး **(အပေါ်ပုံ)**၊ ရှမ်းပြည် နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာရှိ ဒေသခံ 'ဝ' တိုင်းရင်းသား ၂၉၂၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၀၈၅၀၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်၌ ၄၃၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ၆၁၅၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၄ မြို့နယ် တို့၌ ၈၅၅၀၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီ ၃၅၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ၆၂၈၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီး မြို့နယ်၌ ၂၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင် အတွင်း၌ ၁၂၈၂၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ဒါကြောင့် ဘယ်လိုလူတွေကို Booster ထိုးရမလဲ စဉ်းစားဆုံးဖြတ်တဲ့အခါ ပြည်သူ့ကျန်းမာရေး အမြင်နဲ့ အားလုံးကို ကာကွယ်နိုင်မှုရဖို့အတွက် ရည်ရွယ်ပြီး စဉ်းစားဆုံးဖြတ်ရမှာဖြစ်ပါတယ်။

အိန္ဒိယမှာ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်တဲ့ အနေအထားရှိပြီး ထပ်မံဖြစ်ပွားမှာ စိုးရိမ်နေရဆဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အချက် ၅ ရှိပါတယ်။ နံပါတ် (၁) အချက်က အန္တရာယ်ရှိနိုင်တဲ့ လူအုပ်စု တွေက ကာကွယ်ဆေးမထိုးရသေးဘဲ ကျန်နေဆဲ ဖြစ်ပါတယ်။ နံပါတ် (၂) ကာကွယ်ဆေးရဲ့ အမျိုးအစား အပေါ်လည်း မူတည်ပါတယ်။ နံပါတ် ၃ အချိန် ကြာလာတဲ့အမျှ ကာကွယ်ဆေးရဲ့ ကာကွယ်နိုင်မှု အာနိသင် လျော့သွားတဲ့အပေါ်လည်း မူတည်ပါ တယ်။ နံပါတ် (၄) Variant of Concern စိုးရိမ်ရတဲ့ အထူးဂရုပြုရတဲ့ မျိုးရိုးဗီဇတွေကလည်း ပြောင်းလဲ နေလို့ ဖြစ်ပါတယ်။ နံပါတ် (၅)ကုသရေးပိုင်းနဲ့ ကူးစက်ရောဂါဗေဒဆိုင်ရာမှာ လိုအပ်တဲ့ လုပ်ဆောင် ရမယ့် အချက်တွေက အများကြီး ရှိနေပါသေးတယ်။

ချမ်းသာတဲ့နိုင်ငံတွေက Booster Dose ထိုးဖို့ အတွက် စိတ်အားထက်သန်နေကြပါတယ်။ သို့သော် မိမိတစ်ယောက်တည်း ကာကွယ်နိုင်ရုံနဲ့ မရပါဘူး။ အားလုံးကာကွယ်နိုင်မှ စိတ်ချရမှာ ဖြစ်ပါတယ်။

လက်ရှိအိန္ဒိယမှာ ပြုလုပ်တဲ့ သုတေသနတွေအရ ဆိုရင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးရင် အနည်းဆုံး ၈ လကနေ ၁၀ လ ကောင်းမွန်စွာ ကာကွယ်နိုင်မှု ရတာ တွေ့ရှိရပါတယ်။ နောက်ပြီး The Lancet က ထုတ်ပြန်တဲ့ သုတေသနတွေ့ရှိချက်အရ ကာကွယ် ဆေးရဲ့ ထိရောက်မှုက ရောဂါပြင်းထန်စွာ ဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှု၊ သေဆုံးမှုတွေကနေ လက်ရှိ အချိန်အထိ ကောင်းစွာကာကွယ်နိုင်စွမ်းရှိတုန်း ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးပြီးနောက် Breakthrough Infection ဖြစ်တယ်ဆိုတာ အလွန်နည်းပါတယ်။ ဆိုးဆိုးရွားရွားမဖြစ်ဘူး။ အခြားသူကို ကူးစက်ဖို့ အခွင့်အလမ်းရှိသော်လည်း နည်းပါတယ်။ လက်ရှိ ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေရတဲ့ အချိန်မှာ အိန္ဒိယနိုင်ငံအနေနဲ့ Booster Dose ထိုးဖို့ အတွက် မလိုအပ်ဘူးဆိုတာ ပညာရှင်တွေက တညီတညွတ်တည်း ဆွေးနွေးချက်ကို The Economic Times မှာ ထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ ဒါဆိုရင် ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးဖို့ စိတ်ဆန္ဒပြင်းပြနေသူတွေအနေနဲ့ မလိုသေးပါဘူး ဆိုတာကို ပြောလိုပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာ ရှိရင် ပြောကြားပေးပါ။**

**ဖြေ** ။ ။ ကာကွယ်ဆေးကို ပထမအကြိမ် ထိုးတယ်။ ဒုတိယအကြိမ်ထိုးဖို့ လေးပတ်ခြားပါတယ်။ ပထမအကြိမ်ထိုးပြီးလို့ တစ်ပတ်/ ၁၀ ရက်လောက်မှာ ပိုးတွေ့တယ်၊ ကိုဗစ်-၁၉ ဝေဒနာ ခံစားနေရတယ်။ ဒုတိယအကြိမ်ကို ဘယ်တော့ထိုးရမလဲဆိုပြီး မေးကြတာရှိပါတယ်။ ဘာနဲ့ ရောထွေးနေလဲဆိုရင် အချို့တွေက တစ်ကြိမ်မှ ကာကွယ်ဆေးမရဖူးဘူး၊ ပိုးကူးစက်ခံရတဲ့ ဒီလို ပိုးတွေ့တဲ့သူတွေကို ကာကွယ်ဆေး ရရှိမှုအပေါ် မူတည်ပြီး ခြောက်လပြည့်ခါနီးမှ ထိုးပေးဖို့ ရည်မှန်း ထားပါတယ်။ လက်ရှိမှာ ပိုးတွေ့လူနာ ၄ သိန်းနဲ့ ရှိပါတယ်။ ဒီ ၄ သိန်းနဲ့အတွက်က စိုးရိမ်စရာမလိုတဲ့ အနေအထားရှိနေလို့ ဖြစ်ပါတယ်။

အချို့သုတေသနတွေအရ အရှေ့ပိုင်းကာလ မှာ ပိုးတွေ့ခဲ့သူရဲ့ ကိုယ်ခံအား ပိုကောင်းနေတာ တွေ့ရပါတယ်။ ဒါကြောင့် ပိုးတွေ့ပြီးပြီ၊ ကိုယ်ခံအား တွေရှိနေပြီဆိုရင် မစိုးရိမ်ပါနဲ့။ ကာကွယ်ဆေးကို ခြောက်လမတိုင်မီနဲ့ ခြောက်လ ပြည့်ပြီးချိန်မှာ ထိုးပေးမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေ ထပ်ပြီး ရလာရင် ခြောက်လမဟုတ်ဘဲ သုံးလလည်းဖြစ် သွားနိုင်ပါတယ်။ သုံးလထက် မစောသင့်ပါဘူး။ WHO က ပညာရှင်တွေ ပြောကြားချက်အရ ဆိုရင် အချို့ကုသမှုနဲ့ အနည်းဆုံးရက် ၉၀ ခြားရမှာ ဖြစ်ပါတယ်။

ပထမအကြိမ်နဲ့ ဒုတိယအကြိမ် အကြား လေးပတ်ခြားတဲ့အချိန်မှာ လေးပတ်ထက်ကျော် သွားရင် မရဘူးလားဆိုတော့ ရပါတယ်။ တချို့ သုတေသနတွေမှာ ကာကွယ်ဆေး တစ်ကြိမ်နဲ့ တစ်ကြိမ် အကြား သုံးလအထိ ခြားနားခွင့်ပေးပါ တယ်။ ဒုတိယအကြိမ် ထိုးရမယ့်ကာလနဲ့ နီးလေ ကောင်းလေ ဖြစ်ပါတယ်။ ဒုတိယအကြိမ် မတိုင်မီမှာ ပိုးကူးစက်ခံရလို့ ဒုတိယအကြိမ်ကို နောက်ကျမှ ထိုးတဲ့သူတွေကို သီးခြားအနေနဲ့ ထိုးနှံပေးဖို့ ဩဂုတ် ၁၇ ရက်မှာ ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက် ထဲမှာ ပြောကြားပြီး ဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးဖို့ လုပ်ဆောင်နေ သူတွေအနေနဲ့ ဒီလိုအကြောင်း ကြောင်းကြောင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးဖို့ နောက်ကျသူတွေကို အနီးဆုံး ပြန်လည်ထိုးနှံနိုင် အောင် စီစဉ်ပေးဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုက ကာကွယ်ဆေး နှစ်ကြိမ် ထိုးထားပြီးပြီ၊ ဒါကို ဖုံးကွယ်ပြီး နောက်ထပ် ကာကွယ် ဆေးထိုးတာက မဖြစ်သင့်ပါဘူး။ မိမိက ကာကွယ် ဆေးနှစ်ကြိမ်ထိုးပြီးပြီဆိုရင် ဘယ်လို အကြောင်းနဲ့မှ ထပ်ထိုးဖို့ မလိုပါဘူး။ အချုပ်အားဖြင့် Booster Dose က နှစ်ကြိမ်ထိုးပြီးသား လူတွေ အနေနဲ့ မလိုပါဘူးလို့ ပြောချင်ပါတယ်။ ကျေးဇူးတင် ပါတယ်။

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**
တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နှင့် မိုင်းယောင်းမြို့တို့ရှိ နယ်မြေခံတပ်ရင်းများတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့်အဖွဲ့ဝင်များသည် မြောက်ဦးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများတွင် DYL ဝက်မွေးမြူရေးလုပ်ငန်း၊ အသားတိုး ကြက်မွေးမြူရေးလုပ်ငန်းနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း **(ယာပုံ)** သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၉**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထို့သို့ ပေးအပ်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ မိုင်းယောင်းမြို့နှင့် မိုင်းယုမြို့များရှိ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများကလည်းကောင်း **(အပေါ်ပုံ)** သွားရောက်ပေးအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**
ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၃ ဦးနှင့် အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၈၉ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၂၁ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံစစ်ဆေးစဉ်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**
ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊



ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်း မှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကားဖြန့်ဖြူး ရောင်းချခြင်း အစီအစဉ်ကို ယနေ့တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ကိုးခုမှ အိမ်သုံးဆေးဝါး ၁၁၂ မျိုးကို ရောင်းချပေးခဲ့သည်။ (ဝဲပုံ)

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ်၊ ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အမှတ် (၁၀၄/၁၀၈) နေရာ၌လည်း ၃၃ ရက်နေ့အဖြစ် ယနေ့တွင် ဆက်လက်ရောင်းချပေးခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်ကြီးများအသင်းတို့၏စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၉**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တောင်ကြီးမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ရမ်းကလောင်းတွင် ၁ ဒသမ ၅၀ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၃၇ လက်မ၊ သာစည် (လှိုင်းတက်) တွင် ၀ ဒသမ ၈၃ လက်မ၊ မင်းကင်းမြို့တွင် ၀ ဒသမ ၇၉ လက်မနှင့် လောင်းလုံးမြို့တွင် ၀ ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၉-၂၀၂၁ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာသုတ်၊ရတနသုတ်၊မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၁၈:၃၅ NRC အစီအစဉ် 'ကယားရိုးရာတူရိယာပြုလုပ်ခြင်း'
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ဒွလာချစ်ပေ'
၁၂:၅၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၉/၂၀၂၁) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၅:၁၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
၁၅:၄၅ Soccer View
၁၆:၃၅ မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
၁၇:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောပေတ္တာများ' (အပိုင်း-၈)

**mitv**

07:01 News
07:27 Tahbuhla Dam & Oakkan Chaungtha
07:38 Art Designer Nay Chi Win Lai Yee
08:01 Discovering Tribes: Yin Net Tribe - Their Life and Customs
08:29 Shwe Maw Daw: The Glory Of Bago City
09:01 Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
09:26 Products of Myanmar - Craft Blacksmithing
09:51 Licuala Palm Leaf
10:01 Bottle Gourd Painting
10:06 Karunar Kabar Home for the Aged (Nay Pyi Taw)
10:26 Mulberry Art Painting: Muu Muu
10:40 Ecotourism: Naga Traditional Customs
11:13 Elegant and Exquisite Myanmar Cotton Fabrics

**MRTV NRC**

ကယား (၀၆:၀၀ မှ ၀၈:၀၀)
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီ
စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ
အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်
အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
စာပေစကားပြောကြရအောင်(အပိုင်း-၃)
ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
ချင်းအမျိုးသားပန်းတောင်ဇလပ်
ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
မွန် (၁၃:၀၀ မှ ၁၅:၀၀)
ဒိရေတောနှင့်ရှင်သန်သူ
ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး
ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)
အလှမှာယဉ်ဆေးဖက်ဝင်တဲ့တရုတ်စံကားပန်း
ဝ (၁၉:၀၀ မှ ၂၁:၀၀)
ကွမ်းလုံမြို့သို့အလည်တစ်ခေါက်
ကချင် (၂၁:၀၀ မှ ၂၃:၀၀)
ဝိုင်းမော်အထင်ကရနေရာသို့သွားလည်ကြမယ်

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ အတွေးအမြင်(အပိုင်း-၂)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း'
၁၁:၃၀ အတွေးအမြင်(အပိုင်း-၂)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


# တေးဖွဲ့ညချမ်း တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

တေးဖွဲ့ညချမ်း တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁)ကို အောက်တိုဘာ ၁ ရက်၊ သောကြာနေ့ ည(၈)နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို "ကုမုဒြာတေးဂီတအဖွဲ့"၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ နေဇင်အောင်၊ စိုးညီညီ၊ ဘုန်းသစ်၊ နေခြည်၊ နန်းစန္ဒီ၊ နှင်းသဇင်ထက်၊ သက်ထက်စံ၊ ခင်လပြည့်ဝန်းနှင့် သဒ္ဒါနန်းထိုက်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၃ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၃၄)ကို အောက်တိုဘာ ၁ ရက်၊ ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၃၄)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် ယဉ်လက်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ (၁၊၂၊၃)ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၉ - ၂၀၂၁

**ရွှေ**

ရန်ကုန် ၁၆ ပဲရည် (အကယ်ဒမီ မီးလင်းရွှေ) တစ်ကျပ်သား ကျပ် ၂၀၇၀၀၀၀

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၀၀/၁၄၅၀ ကျပ် | ၁၄၇၀/၁၄၉၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၀၅/၁၄၆၀ ကျပ် | ၁၄၈၅/၁၆၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၅/၁၄၅၅ ကျပ် | ၁၅၀၀/၁၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၄၅/၁၄၉၅ ကျပ် | ၁၅၈၀/၁၇၅၂ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၉၂၁ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၄၁ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၁၅ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၈၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၇၂၆ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၉ . ၀၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၇ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၈၉၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၃၉၂ | ၃၄၄၆၂၀၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၁၅၁ | ၄၇၄၇၅၀ |
| MCB | ၈၀၀၀ | ၇၇၀၀ | ၂၅ | ၁၉၅၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၄၅ | ၂၅၁၉၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၅ | ၆၇၄၅၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁၀ | ၂၉၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချို့စန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# အသုံးတည့်ခြင်း၊ မတည့်ခြင်း

သိုက်စိုးထွန်း(နတ်ရွာ)

လက်ပ်တော့ပဲဖြစ်ဖြစ်၊ လက်ကိုင်ဖုန်းပဲဖြစ်ဖြစ်၊ ဘာပစ္စည်းပဲဖြစ်ဖြစ် မော်ဒယ်လ်သစ် တစ်ခုပေါ်လာတိုင်း အရအမိဖမ်းဝယ်သူတွေရှိကြတယ်။ မော်ဒယ်လ်သစ်တွေမှာ အားသာချက်တွေကတော့ အများကြီးပါလာမှာပေါ့။ ဖုန်းဆိုရင် ကင်မရာပိုကောင်းလာတာ၊ မျက်နှာပြင်ပိုကြီးလာတာ၊ ဘက်ထရီပိုကောင်းလာတာ၊ ရုပ်ထွက်ပိုကြည်လင်တာ၊ အသံစနစ်တွေပိုကောင်းလာတာ၊ လုပ်ဆောင်ချက်တွေ သွက်လာတာ စသည်အားဖြင့် ပိုကောင်း၊ ပိုမြင့်လာတာတွေရှိမှာပေါ့။ မော်ဒယ်လ်ပိုမြင့်လာသလို ဈေးကလည်း သိသိသာသာ မြင့်လာတာပါပဲ။

**❍ ကိုယ်က သုံးမယ့်ဘက်ကလား၊ အသုံးချခံမယ့် ဘက်ကလား။ အသုံးချခံဆိုတဲ့စကားလုံးက နည်းနည်းတော့ အကောက်အယူလွဲစေနိုင်ပါတယ်။ တကယ်တော့ သုံးပေးမယ့်သူရှိရင် အသုံးခံမယ့်သူလည်း ရှိရမှာပေါ့။ "ကျွန်တော်များ အသုံးတော်ခံတင်ဆက်လို့ ပေးမှာကတော့" ဆိုတဲ့ စကားလုံးရှိသလို "ဒီကလေးကို လူသိပ်မသုံးပါဘူးကွာ" ဆိုတာမျိုးလည်း ပြောကြပါတယ်။ သူ့ကိုမသုံးဘူးဆိုတဲ့စကားမှာ ရည်ညွှန်းခံရသူက အပယ်ခံသဘော ဒါမှမဟုတ် ဆိုင်ရာအရည်အချင်း နိမ့်ပါးနေတဲ့သဘောကို ဆိုလိုပါတယ်**

### တကယ်အသုံးတည့်ရဲ့လား

မော်ဒယ်လ်မြင့်ဖုန်းတွေ၊ မော်ဒယ်လ်မြင့်ဖုန်းတွေကို အသစ်ထွက်တိုင်း ဝယ်နိုင်လို့ဝယ်လိုက်ပေမယ့် ကိုယ့်အတွက် တကယ်အသုံးတည့်တာဟုတ်ရဲ့လားဆိုတာကိုလည်း ပြန်စဉ်းစားစရာကောင်းပါတယ်။ ကိုယ်သုံးမှာက စာစီစာရိုက်အတွက် Microsoft Word သုံးမယ်၊ Excel သုံးမယ်၊ PowerPoint သုံးမယ်၊ ဒီလောက်ပဲ။ ကိုင်ထားတာက Programmer တွေ၊ Gamer တွေ၊ Graphic Designer တွေနဲ့ ပိုသင့်တော်တဲ့ စက်မျိုး။ မော်ဒယ်လ်မြင့် စက်ကိုကိုင်ရတော့ ပိုသွက်လာတာတို့၊ ရုပ်ထွက်ပိုကြည်လာတာတို့ဆိုတဲ့ ပိုကောင်းတဲ့အချက်တွေရှိလာတာတော့ မှန်တယ်။ ဒါပေမယ့် ပိုပေးလိုက်ရတဲ့တန်ဖိုးကမနည်းတာကိုလည်း သတိပြုရမှာပါ။ တချို့ဟာတွေက မျောက်အုန်းသီးရဆိုသလိုပါပဲ လက်ထဲရောက်နေတာကို ဘယ်လိုအသုံးချရမှန်းမသိဖြစ်လာတယ်။ ကြာလာတော့ "ဈေးကြီးကြီးသာပေးထားရ၊ သိပ်မထူးပေါင်ကွယ်" ဆိုတာမျိုးဖြစ်ရော။ တကယ်တော့ စက်ပစ္စည်းက ပိုမကောင်းတာမဟုတ်ဘူး။ သူကောင်းလာတဲ့ function တွေကို ကိုယ်က အသုံးမချနိုင်တာ၊ ကိုယ့်အတွက် အသုံးမတည့်တာ။

ကိုယ်အသုံးမချနိုင်တာ၊ ကိုယ့်အတွက် အသုံးမတည့်တာနဲ့ပဲ ဘာတွေပိုကောင်းတယ်ဆိုတာ ရေရေရာရာ မသိတာနဲ့ပဲ "သိပ်မထူးပေါင်ကွယ်" ဖြစ်ကရော။ ပစ္စည်းပစ္စယမှ မဟုတ်ပါဘူး။ လူအချင်းချင်းမှာလည်း ဒီလိုဖြစ်တတ်ပါတယ်။ တစ်ဖက်လူရဲ့ အရည်အချင်းကို ကိုယ်မသိဘူး။ သူ့အရည်အချင်းကလည်း ကိုယ့်ကို တိုက်ရိုက်အကျိုးမပြုဘူး။ ဒါနဲ့ပဲ "သိပ်မထူးပါဘူး"ဖြစ်ကရော။

### သူ့တန်ဖိုးနဲ့သူ

တကယ်တော့ စက်ပစ္စည်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် သူ့တန်ဖိုးနဲ့သူ၊ သူ့အသုံးဝင်မှုနဲ့သူတော့ ရှိကြတာပါပဲ။ ကိုယ့်လိုအပ်ချက်နဲ့ ကိုက်သွားတဲ့အခါ အသုံးတည့်တယ်ပေါ့။ မကိုက်တဲ့ အခါကျတော့ အသုံးမတည့်ဘူးပေါ့။ ကိုယ့်အတွက်အသုံးမတည့်တာနဲ့ပဲ တစ်ဖက်လူကို အသုံးမဝင်ဘူးလို့ မပြောသင့်ပါဘူး။ တစ်ခုခု လွဲချော်နေသလားဆိုတာကိုသာ ပြန်ကြည့်ရမှာပါ။ တစ်ဖက်ကပြန်ကြည့်ရင်လည်း မြင်မြင်သမျှ သက်ရှိ၊ သက်မဲ့တွေကို ကိုယ့်အတွက် ဘယ်လိုအသုံးချနိုင်မလဲဆိုတာကိုသာ ကြည့်ပြီး အသုံးတည့်ရင် တန်ဖိုးရှိတယ်၊ အသုံးမတည့်ရင် တန်ဖိုးမရှိဘူးလို့ ပြောတာမျိုးကတော့ အတ္တကြီးလွန်းရာကျပါတယ်။ သူ့ရဲ့မူလပကတိ တန်ဖိုးကို မြင်နိုင်ကြည့်နိုင်ရမှာပါ။

လူမှုဆက်ဆံရေးနယ်ပယ်မှာ ကိုယ့်အတွက် အသုံးတည့်ခြင်း၊ မတည့်ခြင်းအပေါ် မူတည်ပြီး အလေးထားခြင်း၊ မထားခြင်းတွေ ခွဲလာကြတယ်။ "ဒီလူကို ငါသုံးလို့ရတယ်၊ သေချာဂရုစိုက်ဦးမှ။ ဒီလူကတော့ ငါ့အတွက် သိပ်အသုံးမတည့်ဘူး၊ သိပ်အလေးထားနေလို့မဖြစ်ဘူး" ဆိုတာမျိုးတွေ။ အပေးအယူသဘောကို ရှေ့တန်းတင်သူတွေ များလာတယ်။ အရောင်းအဝယ်သဘောဆန်လာကြတယ်။ အသုံးတည့် သလား၊ လာထား။ အသုံးမတည့်ဘူးလား၊ သွား။ ဒီလိုသဘောထားမျိုးက လူမှုပတ်ဝန်းကျင်မှာ အပေါင်းလက္ခဏာဆောင်တဲ့ သဘောထားမဟုတ်ပေမယ့် ဒီသဘောထားရှိသူတွေကို ရှောင်ကွင်းနေဖို့လည်း ဖြစ်နိုင်မှာမဟုတ်ပါဘူး။ ဒီလိုသဘောထားရှိနေလို့ဆိုပြီး အပြစ်ဆိုနေလို့လည်း အကျိုးမထူးနိုင်ပါဘူး။

### ရှင်သန်ရပ်တည်နိုင်ဖို့

လူမှုဆက်ဆံရေးနယ်ပယ်မှာ အရောင်းအဝယ်သဘော၊ အပေးအယူသဘောတွေကိုချည်း ဦးစားပေးသူတွေနဲ့ဖြစ်ဖြစ်၊ တခြားသူတွေနဲ့ပဲဖြစ်ဖြစ် အဆင်ပြေအောင်နေရမှာပါပဲ။ ကိုယ်သဘောကျတဲ့ ပတ်ဝန်းကျင်ကောင်းမှာရောက်နေရင် ဒါမှမဟုတ် ကိုယ်သဘောမကျပေမယ့် ဒီပတ်ဝန်းကျင်ကို မစွန့်ခွာနိုင်သေးဘူးဆိုရင်တော့ ရှင်သန်ရပ်တည်နိုင်ဖို့ ကြိုးစားရမှာပါပဲ။ ဒီပတ်ဝန်းကျင်မှာ ကိုယ်က အသုံးတည့်သူတစ်ယောက်အဖြစ် ရပ်တည်လိုသလား၊ ဒါဆိုရင် အသုံးတည့်သူတစ်ယောက်ဖြစ်အောင် ကြိုးစားရမှာပါပဲ။

ကိုယ်က သုံးမယ့်ဘက်ကလား၊ အသုံးချခံမယ့်ဘက်ကလား။ အသုံးချခံဆိုတဲ့ စကားလုံးက နည်းနည်းတော့ အကောက်အယူလွဲစေနိုင်ပါတယ်။ တကယ်တော့ သုံးပေးမယ့်သူရှိရင် အသုံးခံမယ့်သူလည်း ရှိရမှာပေါ့။ "ကျွန်တော်များ အသုံးတော်ခံတင်ဆက်လို့ ပေးမှာကတော့" ဆိုတဲ့ စကားလုံးရှိသလို "ဒီကလေးကို လူသိပ်မသုံးပါဘူးကွာ"ဆိုတာမျိုးလည်း ပြောကြပါတယ်။ သူ့ကိုမသုံးဘူးဆိုတဲ့ စကားမှာ ရည်ညွှန်းခံရသူက အပယ်ခံသဘော ဒါမှမဟုတ် ဆိုင်ရာအရည်အချင်း နိမ့်ပါးနေတဲ့သဘောကို ဆိုလိုပါတယ်။

### အသုံးတည့်ကြောင်း ကြော်ငြာ

ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူတွေက ကိုယ့်ပစ္စည်းကို လူတွေသုံးဖို့အတွက် ဒီပစ္စည်းရဲ့ကောင်းချက်၊ အားသာချက်တွေကို ကြော်ငြာပေးကြတယ်။ ဝန်ဆောင်မှုပေးတဲ့သူတွေလည်း ဒီလိုပါပဲ၊ ကိုယ့်ဝန်ဆောင်မှုကို လူများများသုံးလာဖို့ ကြော်ငြာပေးကြတယ်။ ဒီလိုပါပဲ၊ ကိုယ့်ကိုယ်ကိုယ်လည်း ကြော်ငြာနေကြရတယ်။ အလုပ်အကိုင်အခွင့်အလမ်း ကဏ္ဍအတွက် ကြော်ငြာတွေမှာ ကြည့်လိုက်ရင် သိသာပါတယ်။ ဟိုအရင်ကတော့ အလုပ်ပေးချင်တဲ့ အဖွဲ့အစည်းကပဲ ကြော်ငြာခေါ်ယူကြရတာ၊ ဘယ်အလုပ်၊ ဘယ်ရာထူးအတွက် ဘာအရည်အချင်းတွေပြည့်စုံတဲ့သူတွေ အဆိုပြုလျှောက်ထား နိုင်ပါတယ်ပေါ့။ နောက်ပိုင်းမှာတော့ အလုပ်လိုချင်တဲ့သူကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ်ကြော်ငြာတဲ့ပုံစံတွေ ရှိလာကြတယ်။ ကိုယ့်မှာ ဘာအရည်အချင်းတွေ ရှိထားပါတယ်၊ ဘယ်လိုအလုပ်မျိုး ရချင်တယ်ဆိုတာမျိုးပေါ့။ သူ့ကိုသုံးချင်တဲ့ ကုမ္ပဏီတွေက သူ့ကို ဆက်သွယ်ပေတော့ပေါ့။

ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေက အလုပ်အကိုင်အခွင့်အလမ်းအတွက် ကြော်ငြာခေါ်လို့ လျှောက်လွှာတင်တဲ့အခါမှာလည်း ကိုယ့်ကိုယ်ကိုယ် ကြော်ငြာရပြန်တာပါပဲ။ ဘာဘွဲ့တွေရထားပါတယ်၊ ဘယ်သင်တန်းတွေတက်ထားပါတယ်၊ ဘာတွေလည်း လုပ်တတ်ပါတယ်ဆိုပြီး အလုပ်ခန့်မယ့်သူ သဘောကျသွားအောင် စာရွက်စာတမ်း အထောက်အထားတွေနဲ့ ကြော်ငြာရတာ။ တစ်ဆင့်တက်ပြီး အင်တာဗျူးအဆင့်ကို ရောက်ပြန်ပြီဆိုရင်လည်း မျက်နှာချင်းဆိုင်တွေ့ပြီး ကိုယ့်ကိုယ်ကိုယ်ကြော်ငြာရသေးတာပါပဲ။ ဒီအလုပ်မှာ ကိုယ်ကအသုံးတည့်မယ့်သူတစ်ယောက်ဖြစ်တဲ့အကြောင်းပေါ့။

အလုပ်ရဖို့ကြိုးစားနေတုန်းမှာသာ ကြော်ငြာရတာမဟုတ်သေးပါဘူး။ လုပ်ငန်းခွင်ကိုရောက်ပြီးတဲ့နောက်မှာလည်း ကြော်ငြာနေရသေးတာပါပဲ။ သူ့အလုပ်မှာ အသုံးမတည့်ဘူးထင်ရင် အလုပ်ရှင်က အလုပ်ဖြုတ်ပစ်လိုက်မှာ စိုးရသေးတာကိုး။ အလုပ်ဆက်လုပ်နေကြတဲ့သူချင်းအတူတူ ကိုယ်က ပိုအသုံးတည့်ကြောင်း ဆက်ပြီးကြော်ငြာနေရသေးတယ် ဆိုပါတော့။

အသုံးတော်ခံမယ့်သူက သုံးတဲ့သူမျက်စိကျအောင်ကြော်ငြာနေရတာ။ သုံးတဲ့သူဘက်က လိုအပ်တဲ့အရည်အချင်းတွေ ကိုယ့်မှာမရှိသေးဘူးဆိုရင်လည်း ရှိအောင် ကြိုးစားရသေးတာ။ ဘာသင်တန်းတက်ထားသူဖြစ်ရမယ်ဆိုပြန်တော့ တက်လိုက်ရသေးတာ။

### အံမဝင်တဲ့ နေရာ

အချိန်အခါ၊ နေရာဒေသအပေါ်မူတည်ပြီး ကိုယ့်ရဲ့အသုံးတည့်ခြင်း၊ မတည့်ခြင်းအနေအထားက ကွာနိုင်သေးတာကို သတိပြုရမှာပါ။ အထိုင်လွဲနေပြီလား၊ နေရာမှားနေပြီလား၊ ကိုယ်နဲ့ အံမဝင်တဲ့နေရာတစ်ခုမှာ ကိုယ့်ကိုယ်ကိုယ်သုံးဖို့ကြိုးစားနေမိပြီလားဆိုတာကို ပြန်သုံးသပ်ကြည့်ဖို့လိုပါတယ်။ အချိန်အခါ၊ နေရာဒေသအပေါ်မူတည်ပြီး ကိုယ့်တန်ဖိုးကွာသွားနိုင်တာကို သတိပြုရမှာပါ။ ခေါင်းမှာအမြတ်တနိုး ယုယထားတဲ့ဆံပင်တွေထဲက ဆံခြည်လေးတစ်မျှင် ဟင်းခွက်ထဲရောက်လာတော့ ရွံစရာဖြစ်သွားတယ်။ တစ်ခါတလေများ နေရာအကြီးအကျယ်လွဲတာမဟုတ်ဘဲနဲ့ အချိန်လေးနည်းနည်းလွဲသွားတာနဲ့ တန်ဖိုးတွေကွာသွားတတ်တာမျိုး။ ဥပမာအားဖြင့် ထမင်းစားတဲ့အခါ ဟင်းနဲ့ရောစားရတာပါပဲ။ ဒါပေမယ့် ကိုယ်စားမယ့်ထမင်းပွဲမှာ ဟင်းပန်းကန်ထဲ ထမင်းလုံးတွေ ကျနေတာတွေ့တော့ ရွံသတဲ့၊ ထမင်းပန်းကန်ထဲ ဟင်းတွေဖိတ်ကျနေတော့လည်း မစားချင်ပြန်ဘူး။ ဒီသဘောတရားကို ကျေညက်ဖို့လိုပါတယ်။ ထမင်းနဲ့ဟင်းက ထမင်းစားရာမှာ အသုံးတည့်ပေမယ့် အချိန်မကျခင် နေရာမှားပြီး ရောက်လာတော့ ထမင်းဝိုင်းလေးရဲ့ သန့်ရှင်းသပ်ရပ်မှုတန်ဖိုးလေး၊ စားချင်စဖွယ်ဖြစ်မှုလေး ပျက်သွားရော။ အဲဒါတွေက အသုံးတော်ခံသူတွေအတွက် ဖွင့်ဆိုတင်ပြချက်တွေ။

### လိုလားချက်နဲ့ ကိုက်ညီရဲ့လား

ကိုယ်က အသုံးတော်ခံမယ့်သူမဟုတ်ဘဲ အသုံးပြုမယ့်သူဆိုရင်လည်း အကဲခတ်မလွဲဖို့လိုမှာပါ။ ကိုယ်သုံးလိုတဲ့ သက်ရှိ၊ သက်မဲ့ဟာ ကိုယ့်လိုလားချက်နဲ့ကိုက်ညီရဲ့လား၊ ဒါမှမဟုတ် သူ့အရည်အချင်းတွေ၊ တန်ဖိုးတွေကို ကိုယ်သိရဲ့လား၊ အသုံးချနိုင်ရဲ့လားဆိုတာကို ကိုယ့်ကိုယ်ကိုယ်ပြန်မေးရမှာပါ။ နွားလေးတစ်ရှဉ်း သဘောကျလို့ဝယ်လာတယ်၊ လယ်ယာလုပ်ငန်းခွင်မှာ သုံးရုံပေါ့။ မြင်းလေးတစ်စီးကျတော့ ဝယ်ရတာလွယ်ပေမယ့် သူ့ကိုသုံးဖို့ဆိုရင်တော့ ကိုယ့်မှာ မြင်းစီးအတတ်ပညာလိုလာပြီ။ ကားလေးတစ်စီး မောင်းကြည့်ဖို့က သင်ရတာသိပ်မခက်ပေမယ့် လေယာဉ်ပျံကျတော့ ခက်သွားပြီ။ ကိုယ်လေယာဉ် မမောင်းတတ်လို့ လေယာဉ်က ကိုယ့်အတွက် အသုံးမတည့်ဘဲ ဖြစ်နေတာလား၊ လေယာဉ်ကိုယ်၌က ညံ့နေတာလားဆိုတာကို ခွဲခြားနိုင်ဖို့လိုပါတယ်။ အသုံးမတည့်တာလား၊ ကိုယ်က အသုံးမချတတ်တာလားဆိုတာကို ခွဲခြားနိုင်ဖို့လိုပါတယ်။

သစ်ပင်ကြီးတစ်ပင်ကို လူတွေကမြင်တယ်။ ပန်းပုဆရာကမြင်တော့ ပန်းပုထုလိုက်ရရင် ကောင်းမှာပဲလို့တွေးတယ်။ ခုံဖိနပ်လုပ်တဲ့သူကျတော့လည်း ဒီအပင်ကြီးလှဲပြီး ခုံဖိနပ်တွေ ခုတ်လိုက်ရရင် အရန်တွေ တော်တော်များများရမှာပဲလို့ တွေးနေတယ်။ အုတ်ဖုတ်တဲ့သူကမြင်ပြန်တော့ ဒီအပင်ကြီးသာ လှဲလိုက်ရင် အုတ်ထင်းတွေလှည်းဘယ်နှစီးတိုက်လောက် ထွက်လာမယ်ဆိုတာမျိုး တွေးနေတာ။ အသုံးပြုမယ့်သူအပေါ်မူတည်ပြီး အသုံးတည့်မတည့်ဆိုတာနဲ့ အသုံးခံတန်ဖိုးက ကွာသွားတတ်သေးတာပါ။

ကျွန်းပင်ကြီးတစ်ပင်၊ ပရိဘောဂလား၊ ပန်းပုလား၊ ကျွန်းမီးသွေးလား၊ သဘာဝပတ်ဝန်းကျင်အတွက် ဒီအတိုင်း ထိန်းသိမ်းထားမလား။

အသုံးတည့်ခြင်း၊ မတည့်ခြင်းဆိုတာတွေနဲ့ ပတ်သက်လို့ စဉ်းစားစရာလေးတွေပါခင်ဗျာ။ ။

# ရခိုင်ကမ်းရိုးတန်း၌ ငါးသယံဇာတလျော့နည်းလာမှုကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ရန် လိုအပ်လာ

စစ်တွေ စက်တင်ဘာ ၂၉

**ရခိုင်ကမ်းရိုးတန်းတွင် သတ်မှတ်ထားသော တားမြစ်ရေယာဉ် ငါးဖမ်းစက်လှေများ ဝင်ရောက်ဖမ်းဆီးမှုနှင့် ရေပြင်တွင် အမှိုက်စွန့်ပစ်မှုတို့ကြောင့် ရေနေသတ္တဝါတို့အတွက် အစာကွင်းဆက်ထိခိုက်ကာ ငါးသယံဇာတ ထိခိုက်ပြုန်းတီးလာမှုကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ရန် လိုအပ်လာကြောင်း သိရသည်။**



ရခိုင်ပြည်နယ်တွင် ကမ်းဝေးငါးဖမ်းစက်လှေတစ်စင်း ပင်လယ်ပြင်သို့ထွက်ခွာရန် ပြင်ဆင်နေစဉ်။

ယခင်က ရာသီအလိုက် ငါးမျိုးစိတ်ပေါများစွာ စားသုံးနိုင်ခဲ့ပြီး ယခုအခါ သတ်မှတ်ပိုက်ကွန်ထက် သေးငယ်သော ငါးဖမ်းပိုက်များဖြင့် ဖမ်းဆီးသည့် အပြင် ငါးရစ်ငါးသန် ပေါက်ပွားချိန်တွင်လည်း ပင်လယ်၊ ကမ်းနီးနှင့် မြစ်၊ ချောင်းတို့တွင် ဖမ်းဆီးကြရာ တစ်နှစ်ထက်တစ်နှစ် ငါးသယံဇာတ ပေါက်ပွားနှုန်းထက် ဖမ်းဆီးမှုများလာသဖြင့် ရေသယံဇာတ ရှားပါးမှုကို ကြုံတွေ့လာရပြီး ရေပြင်နှင့် ရေအောက်တို့တွင်လည်း စွန့်ပစ်အမှိုက်တို့ကြောင့် ရေသယံဇာတဖွံ့ဖြိုးမှုအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ကြုံတွေ့လာရလျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ငါးမဖမ်းရတားမြစ်နယ်မြေများဖြစ်သော သံတွဲရေယာနှင့် စစ်တွေကမ်းရိုးတန်းတို့၌ ငါးသားပေါက်ချိန်အပါအဝင် လစဉ်ကမ်းနီးငါးဖမ်းဆီးမှုကြောင့် ရေချို/ရေငန် ကျောက်ငါးနှင့် ငါးမျိုးစိတ်များ၊ ကျောက်ပုစွန်၊ ကင်းပုစွန်နှင့် အခြားတန်ဖိုးမြင့် ဈေးကွက်ဝင် ငါး၊ ပုစွန်များ ပေါက်ပွားနှုန်း နှစ်စဉ်လျော့ကျခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အရေးယူဆောင်ရွက်မှုများရှိသော်လည်း ငါးလုပ်ငန်းဆိုင်ရာဥပဒေ လိုက်နာမှုအားနည်းသူတို့ကြောင့် ငါးသယံဇာတ ရေရှည်တည်တံ့မှုကို ထိခိုက်လာခြင်းဖြစ်သည်။

"ရခိုင်ပင်လယ်ပြင်နဲ့ ကမ်းနီးမှာ မိုက်ခရိုပလတ်စတစ်အမှုန်တွေ များနေတာကို သုတေသနစစ်တမ်းအရ တွေ့ရှိရတယ်။ ဒါကြောင့် စွန့်ပစ်ပလတ်စတစ်လျှော့ချဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နေရာစုံအသိပညာပေးဖို့ အခက်အခဲရှိတဲ့အတွက် ဌာနနဲ့နီးစပ်တဲ့ ရေလုပ်သားရွာတွေမှာ ပင်လယ်ပြင်ထွက်ရင် ပလတ်စတစ်ပစ္စည်းတွေ ရေထဲမစွန့်ပစ်ဖို့ အသိပညာပေးမှုတွေ လုပ်ပါတယ်။ ပြီးတော့ ကမ်းဝေးငါးဖမ်းရေယာဉ်တွေကို ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာနဲ့ စစ်တွေကနေ စောင့်ကြည့်တယ်။ ကမ်းနီးကိုမဝင်အောင် ကန့်သတ်ထားတဲ့နေရာတွေနဲ့ နှစ်နိုင်ငံရေပြင်အငြင်းပွားမှုဖြစ်နိုင်တဲ့ ရေပြင်တွေမှာ ငါးမဖမ်းဖို့ ကြပ်မတ်ဆောင်ရွက်နေပါတယ်။ အခက်အခဲက ရခိုင်ကမ်းရိုးတန်းမှာ ကမ်းနီးငါးဖမ်းလှေတွေများတာကြောင့် စည်းကမ်းမဲ့ငါးဖမ်းဆီးတာတွေ ရှိတယ်။ ငါးသယံဇာတလျော့နည်းလာမှုကို ပြန်လည်ဖြည့်တင်းဖို့အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ဖို့တော့ လိုပါတယ်"ဟု ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောကြားသည်။

ထိုသို့ ငါးသယံဇာတ နှစ်စဉ်ပြုန်းတီးလာမှုနှင့်အတူ ငါးမဖမ်းရနယ်မြေများတွင် ဝင်ရောက်ဖမ်းဆီးမှုနှင့် စွန့်ပစ်အမှိုက်တို့ကြောင့်လည်းကောင်း၊ စိုက်ပျိုးရေးတွင်အသုံးပြုသည့် ပိုးသတ်ဆေးများ မြစ်ချောင်းအတွင်း ရောက်ရှိရာမှ ရေနေသတ္တဝါတို့ကို တိုက်ရိုက်/သွယ်ဝိုက်၍ ထိခိုက်မှုကြောင့်လည်းကောင်း ထိုသတ္တဝါတို့၏ အစာကွင်းဆက်ကို ထိခိုက်လာလျက်ရှိရာမှ နှစ်စဉ်ရေသယံဇာတအရင်းအမြစ်များ ထိခိုက်လာခြင်းဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတလျော့ကျမှုကို ဆန်းစစ်ရန် နော်ဝေနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ ငါးအလွန်အကျွံဖမ်းဆီးမှုကြောင့် နိုင်ငံအတွက် ပြည်ပပို့ကုန် တန်ဖိုးမြင့်ငါး၊ ပုစွန်များ သိသာစွာ လျော့နည်းခဲ့ပြီး တန်ဖိုးနည်းငါးမျိုးစိတ်များသာ ကျန်ရှိကြောင်း တွေ့ရှိခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာနက ရေသယံဇာတ ပြန်လည်ဖွံ့ဖြိုးလာစေရန် စီမံဆောင်ရွက်မှုနှင့်အတူ သဘာဝရေပြင်တို့တွင် ငါးသယံဇာတ ပြန်လည်ဖွံ့ဖြိုးရန် နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အညီ ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

နော်ဝေနိုင်ငံနှင့် သုတေသနဆန်းစစ်ချက်အရ ၁၉၈၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ရခိုင်ကမ်းရိုးတန်းရေတိမ်ပိုင်း၌ ရေပေါ်ငါးသယံဇာတ ၈၀ ရာခိုင်နှုန်းနှင့် ရေအောက်ငါးသယံဇာတ ၆၀ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ပြီး ငါးသယံဇာတ လျော့နည်းမှုနှင့်အတူ စွန့်ပစ်ပလတ်စတစ်အမှုန်များ အများဆုံးရှိသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။ ရခိုင်ကမ်းရိုးတန်းသည် ငါးသယံဇာတအများဆုံးထွက်ရှိသောဒေသတို့တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ယခုအခါ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တို့၌ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ငါးသယံဇာတပြုန်းတီးမှုကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး

# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ပြုလုပ်ပေး

**နတ်မောက် စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ရရှိစေရန်အတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဘန်းကုန်းကျေးရွာနေ ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယမန်နေ့က ပြုလုပ်ပေးသည်။




လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ရာ ၆(က)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်သူ အမျိုးသားတစ်ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၂၂ ဦးအား ပြုလုပ်ပေးနိုင်ကြောင်းနှင့် မြို့နယ်အတွင်းမှ ကျန်ရှိနေသည့် ကျေးရွာများသို့လည်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးမျိုးတင့်ထံမှ သိရသည်။

သင်းသင်းမြတ်

# ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေး

**သဲကုန်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအရ ဇီးကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ၌ တည်ဆောက်ပြီးစီးသွားသည့် ကျေးရွာဘက်စုံသုံးခန်းမဆောင်ကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမဆောင်သည် အလျားပေ ၃၀၊ အကျယ်ပေ ၂၀ ၊ အမြင့် ၁၂ ပေရှိပြီး လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းမှ ထောက်ပံ့ရန်ပုံငွေကျပ် ၁၁၆ ဒသမ ၁၈၇၈ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၉၆၇၅ သိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

စိုးမိုးကျော်

# အိမ်မဲမြို့နယ်၌ မိုးစပါးမျိုးသန့်ထုတ်တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့

**အိမ်မဲ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းမှ မိုးစပါး မျိုးသန့်မျိုးစေ့ထုတ် တောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဓာတ်မြေသြဇာများကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်ထွန်းဇော်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်အေးအေးမြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦးတို့က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်နိုင်ရေးရည်ရွယ်ပြီး မျိုးသန့်မျိုးစေ့များ ထုတ်လုပ်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝကာ အထွက်နှုန်း တိုးတက်စေရန်အတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် ဓာတ်မြေသြဇာသုံးစွဲမှုကြောင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်စု ၂၁ အုပ်စုမှ မျိုးစေ့ထုတ်တောင်သူ ၆၉ ဦး၏ စိုက်ပျိုးဧက ၁၄၀ အတွက် ပုလဲဓာတ်မြေသြဇာများကို တာဝန်ရှိသူများက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။




အိမ်မဲမြို့နယ်၌ သီးထပ်ရင်၊ ဆင်းသုခ၊ ရောမင်း၊ ပေါ်ဆန်းရင်၊ နံ့ကား၊ ကောက်ညှင်း၊ ငစိန် စသည့် မိုးစပါးများကို စိုက်ဧကပေါင်း ၁၄၃၀၁၀ စိုက်ပျိုးထားရှိပြီး ဒေသခံတောင်သူများအနေဖြင့် မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုဆောင်ရွက်လိုပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် လိုအပ်သည့်နည်းပညာများ ရယူနိုင်ကြောင်းနှင့် ဌာနက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦးက ပြောသည်။

ချစ်သက်လယ်

(မြန်/ဆက်)

# မတ္တရာစကျင်ကျောက်ဆစ်လုပ်ငန်း ကိုဗစ်ကာလအရောင်းကျဆင်း



**မတ္တရာ စက်တင်ဘာ ၂၉**
စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များကို ကိုဗစ်ကာလအတွင်း ပြည်တွင်းအလှူရှင်များအတွက် အွန်လိုင်းစနစ်ဖြင့် ရောင်းချပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာမှ ကျောက်ဆစ် လုပ်ငန်းရှင် ဦးစိုးဝင်းက ပြောသည်။

"ရောင်းအားတွေ ကတော့ အရင်နှစ်တွေ ထက်စာရင် ကျဆင်းနေပါတယ်။ ကိုဗစ်ကူးစက် ပြန့်ပွားမှုတွေကြောင့် ထုဆစ်ပြီး ရုပ်ပွားတော်များကို အွန်လိုင်းစနစ်နဲ့ ပြည်တွင်းအလှူရှင်တွေကို ရောင်းချပါတယ်။ အွန်လိုင်းကတစ်ဆင့် မှာယူသူတွေလည်း ရှိပါတယ်။ အရင်ကတော့ သီးနှံပေါ်ချိန်ဆို ရောင်းအားတက်ပါတယ်။ အလှူအတန်းပေါ်များတယ်။ ကိုဗစ်-၁၉ ရောဂါ အခြေအနေကောင်းပြီး သွားလာရေးလမ်းကြောင်းတွေ ပြန်ဖွင့်ရင်တော့ အဆင်ပြေမယ်လို့ ယုံကြည်ပါတယ်"ဟု ၎င်းက ပြောသည်။

စကျင်ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များကို ကိုဗစ်ရောဂါ စတင်ဖြစ်ပွားစဉ်မှ ယနေ့အထိ အွန်လိုင်းစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ကာ အလွန်တွင်ကျယ်စွာ တင်ပို့ရောင်းချရခြင်း မရှိသော်လည်း မှာယူသူများ အသင့်အတင့်ရှိနေသည့်အတွက် လုပ်ငန်းရှင်နှင့် ကျောက်ဆစ်လုပ်သားများ အလုပ်အကိုင် အဆင်ပြေနေခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ပုလောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွင် ကူညီပံ့ပိုးပေးနိုင်ရန် စေတနာ့ဝန်ထမ်းသင်တန်းဖွင့်

**ပုလော စက်တင်ဘာ ၂၉**
တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများအနေဖြင့် ပို၍ စနစ်တကျ ကူညီပံ့ပိုးနိုင်ရန်အတွက် သင်တန်းကို ယမန်နေ့က ပုလောမြို့နယ်ခန်းမ၌ ဖွင့်လှစ်သည်။

စေတနာ့ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာရရှိစေရန်၊ မိမိကိုယ်ကိုယ် ကာကွယ်တတ်စေရန်၊ အများနှင့် ပြောဆိုဆက်ဆံရာတွင် ကောင်းမွန်စွာပြောဆိုတတ်စေရန်၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးနိုင်ရန် စသည့်အချက်များကိုသိရှိပြီး ထိရောက်သည့် ပံ့ပိုးကူညီမှုများပေးနိုင်ရန်နှင့် မြေပြင်တွင် စနစ်တကျ စွမ်းဆောင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြိတ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းက ပြောကြားသည်။

သင်တန်းတွင် ပုလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာပြုံးချိုက စေတနာ့ဝန်ထမ်းများအနေဖြင့် ပြည်သူများအား ပံ့ပိုးကူညီရာတွင် သိထားသင့်သော ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် ရောဂါကာကွယ်ရာတွင် အသုံးပြုသည့် ဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ အသုံးပြုပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြပို့ချကာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုခြင်း စသည်တို့ကို ပညာပေးဆွေးနွေးခဲ့သည်။

သင်တန်းကို ပုလောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြိတ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ပုလောမြို့ပေါ် ရပ်ကွက်ငါးခုရှိ စေတနာ့ဝန်ထမ်းအဖွဲ့ငါးဖွဲ့နှင့် မေတ္တာရှင်ပရဟိတအသင်းမှ စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၅၇ ဦး တက်ရောက်ခဲ့သည်။ **အေးအေးမော်**



# အိန္ဒိယမှသတင်းများကြောင့် မြန်မာ့ကြက်သွန်ဈေးကွက် လှုပ်ခတ်လာ

**မကွေး စက်တင်ဘာ ၂၉**
အိန္ဒိယနိုင်ငံတွင်ဖြစ်ပေါ်နေသော ကြက်သွန်နီဈေးကွက်သတင်းများ အပေါ်မူတည်၍ မြန်မာ့ကြက်သွန်ဈေးကွက်တွင် ယခုတစ်ပတ်အတွင်း လှုပ်ခတ်မှုများ ဖြစ်ပေါ်လာနေကြောင်း သိရသည်။

ယခုနှစ် မေလက အိန္ဒိယနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ခဲ့ခြင်းကြောင့် ဆောင်းကြက်သွန်အစိုဓာတ်ပါဝင်မှု များပြားခဲ့သည့်အပြင် မုတ်သုံမမှန်ခြင်းကြောင့် မိုးစိုက်ကြက်သွန်ပေါ်ချိန် နောက်ကျနိုင်သဖြင့် အိန္ဒိယမှ ကြက်သွန်ဝယ်ယူနေသော ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများအစား မြန်မာ့ကြက်သွန်နီကို ပြောင်းလဲ ဝယ်ယူဖွယ်ရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်နေကြသည်။

"တောင်သူတွေဆီတော့ ကြက်သွန်ဈေး ထူးထူးခြားခြား တက်မလာသေးပါဘူး။ ဒီရက်အတွင်း ကြက်သွန်တစ်ပိဿာကိုမှ အရင်က ဈေးထက် ငွေကျပ် ၅၀ လောက်ပဲတက်ပါတယ်။ နောက်ပိုင်းတော့ တက်လာမလား မသိသေးဘူးပေါ့။ အိန္ဒိယဘက်က သတင်းတွေတော့ ကြားနေပါတယ်။ ဈေးတက်မယ်ဆိုရင်တော့ တောင်သူတွေ အကျိုးရှိနိုင်တာပေါ့"ဟု မကွေးတိုင်းဒေသကြီး မြစ်ခြေမြို့မှ ကြက်သွန် စိုက်ပျိုးသူ ကိုအောင်ထွန်းက ပြောသည်။

အိန္ဒိယနိုင်ငံတွင် မိုးကြက်သွန်ကို ဇွန်၊ ဇူလိုင်လတို့၌ စိုက်ပျိုးပြီး အောက်တိုဘာ၊ နိုဝင်ဘာလတို့တွင် နုတ်သိမ်းလေ့ရှိသည်။ စက်တင်ဘာနှင့် နိုဝင်ဘာလကြားကာလများသည် ဆောင်းကြက်သွန်များ ပစ္စည်းပြတ်၍ မိုးကြက်သွန်များမှာလည်း မပေါ်များသေးသော ကာလဖြစ်သဖြင့် ကြက်သွန်နီရှားပါးလေ့ရှိသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များက အိန္ဒိယတွင် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကြက်သွန်နီဈေး တစ်ကီလိုဂရမ်လျှင် ၁၀၀ ရူပီးအထိ မြင့်တက်ခဲ့ဖူးကြောင်း သိရသည်။

"ကြက်သွန်ဈေးက တက်လာဖို့များနေတယ်။ တချို့ကုန်သည်ပွဲစားတွေဆို ခြံကွက်ကလေးတွေငှားပြီး ကြက်သွန်ကြိုလှောင်ထားဖို့ ပြင်ဆင်နေကြတယ်။ သို့သော် ပွဲစားတွေက တောင်သူတွေဆီက ကြက်သွန်ကို ငွေလက်ငင်းပေးပြီး မဝယ်ချင်တဲ့အပြင် ဈေးလည်းနှိမ်ဝယ်တယ်။ တစ်ပိဿာလုံးကိုမှ ငွေကျပ်နှစ်ရာလောက်ဈေးနဲ့ ဝယ်နေတယ်။ တောင်သူတွေကလည်း ကိုဗစ်နဲ့ဘာနဲ့ ကုန်ကျစရိတ်တွေများခဲ့တော့ ရတဲ့ဈေးနဲ့ ရောင်းနေသူတွေလည်း ရှိပါတယ်။ အခုရနေတဲ့ဈေးနဲ့ကတော့ စိုက်စရိတ်တောင် မကျေသေးပါဘူး" ဟု မြင်းမူမြို့နယ်မှ ကြက်သွန်စိုက်ပျိုးသူ ဦးကျော်က ပြောသည်။ **နန်းထက်ထက်ချစ်**

# ကျေးရွာစက်ရေတွင်း တူးဖော်ရေးအတွက် GP Survey တိုင်းတာမှုပြုလုပ်

**မကွေး စက်တင်ဘာ ၂၉**
မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးမြို့နယ် ကြည်တစ်လုံးကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးနိုင်ရန်အတွက် မြေအောက်ရေအောင်းလွှာတည်ရှိနိုင်မည့်နေရာကို သိရှိရန် GP Survey တိုင်းတာမှုများကို ယမန်နေ့က ပြုလုပ်သည်။

တိုင်းတာမှုများကို မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းထွန်းနှင့် ဝန်ထမ်းများက ပြုလုပ်ခြင်းဖြစ်သည်။ ကြည်တစ်လုံးကျေးရွာတွင် သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ပေးမည်ဖြစ်၍ လွယ်ကူလျင်မြန်စွာ တူးဖော်ပေးနိုင်ရေးအတွက် မြေအောက်ရေအောင်းလွှာတည်ရှိနိုင်မည့်နေရာကို သိရှိနိုင်ရန် GP Survey တိုင်းတာမှုပြုလုပ်ခြင်းဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်စိုးက ပြောသည်။

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၀ ၌ ခွင့်ပြုရန်ပုံငွေကျပ် ၃၀၈ ဒသမ ၇၁ သန်းဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း အခု ၂၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# ဓနုဖြူမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**ဓနုဖြူ စက်တင်ဘာ ၂၉**
ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဒေသခံပြည်သူများ မွေးမြူထားသော ခွေးများကို စက်တင်ဘာ ၂၈ ရက်မှစ၍ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဟေမာဆွေနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါဖြစ်သောကြောင့် မိမိတို့မွေးမြူထားသော ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံပေးခြင်းဖြင့် ခွေးရူးရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် အခမဲ့ထိုးနှံပေးနေခြင်းဖြစ်ကြောင်း ဦးစီးမှူးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်းတွင် ကိုဗစ်-၁၉ ကူးစက်မှုနှင့် ပိုးတွေ့မှုနှုန်းကျဆင်း၍ ရောဂါကုသရေးစင်တာနှစ်ခု ပိတ်သိမ်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါ ကူးစက်မှုနှင့် ပိုးတွေ့ရှိမှုနှုန်း ကျဆင်းလာသဖြင့် ပိုးတွေ့သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဖွင့်လှစ်ခဲ့သည့် အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်းရှိ ကုသရေးစင်တာနှင့် အရန်အဖြစ် ပြင်ဆင်ထားရှိခဲ့သည့် စံပြရပ်ကွက် မူလတန်းလွန်ကျောင်း ကုသရေးစင်တာများကို ယနေ့နံနက်တွင် ပိတ်သိမ်းလိုက်သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ကိုဗစ်–၁၉ ရောဂါ ပိုးစစ်ဆေး တွေ့ရှိမှုများပြားခဲ့ရာ အဆိုပါပိုးတွေ့လူနာများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် မြို့နယ် ပြည်သူ့ဆေးရုံနှစ်ထပ်ဆောင် ကုသရေး စင်တာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းရှိ WORKSHOP အဆောက်အအုံတို့တွင် ကုသရေး စင်တာများ ဖွင့်လှစ်ထားရှိကာ ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း)ရှိ WORKSHOP အဆောက်အအုံကို ကိုဗစ်– ၁၉ ရောဂါ ကုသရေးစင်တာအဖြစ် ဇူလိုင် ၃ ရက်တွင် အမျိုးသားဆောင်နှင့်အမျိုးသမီးဆောင် နှစ်ဆောင် ခွဲဖွင့်၍ စတင်ဖွင့်လှစ်ခဲ့ပြီး လူနာထားရှိနိုင်မှုမှာ အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၁၆၃ ဦး ဖြစ်သည်။ အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကုသရေး စင်တာ စတင်ဖွင့်လှစ်ချိန်မှ စက်တင်ဘာ ၂၇ ရက် ပိတ်သိမ်းချိန်အထိ လူနာအမျိုးသား ၂၀၆ ဦးနှင့် အမျိုးသမီး ၁၅၅ ဦး စုစုပေါင်း ၃၆၁ ဦးတို့ ကျန်းမာ ရေး စောင့်ရှောက်မှုခံယူခဲ့ကြပြီး ၎င်းတို့အနက် အမျိုးသားတစ်ဦးမှာ ကုသရေးစင်တာတွင် သေဆုံး ခဲ့သည်။

ထို့ကြောင့် စင်တာပိတ်သိမ်းချိန်တွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် သံဃာတော်အရှင်သူ မြတ်များအားပင့်ဖိတ်၍ အရဏ်ဆွမ်းဆက်ကပ် လှူဒါန်းကာ ပရိတ်တရားတော်များနာကြား၍ အမျှ အတမ်းပေးဝေခြင်းများကိုလည်း ယနေ့နံနက်တွင် ပြုလုပ်သည်။



စင်တာတွင် သေဆုံးသွားခဲ့သည့်တစ်ဦးအတွက် အမျှအတန်း ပေးဝေနေစဉ်။

ထို့အပြင် စံပြရပ်ကွက်ရှိ အရန်ကုသရေးစင်တာ အဖြစ်ဆောင်ရွက်ထားရှိသည့် မူလတန်းလွန်ကျောင်း ကုသရေးစင်တာကိုပါ ယနေ့ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်ဆက်)**

# ကိုဗစ်- ၁၉ ရောဂါကူးစက်မှုနှုန်း လျော့ကျလာ၍ ဒလမြို့နယ်၌ သံဃာတော်များ ဆွမ်းခံပြန်ကြွ



**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလ မြို့နယ်အတွင်းရှိ ကိုဗစ်– ၁၉ ရောဂါကူးစက်မှုနှုန်း တဖြည်း ဖြည်း လျော့ကျလာခြင်းကြောင့် ကျောင်းတိုက်များမှ သံဃာတော် များနှင့် သာမဏေများ ဆွမ်းခံ ကြွလျက်ရှိသည်ကို မြင်တွေ့ရ သည်။

ကမာကဆစ် အလယ် ကျောင်းပရိယတ္တိစာသင်တိုက်မှ ပဓာနနာယက ဆရာတော်ကြီး အားဖုန်းဖြင့်ဆက်သွယ်မေးမြန်း ခဲ့ရာ ယခုအခါ ကိုဗစ်–၁၉ ကူးစက်မှု နည်းပါးလာခြင်း ကြောင့် ကျောင်းတိုက်အတွင်းရှိ သံဃာတော်များ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် ကျန်းမာရေး လမ်းညွှန်ချက်နှင့် အညီ နှာခေါင်း စည်းများ တပ်ဆင်၍ တန်းဆွမ်းခံ ကြွခြင်းဖြစ်ကြောင်း၊ ရောဂါ ကူးစက်မှုနှုန်းမြင့်သော ကာလ များက ဆွမ်းခံမကြွခဲ့ကြောင်း၊ ယခုအခါ ဆွမ်းလောင်းလှူနိုင် သော ဒကာ၊ ဒကာမများ လောင်း လှူနိုင်ရန် ဆွမ်းခံထွက်ခြင်း ဖြစ်ကြောင်း ပြန်လည်မိန့်ကြား သည်။

ဒလမြို့နယ်အတွင်း သံဃာ တော်နှင့် သာမဏေများ အများ ဆုံးရှိသည့် ကမာကဆစ်အလယ် ကျောင်းပရိယတ္တိစာသင်တိုက်၌ လက်ရှိအချိန်တွင် သံဃာတော် ၁၃၅ ပါးရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီက သံဃာတော် နှင့် သာမဏေ စုစုပေါင်းအပါး ၂၀၀ ကျော်ရှိကြောင်း၊ ထို့အတူ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းကိုဆရာတော်ကြီးဦးစီး၍ မူလတန်းမှ ခုနစ်တန်းအထိ အခမဲ့ ပညာ သင်ကြားပေးလျက်ရှိပြီး ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကျောင်းသားများကိုလည်း အခမဲ့ ပညာသင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ စုစု ပေါင်း ၈၀၀ ကျော်အထိ ရှိကြောင်း ဆရာတော်ကြီးက ဆက်လက် မိန့်ကြားသည်။

ဒလမြို့နယ်၌ ဘုန်းတော်ကြီး ကျောင်းပေါင်း ၈၉ ကျောင်းရှိပြီး ရဟန်းအပါး ၉၁၀ ၊ သာမဏေ ၄၆၂ ပါး စုစုပေါင်း ၁၃၇၂ ပါး ရှိ ကြောင်း၊ ပထမအကြိမ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးသူ သံဃာတော် ၂၆၁ ပါး ရှိကြောင်း မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင် ကိုဗစ်– ၁၉ ရောဂါကူးစက်မှုနှုန်းလျော့ကျလာ သည့်အလျောက် ကူးစက်မှုနှုန်း ဆက်လက် ကျဆင်းအောင် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ် သဖြင့် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော် ကြီး သင်ပညာရေးကျောင်းများ အပါအဝင်)ကို သီတင်းကျွတ် ကျောင်းပိတ်ရက်များ အပါအဝင် အောက်တိုဘာ ၂၄ ရက်အထိ ဆက်လက်၍ ယာယီပိတ်ထား မည်ဟု အသိပေးကြေညာထား သည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ကျောက်ဆည်၌ အာမခံအလုပ်သမား ၆၆၂ ဦးအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေး

**ကျောက်ဆည် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံး ဝင်မှတ်ပုံတင်ထားသော ဆင်မင်းဘိလပ်မြေစက်ရုံမှ အာမခံအလုပ် သမား ၆၆၂ ဦးအား ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများကို ဒုတိယ အကြိမ်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင် မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထိုးနှံပေးနေခြင်းဖြစ်သည်။ ကျောက်ဆည်မြို့ လူမှုဖူလုံရေး ရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ပြည်သူပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိက၊ စက်ရုံအလုပ်ရုံများမှ အလုပ်သမား ၁၅၂၃ ဦးရှိကြောင်း၊ မြို့နယ်လူမှုဖူလုံရေးရုံးမှ သိရပြီး ၎င်းတို့ကိုလည်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရ သည်။

ကျောက်ဆည်မြို့နယ်အတွင်း၌ပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ပထမအကြိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် ၂၄၉၃ ဦး၊ သံဃာ ၇၄၆ ပါး၊ ကျန်းမာရေးဝန်ထမ်း ၁၈၄ ဦး၊ လူမှုရေးအဖွဲ့ ဝင် ၂၃၈ ဦး၊ နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင် ၁၇၆၆ ဦး၊ ပုဂ္ဂလိကဘဏ် ဝန်ထမ်း ၂၀၈ ဦး၊ စက်ရုံ၊ အလုပ်ရုံဝန်ထမ်း ၅၅၇၁ ဦး၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်း လုပ်ကိုင်သူ ၁၈၃ ဦး၊ အကျဉ်းသား ၅၉ ဦး၊ ပို့ဆောင်ရေးလုပ်ကိုင်သူ ၈၄၇ ဦး၊ Super Market နှင့် ဈေးရောင်းသူ ၂၁၃၈ ဦး စုစုပေါင်း ၁၄၄၆၀ ကို ထိုးနှံပေးထားပြီးဖြစ်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



အလုပ်သမားတစ်ဦးအား ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# နတ်တလင်းမြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့စစ်ဆေးပေး

**နတ်တလင်း စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးဆောင်၍ မြို့နယ် အတွင်း ကိုဗစ်– ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန်အတွက် ယမန်နေ့ က ပြည်သူများအား ကိုဗစ်ရောဂါပိုး ရှိ မရှိ အခမဲ့စစ်ဆေးပေးသည်။



မြို့နယ် ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် စာရေးဝန်ထမ်းများ ပူးပေါင်း၍ အနံ့မရသူ ခုနစ်ဦးနှင့် ရွာမရပ်ကွက်မှ ၁၅၀ စုစုပေါင်း ၁၅၇ ဦးအား RDT Test kit ဖြင့် စစ်ဆေးပေးခဲ့ခြင်းဖြစ်ကာ သုံးဦးတွင် ရောဂါပိုးတွေ့ရှိခဲ့သဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံတွင်ထားရှိ ကုသပေးထားပြီး ၎င်းတို့နှင့် ထိတွေ့ခဲ့သူများကိုလည်း အသွားအလာ ကန့်သတ်စောင့်ကြည့်မည် ဖြစ်ကြောင်း သိရသည်။

နတ်တလင်းမြို့နယ်တွင် ယမန်နေ့ ညနေပိုင်းအထိ ရောဂါပိုး တွေ့ရှိသူ စုစုပေါင်း ၁၇၀၅ ဦးရှိပြီး ရောဂါပျောက်ကင်း၍ ဆေးရုံ ဆင်းခွင့်ရသူ ၁၆၁၀ နှင့် သေဆုံးသူ ၅၀ ရှိကြောင်း မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

**သစ်ပင်စိုက်မှ အရိပ်ရ၏။**
**ရိပ်ခိုနားနေ အပန်းဖြေ၏။**

# သီးနှံအမယ်စုံ စိုက်ပျိုးရေးဆိုင်ရာ စာတမ်းရှင်းလင်းဆွေးနွေး


ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး အမှာစကား ပြောကြားစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ၏ စိုက်ပျိုးမှုပတ်ဝန်းကျင်ဇုန်များအရ သီးနှံအမယ်စုံစိုက်ပျိုးရေးဆိုင်ရာ စာတမ်းရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက တိုင်းဒေသကြီးနှင့် ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်နေကြသည့် တောင်သူများအနေဖြင့် စပါးအပါအဝင် သီးနှံမျိုးစုံ စိုက်ဧကများကို တိုးချဲ့ပြီး တစ်ဧကအထွက်နှုန်း တိုးအောင်စိုက်ပျိုးကြရန်၊ ဇုန်အလိုက်စိုက်ပျိုးဖြစ်ထွန်းနိုင်မည့်သီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်ရန်နှင့် မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးက စိုက်ပျိုးရေးဖြင့် စီးပွားရေးလုပ်ဆောင်နေကြသော လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက မြန်မာနိုင်ငံ၏ စိုက်ပျိုးမှုပတ်ဝန်းကျင် ဇုန်များအရ သီးနှံအမယ်စုံစိုက်ပျိုးရေးဆိုင်ရာ စာတမ်းကို အသေးစိတ် ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## ရွှေဘို-မြစ်ကြီးနားကားလမ်းပျက်စီးနေမှု ပြုပြင်ဆောင်ရွက်ပေးပါ

**အယ်ဒီတာခင်ဗျား-**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း မော်လူးမြို့နှင့် ပေကုန်း (နန့်စီးအောင်) ကျေးရွာကြားတွင် လမ်းများပျက်စီးနေပါသည်။ အဆိုပါလမ်းပျက်စီးနေမှုကြောင့် နေ့/ည ၂၄ နာရီ ဖြတ်သန်းသွားလာနေကြသည့် ကုန်တင်မော်တော်ယာဉ်၊ ခရီးသည်တင်ယာဉ်၊ အိမ်စီးကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်စီးမောင်းနှင်သူများ ဘေးအန္တရာယ်ထိခိုက်နိုင်ဖွယ်ရှိခြင်းကြောင့် ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် စာတည်းထံပေးစာကဏ္ဍမှ တင်ပြအပ်ပါသည်။

**ခရီးသွားတစ်ဦး**

---

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသောအကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

---

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၉**

ယနေ့ နံနက် ၁၀ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

---

*◆ကျော်ဖုံးမှ*

မန်စီးတီးအသင်းက နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ်ဖြင့် အုပ်စု တတိယ နေရာတွင် ရပ်တည်နေသည်။

မန်စီးတီးအသင်းသည် နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းထက် ဂိုးကန်သွင်းမှု ၁၂ ကြိမ်အထိ အသာရခဲ့သလို ဂိုးပေါက်တည့်မတ်မှုတွင်လည်း လေးကြိမ်အထိ အသာရခဲ့သည်။ သို့သော်လည်း မန်စီးတီးအသင်းသည် တိုက်စစ်ကစားသမားများ၏ အဆုံးသတ်အားနည်းမှုကြောင့်၊ ပြိုင်ဘက်ခံစစ် ကစားသမားများနှင့် ဂိုးသမားတို့၏ ကာကွယ်နိုင်မှုတို့ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**ပီအက်စ်ဂျီအဖွင့်ဂိုးရ**

ပိုချက်တီနို၏ ပီအက်စ်ဂျီအသင်းသည် ယနေ့ပွဲစဉ်တွင် မက်ဆီ၊ အမ်ဘတ်ပီ၊ နေမာတို့ ဦးဆောင်ပွဲထွက်လာခဲ့သလို ပြိုင်ဘက် ဂွါဒီယိုလာ၏ မန်စီးတီးအသင်းကလည်း စတားလင်းကို အားပြုကာ ဂရီးလစ်ချ်၊ ဒီဘရိုင်း၊ မာရက်ဇ်တို့ဖြင့် ပီအက်စ်ဂျီအသင်းကို ရင်ဆိုင်လာခဲ့သည်။ ခံစစ်မာကျောပြီး တိုက်စစ်ပိုင်းထက်မြက်သည့် အသင်းနှစ်သင်း တွေ့ဆုံနေသည့်အတွက် ပွဲစသည်နှင့် တစ်ပြိုင်နက် အကြိတ်အနယ်ရှိခဲ့သည်။ ပွဲချိန် ရှစ်မိနစ်တွင် ပီအက်စ်ဂျီအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ဂွီရီက သွင်းယူပေးနိုင်ခဲ့သည်။ အဖွင့်ဂိုး ခွင့်ပြုပေးခဲ့ရပြီးနောက် ပီအက်စ်ဂျီအသင်းကို မန်စီးတီးအသင်း ဖိအားပေးကစားနိုင်ခဲ့သည်။ သို့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းမရှိသောကြောင့် ပထမပိုင်းကို ပီအက်စ်ဂျီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

**မက်ဆီ ဒုတိယဂိုးသွင်း**

ဒုတိယပိုင်းတွင်လည်း ပွဲချိန်အများစုကို မန်စီးတီးအသင်းကသာ ထိန်းချုပ်ကစားနိုင်သော်လည်းဂိုးသွင်းယူမှုကို ပီအက်စ်ဂျီအသင်းကသာ ပြုလုပ်နိုင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် အမ်ဘတ်ပီ၏ ဖန်တီးမှုမှတစ်ဆင့် လီယွန်နယ် မက်ဆီက သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါဂိုးသည် ပီအက်စ်ဂျီအသင်းအတွက် ပထမဆုံးဂိုးဖြစ်သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၂၁ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မက်ဆီသည် ဘာစီလိုနာအသင်းမှ ထွက်ခွာပြီးနောက် ပီအက်စ်ဂျီအသင်းအတွက် လေးပွဲမြောက်တွင်မှ ဂိုးသွင်းယူနိုင်ခြင်းလည်း ဖြစ်သည်။

**အဆုံးသတ်သေချာအနိုင်ရ**

ယနေ့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် မန်စီးတီးအသင်းထက် ဂိုးကန်သွင်းမှုအားနည်းခဲ့သော်လည်း အဆုံးသတ်ပိုင်းသေချာသည့်အတွက် ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် လာမည့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၃ ရက်တွင် ရင်းနက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန်စီးတီးအသင်းက ခါးသီးပြိုင်ဘက် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အခြားပွဲစဉ်ရလဒ်**

အခြားသောပွဲစဉ်ရလဒ်များတွင် အေဂျက်စ်က ဘက်ရှီးတပ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ရက်တာဒိုးနက်နှင့် အင်တာမီလန်တို့ပွဲမှာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ကလပ်ဘရုဂ်က လိုက်ပ်ဇစ်ကို နှစ်ဂိုး-တစ်ဂိုး၊ လီဗာပူးက ပေါ်တိုအသင်းကို ငါးဂိုး-တစ်ဂိုး၊ အက်သလက်တီကို မက်ဒရစ်အသင်းက အေစီမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

**ရီးရဲမက်ဒရစ်ရှုံးနိမ့်**

ဒွေါ့မွန်အသင်းက စပို့တင်းလစ္စဘွန်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းက ရှရစ်ဖ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**အောင်ဇော်**

---

## Singha-SAT TDT Phuket 2021 ဂေါက်သီးရိုက်ပြိုင်ပွဲ ရဲထက်အောင် ပူးတွဲတတိယဆုရရှိ

**ရန်ကုန် စက်တင်ဘာ ၂၉**

ထိုင်းနိုင်ငံ Blue Canyon Country Club (Lakes Course) ၌ စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် Singha-SAT TDT Phuket 2021 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ Professional ဂေါက်သီးရိုက် ကစားသမား ရဲထက်အောင် ဝင်ရောက်ယှဉ်ပြိုင်ရာ ပူးတွဲတတိယဆုရရှိခဲ့သည်။

ရဲထက်အောင်သည် ယင်းပြိုင်ပွဲ ပထမနေ့တွင် ၆၉ ချက်၊ ဒုတိယနေ့တွင် ၆၆ ချက်ဖြင့် နှစ်ရက်ပေါင်းရိုက်ချက် ၁၃၅ ချက် ရိုက်ကာ သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက် လျှော့ရိုက်ပြီး


ရဲထက်အောင်၏ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မှု။

အခြား ထိုင်းကစားသမားနှစ်ဦးနှင့်အတူ ပူးတွဲတတိယဆု ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကစားသမား ၉၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင်ထိုင်းနိုင်ငံမှ ကစားသမားများနှင့် မြန်မာနိုင်ငံမှ ရဲထက်အောင်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် Pol KEMARAT (ထိုင်း) က ပထမ၊ Chayodom CHANJARUPHONG (ထိုင်း) က ဒုတိယရရှိပြီး ရဲထက်အောင်နှင့်အတူ Nattapong PUTTA (ထိုင်း) နှင့် Siri SIRICHAROEN (ထိုင်း) တို့က ပူးတွဲတတိယဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ရဲထက်အောင်သည် ထိုင်းနိုင်ငံ၌ ကျင်းပသော Professional အဆင့်ပြိုင်ပွဲများနှင့် ပြည်ပနိုင်ငံများ၌ ကျင်းပသည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ၂၀၁၉ ခုနှစ်ကလည်း Asian Tour မှ ကျင်းပသော ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးကြောင်း သိရသည်။

**ကိုညီလေး**

ဓာတ်ပုံ-Thailand PGA

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၇) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး တင်အောင်မိုး၊ တပ်ကုန်းမြို့ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲတေဇာနှင့် ရဲတပ်ဖွဲ့ဝင်မိသားစု စုစုပေါင်းအင်အား ၇၀ တို့သည် ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့ ငွေတောင်တောရပရိယတ္တိ စာသင်တိုက်အတွင်း မြေဖို့ခြင်း၊ ပေါင်းရှင်းခြင်းစသည့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင်လည်း ရဲတပ်ဖွဲ့ဝင်မိသားစုများက စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။

**တင့်ဇော်ထွန်း**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆိုဂုဏ်ပြု ပုဂံအာနန္ဒာဘုရားကြီးအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး စက်တင်ဘာ ၂၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၇) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၉ ရက်က ပုဂံမြို့ဟောင်းရှိ ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် အာနန္ဒာဘုရားဝင်းအတွင်း ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ညောင်ဦးခရိုင် ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်ကာ ညောင်ဦးမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။ **(ယာပုံ)**



အဆိုပါ အာနန္ဒာဘုရားကြီး ပရိဝုဏ်အတွင်း သန့်ရှင်းရေး စုပေါင်းပြုလုပ်ရာသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်၊ စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်း၊ ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မြအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၆၅ ဦးတို့က စုပေါင်းကာ သန့်ရှင်းရေးပြုလုပ်ကြကြောင်း၊ ဆက်လက်၍ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးဘုရားတို့တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြမည်ဖြစ်ကြောင်းလည်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## ဇန်းမော်မြို့၊ မြဝတီမြို့နှင့် ဝေါမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ဇန်းမော်မြို့ မြို့မရပ်ကွက် ကမ်းနားလမ်းအနီးတွင် မီတုံမျိုးဆန့် မောင်းနှင်ပြီး မီတုံအေဒီဆိုင်းမိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မီတုံအေဒီဆိုင်းမိုင်မှာ ဆိုင်ကယ်ပေါ်မှခုန်ဆင်း၍ တာပိန်မြစ်အတွင်းသို့ ခုန်ချထွက်ပြေးသွားခဲ့သဖြင့် မီတုံမျိုးဆန့်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၆၀ ကို လည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၇ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၃) ရပ်ကွက် ကရင်စာပေ (၅)လမ်း အနီးတွင် မသင်္ကာဖွယ်ရပ်တန့်ထားသည့် ဆိုင်ကယ်တစ်စီးနှင့်အတူ ကျော်နိုင်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅၀ ကိုလည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝေါမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ကားလမ်း၊ မိုင်တိုင်အမှတ်(၈၁/၄)၊ ဒိုက်ဦး-စစ်တောင်းဗျူဟာလမ်းဆုံပူးပေါင်းစစ်ဆေးရေး စခန်းအနီးတွင် ဇင်မင်းဦး မောင်းနှင်လာသည့် PROBOX ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မီတုံမျိုးဆန့် အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**



(၅၇) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး တိုင်း/ခရိုင်/မြို့နယ်အဆင့် အရာရှိ အရာခံ၊ အကြပ်တပ်သား ၂၀၀တို့က စက်တင်ဘာ ၂၉ ရက်တွင် ပုသိမ်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသခံယူနေကြသော လူနာများအတွက် သွေးလှူဒါန်းရာ တိုင်းရဲတပ်ဖွဲ့မှူးကြီး တင်ဇော်ထွန်းက သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား အားဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**ပုသိမ်လှကြည်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ၃၀-၉-၂၀၂၁ရက် (၆၇)နှစ်ပြည့်မြောက် မွေးနေ့ရှင် မြင့်စမ်းရည်အတွက်

- ဒွိဟိတ်(အလောဘ + အဒေါသ) + အမောဟ = တိဟိတ် ပုဂ္ဂိုလ်သာလျှင် ဤဘဝ၌ တစ်ချာန်, တစ်မဂ်, တစ်ဖိုလ် ရနိုင်
- သောတာပန် ဝိသာခါကျောင်းအမကြီး, (ယခု) နိမ္မာနရတိနတ်ဘုံ, သုဒ္ဓါဝါသဖြဟ္မာ ငါးဘုံ = ပေါင်း ခုနစ်ဘဝလွန်လျှင် နိဗ္ဗာန်ဝင်မည်
- သောတာပန်တို့၏ အရည်အချင်း, ထူးခြားချက်များအား နာယူ, ဖတ်ရှု, ကျင့်ကြံနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်-

ချစ်ခင်ပွန်း - ဗိုလ်မှူးကြီး တင့်လွင်(ငြိမ်း)
ချစ်သမီး - မောင်ကြည်ချမ်း-မသက်စုနှင်း
မြေး - ခင်ကြည်ကြည်ချမ်း၊ ဟိန်းသစ်သြဘာ
ချစ်သမီး - မောင်နိုင်ဇာအောင်-မချောစုသန့်
မြေး - တည်ကြည်ကောင်းခန့်၊ ရွှေဝီရအောင်
ချစ်သမီး - မောင်ရဲမင်းလှိုင်-မမေချိုသဲ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း (၃)လမ်း၊ မြေကွက်အမှတ် (၆၁၃)၊ မြေအမျိုးအစားပါမစ်မြေ (အလျားပေ ၄၀xအနံပေ ၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြမြ ၁၂/ဒဂန(နိုင်)၀၁၈၇၉၈ (AG-၁၀၅၀၉၁)ထံမှ အရောင်း အဝယ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်ဦး ၁၂/လသန(နိုင်) ၀၀၅၆၄၂ထံမှ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေခိုင်ဖြိုး ၁၂/အစန(နိုင်)၀၁၄၂၇၃ သည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော(စာရွက်စာ တမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက် ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာလင်း (LL.B)
အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄/၂၀၀၆
အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၂၆၄၁၉၉၂၈၈

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ လ ၃၀ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ လ(၁)ရက်နေ့တွင် ကျင်းပမည့်(၃၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"ထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၁၆၁,၂၀၂) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၁၆၁၂.၀၂၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၁၂၈.၄၁၄) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀) ကို ပြန်လည်ချီးမြှင့် ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၅) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၆) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၇) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၃၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါ ဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ်ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၃၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၁၀-၂၀၂၁) ရက်နေ့ (သောကြာနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ကျောက်တံတားမြို့နယ်ရှိ အောင်ဘာ လေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်းလုပ်ငန်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လအတွင်း)တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်း များအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက် မည့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ် ပါသည်။

- **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် (ပစ္စည်းတင်ဒါ-လုပ်ငန်းတင်ဒါ)** - ၁၁-၁၀-၂၀၂၁ရက် (တနင်္လာနေ့)
- **တင်ဒါလျှောက်လွှာ နောက်ဆုံး ရောင်းချမည့်ရက်/အချိန် (ပစ္စည်းတင်ဒါ-လုပ်ငန်းတင်ဒါ)** - ၂၈-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့)
- **ပစ္စည်းတင်ဒါလျှောက်လွှာ(P.O) တင်သွင်းရမည့်ရက်/အချိန်** - ၂၈-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့)
- **ပစ္စည်းတင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁-၁၁-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၉:၃၀နာရီ
- **လုပ်ငန်းတင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်/အချိန် (P.O အပါအဝင်)** - ၈-၁၁-၂၀၂၁ရက် (သောကြာနေ့) ညနေ ၄ နာရီ
- **လုပ်ငန်းတင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** -(ထပ်မံ၍ အသိပေးကြေညာပါမည်။)
- **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - တိုင်းဒေသကြီးညွှန်ကြားရေးမှူး၊ (မြို့ပြ)ရုံးတွင် ကတ္တရာ ဘိလပ်မြေ/ သံချောင်း/ သစ်/ ဒီဇယ် လျှောက်လွှာများကိုသာရောင်းချမည်ဖြစ်ပြီး ကျန် ပစ္စည်းများအား သက်ဆိုင်ရာ ခရိုင်/ အထူးအဖွဲ့ ရုံးများတွင် လျှောက်လွှာ များ ရောင်းချမည်ဖြစ်ပါသည်။ (လုပ်ငန်းတင်ဒါလျှောက်လွှာများအား တိုင်း/ခရိုင် လမ်းဦးစီးဌာနရုံးများ တွင် ရောင်းချပါမည်။)
- **အိတ်ဖွင့်တင်ဒါ(ပစ္စည်း)ဖွင့်လှစ်မည့်နေရာ** - တိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၁၁-၁၀-၂၀၂၁ ရက်မှ ၂၈-၁၀-၂၀၂၁) ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| ညွှန်ကြားရေးမှူး(မြို့ပြ)လမ်းဦးစီးဌာန၊ ပဲခူးမြို့ | - ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၀၅၂-၂၂၂၁၅၂၃ |
| ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)လမ်းအထူးအဖွဲ့(၁၅)ပြည်မြို့ | - ဖုန်း-၀၉-၄၂၃၆၈၇၃၃၂ |
| ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)တံတားအထူးအဖွဲ့(၉)၊ပဲခူးမြို့ | - ဖုန်း-၀၉-၄၂၂၅၆၅၇၃၅ |
| ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့ | - ဖုန်း-၀၉-၄၅၀၀၀၅၅၆၆ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးပဲခူးခရိုင် | - ဖုန်း-၀၅၂-၂၂၂၁၄၉၄ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ငူခရိုင် | - ဖုန်း-၀၅၄-၂၃၇၂၅၊ ၀၅၄-၂၃၆၉၅ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သာယာဝတီခရိုင် | - ဖုန်း-၀၅၅-၃၀၀၇၃ |
| လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်ခရိုင် | - ဖုန်း-၀၅၃-၂၄၂၄၂ |

**လုပ်ငန်းတင်ဒါနှင့်ပစ္စည်းတင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## အများသိစေရန်ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ နယ်မြေ (၁၄)၊ ရမ်ပူရပ်ကွက်၊ အိမ်အမှတ်-၁၁၉၆နေ ဒေါ်တင်တင်ညို ၈/နမန(နိုင်)၁၂၉၄၆၉ (ဘ)ဦးသိန်းအောင်၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ (၁၄)၊ အိမ်အမှတ် (၂၅၁၆) နေသူ ဦးဘင်းဗဟာဒူး ၁/မကန(နိုင်)၁၀၁၀၃၃နှင့် မြစ်ကြီးနားမြို့၊ ရမ်ပူ ရပ်ကွက်နေသူ ဒေါ်တင်တင်ညို ၈/နမန(နိုင်)၁၂၉၄၆၉နေသူတို့ ၃၁-၈-၂၀၁၉ ရက်က အောက်ပါမြေကွက်နှင့် ဦးပိုင်ကို စရန်ပေးအရောင်းအဝယ်ပြုလုပ်၍ ကျန်ရှိပေးချေရန်ရှိသောငွေများကို အလီလီအပြီးတိုင် ပေးချေပြီးဖြစ်ပါသည်။ မြေကွက်နှင့် ဦးပိုင်မှာ-

ပိုင်ရှင်ဖြစ်သူ ဦးဘင်းဗဟာဒူး၏ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ဦးပိုင်-၇/၂၊ ကွင်းအမှတ်-၂၀ခ/၁၊ မျက်နှာစာပေ (၉၀)x အနံပေ(၂၅၀/၅၂ ၁/၂/၁၇၀ ၁/၂)ရှိ ဦးဘင်းဗဟာဒူး အမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို နှစ်ဦးနှစ်ဖက်သဘောတူအရောင်းအဝယ် ပြုလုပ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်တင်တင်ညို**
**၈/နမန(နိုင်)၁၂၉၄၆၉**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းမြတ် (B.A.Hist.H.GP)**
**အထက်တန်းရှေ့နေ (စဉ်-၁၉၁၀၁)**
**မြို့သစ် (၆၄)၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၀၀၀၃၅၃၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5157, Toyota Hilux Surf S/W (4x4)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်မာသေး ၇/ပခန(နိုင်)၁၁၃၅၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/7109, Toyota Mark II Gx100 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်စင်အေး ၁၂/လမန(နိုင်) ၀၀၉၉၂၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5248, Toyota Prius HB ယာဉ်လက်ဝယ်ရှိသူ ဦးရဲထက်ဦး ၁၂/ ဒဂန(နိုင်)၀၀၂၀၉၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ မိဇ္ဈိမရွာအကွက်၊ ဦးပိုင်အမှတ်(က/၁၈၉)၊ မြေချိန်ရေိယာ (၀ဒသမ ၂၀၈)ကေရှိ ဦးဦးဘိုးသိန်း၊ ဦးဘိုမောင်ကြီး၊ ဦးမောင်ထွန်းကျော်၊ ဦးညိုလှဖြူတို့ (၄) ဦး အမည်ပေါက် ဘိုးဘပိုင်(B)၊ မြို့မြေအား ဦးဘိုမောင်ကြီး ကွယ်လွန်သွားသဖြင့် ၎င်း၏ဇနီး ဒေါ်မခင်က အမွေဆက်ခံလျက်ရှိ၍ အဆိုပါမြေအား ဦးဦးဘိုးသိန်း၊ ဒေါ်မခင်၊ ဦးမောင်ထွန်းကျော်၊ ဦးညိုလှဖြူ တို့(၄)ဦးအမည်သို့ မြေအမည်ပြောင်းလဲရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မခင်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွက်) ဒီဇယ်ဆီ (High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ (Premium High Speed Diesel) နှင့် ဓာတ်ဆီ (Octane-92) တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂-၁၁-၂၀၂၁ ရက် (၁၃:၀၀)နာရီ နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဗိုလ်တထောင်မြို့နယ်တွင် (၁-၁၀-၂၀၂၁) ရက်မှစ၍ (၂၉-၁၀-၂၀၂၁) ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၄၉၆)၊ အကျယ်အဝန်း ၀ ဒသမ ၀၅၅ ဧက၊ ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၉၆)၊ မြတ်မင်္ဂလာလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်အေးမွန်သန်း ၉/ကပတ(နိုင်)၀၁၁၈၆၅ အမည်ပေါက်ပြီး ၎င်းမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ရောင်းချခဲ့သဖြင့် ၎င်းအိမ်နှင့်မြေကို နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မိုးနန္ဒာအောင် ၁၂/ဒဂဆ(နိုင်)၀၀၆၄၄၈ မှ မိမိသာလျှင် ပိုင်ဆိုင်ရောင်းချခွင့်ရှိ၍ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**လင်းသန့်-အိမ်ခြံမြေ ဥပဒေရုံးခန်း**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/3455, Mitsubishi Canter FE508B L/T (4 x 2) (R)ယာဉ်လက်ဝယ်ရှိသူ ဦးတင်သိန်း ၁၂/ကတန (နိုင်)၀၁၇၆၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ဇီဝကပန်းခြံ(၃)လမ်း၊ အမှတ်(၁၃၈/က)၊ မြေအကျယ်ပေ(၂၀ x ၆၀)၊ ၀ ဒသမ ၀၂၇ ဧကရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမောင်မောင်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းနှင့်အတူ အဆက်အစပ်စာချုပ်များဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းထိုက် ၁၂/သဃက(နိုင်)၀၂၂၁၅မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီး နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ ရောင်းချရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝတ်ရည်ဝင်း ၁၂/သဃက(နိုင်)၁၈၀၃၀၀မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာလုံလောက်သော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ယခုကြော်ငြာပါပြီး ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်စုဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၇၃၁)**
**အမှတ်(၉/D)၊ ကမ္ဘာ့ဌာန်းကျောင်းလမ်း၊ ဘိုကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၃၈၂၂၃၁၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၃၄၂

| | | |
|---|---|---|
| ဦးဝင်းမြင့် | နှင့် | ဦးချစ်စိန် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၂)ရပ်ကွက်၊ ၁၀/တောင်၊ သလ္လာဝတီ(၈)လမ်းအနောက်၊ အမှတ် ၉၇၂/ခနေ ဦးချစ်စိန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်အား တရားဝင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် အောက်တိုဘာ ၁၂ရက်(၁၃၈၃ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်၊ ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မြင့်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် (၁၇)ရှိ (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ်(ခြေရင်းဘက်)အကျယ်အဝန်း (၁၂ ၁/၂ x ၅၅)ပေရှိ တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၁၂/တတန(နိုင်)၀၀၀၄၁၁ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းဝင်းမေအေး ၁၃/ တကန(နိုင်)၂၆၆၈၂၃က လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန်းဝင်းမေအေး** | **ဦးချမ်းမြေ့ဝင်း(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၆၉၇/၃၀-၇-၂၀၁၉)** |
| | **အမှတ်(၂)၊ ဖွံ့ဖြိုးရေး(၅)လမ်း၊** |
| | **အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊** |
| | **ဖုန်း-၀၉-၄၂၀၁၂၇၇၅၈၊ ၀၉-၉၆၇၂၄၉၂၆၆** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

